www.burmeseclassic.com

မိတ်ဆွေစာပေ

# စိတ်ချမ်းသာသူ
# ဖြစ်စေဖို့အတွက်
## လိုက်နာရမည့်နည်းလမ်းများ

BURMESE CLASSIC .com

အရှင်သောဘိတ (ဓမ္မရတနာ)



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၇ ဖေဖော်ဝါရီလ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၅၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ချယ်ရီမေ |
| ကွန်ပျူတာ | - | ချယ်ရီမေ |
| အတွင်းဖလင် | - | ADORN၊ |
| ထုတ်ဝေသူ | - | ဦးချစ်ညွန့် (၀၀၃၇၄)<br>ဇင်ရတနာစာပေ<br>၂၀၅၊ က/၄ လမ်း၊ မြို့သစ်<br>(က+ခ)ရပ်ကွက်၊ အင်းစိန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျော်မင်းစိုး(မြဲ-၀၀၄၅၉)<br>စိုးမေတ္တာပုံနှိပ်တိုက်<br>အမှတ်(၁၇)၊ ၅၆ လမ်း<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

အရှင်သောဘိတ(ဓမ္မရတနာ) ၃၉၈.၂
စိတ်ချမ်းသာသူဖြစ်စေဖို့အတွက် လိုက်နာရမည့်နည်းလမ်းများ/
အရှင်သောဘိတ(ဓမ္မရတနာ)၊ ရန်ကုန်၊
ဇင်ရတနာစာစောစာပေ၊ ပထမအကြိမ်၊ ၂၀၁၇။
၂၁၂-စ၊ ၁၂ × ၁၈ စင်တီ

www.burmeseclassic.com

www.burmeseclassic.com

# စိတ်ချမ်းသာသူ ဖြစ်စေဖို့အတွက် လိုက်နာရမည့်နည်းလမ်းများ

အရှင်သောဘိတ (မွေ့ရတနာ)

www.burmeseclassic.com

www.burmeseclassic.com

# ပန်းကြားလွှာ

ဤစာနိဒါန်း၊ ပုလဲပန်းဖြင့်
စိတ်ကြမ်းမာန်လျော့
ကျွန်ကန်တော့ကာ
တောင်းပန်ပါ၏၊
ကဝိသူတော်
ပညာကျော်တို့
ခွင့်တော်အပြစ်
လွှတ်စေသော်...။

(သာကီနွယ်)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အမှာစကား | ၅ |
| ၂။ | သီတဂူဆရာတော်နှင့် အမှတ်တမဲ့ဒါနများ | ၉ |
| ၃။ | မြတ်ဗုဒ္ဓ၏ ဘောဂဗေဒ | ၂၀ |
| ၄။ | ဗုဒ္ဓအလိုတော်ကျ နေနည်း | ၂၄ |
| ၅။ | စိတ်ချမ်းသာသူဖြစ်ဖို့ လိုက်နာရမည့်နည်းလမ်းများ | ၂၇ |
| ၆။ | အချိန်မရတာလား၊ အချိန်မသုံးတာလား | ၃၁ |
| ၇။ | ငယ်ရွယ်စဉ်မှာ ဘာကြောင့်တရားအားထုတ်သင့်တာလဲ | ၃၅ |
| ၈။ | ယုတ်နိမ့်သူ၏စိတ်ထား | ၃၇ |
| ၉။ | ဘာကြောင့် ဘုန်းကြီးလို့ ခေါ်တာလဲ . | ၄၁ |
| ၁၀။ | ကိလေသာဆိုတာ | ၄၄ |
| ၁၁။ | မြတ်ဗုဒ္ဓကိုယ်တိုင် ခံစားရသောဝိပါက်တော်များ | ၅၀ |
| ၁၂။ | မိန်းမတို့၏ မာယာများ | ၅၉ |
| ၁၃။ | မိန်းမအမျိုးအစားများ | ၆၇ |
| ၁၄။ | ခေတ်မှာ ဟော်ကိုင် ဘာကြောင့်ထားတာလဲ | ၇၅ |
| ၁၅။ | သတ္တဝါများအကြောင်း သိကောင်းစရာများ | ၈၀ |
| ၁၆။ | ဧတဒဂ်ဘွဲ့ရ မဟေသီများ | ၈၄ |
| ၁၇။ | လိုက်နာကျင့်သုံးစရာ ဩဝါဒကထာများ | ၉၄ |
| ၁၈။ | လောကီရေးရာ မင်္ဂလာများ | ၁၀၀ |


www.burmeseclassic.com

www.burmeseclassic.com


၁၉။ သာသနာ့ခါလံသမိုင်း ၁၀၄

၂၀။ ဧဘားဆိုတာ ၁၀၉

၂၁။ မဟား ၇ မျိုး ၁၁၂

၂၂။ ခံမှုပုံများ ၁၁၆

၂၃။ ရဟန်းသာမဏေတို့လူတို့ခါးမဖြူလုပ်ပေးသင့်သောအရာများ ၁၁၉

၂၄။ ဓာရဏပရိတ်တော် ဘုရားဟောတော်လား ၁၂၂

၂၅။ ဓာရဏပရိတ်ပေါ်ပေါက် ၁၂၆

၂၆။ ဓာရဏပရိတ်အနက် ၁၂၉

၂၇။ ဓမ္မပွဲတွေနဲ့ တဏှာ ၁၃၉

၂၈။ ဘုရားရှင်လက်ထက် မြေမျိုခံရသူများ ၁၄၃

၂၉။ ပုထုဇဉ်ဆိုတာ ၁၄၈

၃၀။ ရဟန်းနှင့် ပရိတ် ၁၅၁

၃၁။ ခံမှုရသင့်သူနှင့် မရသင့်သူ ၁၆၄

၃၂။ ဘောင်းမြှုတို့ ဖွတ်ဆိုးနိုင်သူများ ၁၇၁

၃၃။ ဗြိုဟ်ဿဉ်ဆိုသည် ခံသယ်နည်း ၁၇၄

၃၄။ သင်္ကန်းခံဓိဋ္ဌာန် ၁၉၇

၃၅။ ဆွမ်းကပ်ပြီးမှ ကိုင်သင့်၊ မကိုင်သင့် ၂၀၀

၃၆။ ဘုန်းတော်ဆိုတာ ခံလိုခံလျှော့ရှိတာလား ၂၀၅

၃၇။ သာသနာတည်စေကြောင်းများ ၂၁၀


www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

ညီလေးရေ ...

အမှာစာ ရေးလေ့ရေးထ နည်းပါးလေ့ ရှိသူတစ်ယောက်ဖြစ်လို့ အခုအမှာစာကို ပေးစာသဘောလေး ရေးပါရစေ။

ညီလေးရေ ...

ညီလေးရေးတဲ့ စာတွေကို ဖတ်ဖြစ်တဲ့အခါတိုင်း ညီလေးရဲ့ 'စာရေးအားနှင့် စာဖတ်အား'ကို ချီးကျူးမိတာလည်း အခါခါပါပဲ။

ညီလေးက 'စာတွေရေးပါဦး'တု ခဲဏခဏတိုက်တွန်းပေမယ့် တရားဟော၊ တရားပြ၊ ကျောင်းတိုက်တည်ထောင်ခြင်းဆိုတဲ့ အမျိုးမျိုးသော ခေါင်းစဉ်တွေအောက်မှာ အရင်လို စာသိပ်မရေးဖြစ်တော့ပါဘူး။

ဒါပေမဲ့

တရားနာပရိသတ်တွေ၊ တရားစခန်းဝင် ယောဂီတွေကို မြတ်ဗုဒ္ဓရဲ့ ဓမ္မတွေကို တဆင့်ဖြန့်ဖြူးခြင်းဟာလည်း 'ဘာသာရေး



www.burmeseclassic.com

www.burmeseclassic.com



စာပေရေးခြင်းတစ်မျိုး'ဟု ကိုယ့်ဘာသာ အမည်တပ်ပြီး ဖြည့်တွေး ပေးနေရတော့တာပါပဲ။

ညီလေးရေ ...

ခဏခဏတွေးမိတဲ့ အတွေးတစ်ခုရှိတယ်။

အဲဒါကတော့ 'ဓမ္မဒူတ ဆရာတော်ကြီး' အကြောင်းကို တွေးပြီး အားကျကြည်ညိုတာပါ။

ညီလေးသိတဲ့အတိုင်းပဲ ဓမ္မဒူတဆရာတော်ကြီးဆိုတာ 'တရားဟောတယ်၊ တရားပြတယ်၊ စာရေးတယ်၊ စာချတယ်' ဒီလိုအလုပ်တွေကို အချိန်ပြည့်လုပ်ဆောင်ခဲ့ခြင်းကြောင့်လည်း ဒီနေ့ အချိန်အထိ သာသနာ့သမိုင်းမှာ 'ဓမ္မဒူတနွယ်ဖွား'တွေဟာ ပရိယတ္တိ နယ်ပယ်မှာကော၊ ပဋိပတ္တိနယ်ပယ်မှာ ထင်ရှားစွာ ရှိနေတာပါ။

ဆရာတော်ကြီး စာပေတွေဆိုရင်လည်း အမြဲတမ်းခေတ်မှီ နေခဲ့တယ်။ (ညီလေးတောင်မှ ဒီစာအုပ်မှာ ဆရာတော်ကြီးရဲ့ စာတစ်ပုဒ်ကို ဓမ္မဒါန ပြုထားသေးတာပဲ)

ဆရာတော်ကြီးရဲ့ သာသနာတော်အတွက် လုပ်ဆောင်ခဲ့မှု များကို အားကျအတုယူခဲ့ပေမယ့်လည်း လက်တွေ့ဘဝထဲမှာတော့ သိပ်ပြီးအရာမထင်သေးပါဘူး။ ဆက်ပြီးကြိုးစားရဦးမှာပဲ။

ညီလေးရေ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရောက်ရာ နယ်ပယ်ကနေ ကိုယ်ဝါသနာပါတဲ့ လမ်းကြောင်းကနေ ဓမ္မစာပေတွေကို တတ်နိုင်သလောက် ဖြန့်ဖြူးပေးနေတာကို ဝမ်းသာပါတယ်။

ဆက်ပြီးလုပ်ဆောင်ပါဟု တွန်းအားပေးရင် ဒီအမှာစာ (ပေးစာ)ကို အဆုံးသတ်ပါရစေ။

နှောင်တော်

ရွှေကန်ဆရာတော်

အရှင်ဩဘာသိရီ - ၂၀၁၇

သာသနာပြု နယ်လှည့်ဓမ္မကထိက



www.burmeseclassic.com

www.burmeseclassic.com

ဝင်ငွေမရှိသေးလို့ မိဘတွေကို

ဘာမှပြန်ပြီးမပေးဆပ်နိုင်သေးဘူးလို့

သင့်ကိုယ်သင် မမှတ်ယူလိုက်ပါနဲ့

အနည်းဆုံးတော့

မိဘတွေရဲ့ စိတ်နှလုံးချမ်းမြေ့သွားအောင်

ပြုံးပြနိုင်တဲ့စွမ်းရည် သင့်မှာရှိတယ်။

(ဓမ္မနုဒိ အရှင်ဉာဏိက)



www.burmeseclassic.com

www.burmeseclassic.com

# သိတဂူဆရာတော်နှင့် အမှတ်တမဲ့ဒါနများ

(၁)

ညည့်ခန်းအတွင်းမှာ ဆရာတော်ကြီးရှိနေတာကို တွေ့ရတော့ ဝမ်းသာသွားတယ်။ ဒါပေမဲ့ ခုန်နေတဲ့ရင်ကတော့ တည်ငြိမ်မှုကို တည်ဆောက်လို့မရသေးပေ။

ညည့်သည်တွေ ရှိနေသေးသဖြင့် 'ဝင်တွေ့လို့ မဖြစ်သေးပါဘူး' ဆိုကာ အတွင်းကို မဝင်သေးဘဲ ခဏစောင့်နေလိုက်တယ်။ ဆရာတော်ကြီးနှင့် စကားပြောနေသော ညည့်သည်တွေကလည်း 'ဆရာဝန်တွေ၊ သူဌေးတွေ'ဆိုတဲ့ ပညာတတ် ပိုက်ဆံရှိ အသိုင်းအဝိုင်းတွေဆိုတော့ သူတို့က 'လှူဖို့နှင့်ကူဖို့'လာကြတာ။

"ငါကတော့"



www.burmeseclassic.com

www.burmeseclassic.com



ဆက်တွေးရမှာကိုပင် အားမလို အားမရ ဖြစ်မိတယ်။ သူတို့က လှူသူ၊ ကိုယ်က ယူဖို့လာသူဆိုတော့ လှူတဲ့သူကို ဦးစားပေးရမယ်ဆိုတဲ့ အသိစိတ်ကလည်း ဆရာတော်ရှေ့ကို ဝင်ရောက်ဖို့ တွန့်ဆုပ်နေခဲ့မိတယ်။

"ဆရာတော်ကြီးကလွဲပြီး ငါ့ကိုကူညီနိုင်မယ့်သူကလည်း ဒီလောကမှာ မရှိလောက်ပါဘူး"

ဟု အားငယ်နေသော အတွေးစကို ဖြည့်တွေးပြီး စိတ်ထဲမှာလည်း ဘုရားဂုဏ်တော်တွေ ပွားလိုက်၊ ဆရာတော်ကြီးကို ရည်မှန်းပြီးတော့ မေတ္တာတွေပို့သလိုက်နဲ့ သူ့နှလုံးသားဟာ တည်ငြိမ်မှုတွေ ကင်းဝေးနေခဲ့တယ်။

ဧည့်သည်တချို့ ပြန်ထွက်သွားတော့ သူတို့နှစ်ပါး ဆရာတော်ကြီးရှေ့ကိုဝင်ပြီး ဦးချလိုက်တယ်။ နာရီကို လှမ်းကြည့်လိုက်တော့ နံနက် (၁၀)နာရီပင် ခွဲတော့မယ်။ ဒါဟာ နေ့ဆွမ်းစားချိန် နီးနေပြီဆိုတာကိုပါ အလိုလိုတွေးမိလိုက်တယ်။

ဦးသုံးကြိမ်ချပြီးတာနဲ့ ...

(၂)

"ဘာလျှောက်စရာရှိလို့လဲ မြန်မြန်လျှောက်ပါ"

ပိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဩဇာသံပြည့်ဝလှသော ကမ္ဘာ့သာသနာပြု ဆရာတော်ကြီးရဲ့ အသံက ပေါ်ထွက်လာတယ်။

"မှန်ပါဘုရား၊ တပည့်တော်က ဘိုကလေးကပါဘုရား။ နှလုံးရောဂါခွဲစိတ်ကုသဖို့ အခက်အခဲရှိလို့ ဆရာတော်ထံမှ အကူအညီ လာတောင်းတာပါ"

"ဆေးစာရွက်တွေပါလား"

ဆရာတော့်မေးခွန်းက သူ့ကို ဝမ်းသာသွားတယ်။

"ပါတယ်ဘုရား"

ဟု လျှောက်ရင် အသင့်ယူလာတဲ့ စာရွက်တွေကို ဆရာတော်ကြီးကို ကပ်ဖို့လုပ်တော့ ဆရာတော်ကြီးက ...

"မြတ်သူ ကြည့်လိုက်ပါဦး"

အနားမှာရှိတဲ့ အသားဖြူဖြူ ခပ်ဝဝ ဒကာတစ်ဦးက စာရွက်တွေယူပြီး အသေးစိတ် ဖတ်ကြည့်ပါတယ်။

(နောက်မှသိရတာက အာရှတော်ဝင်ဆေးရုံမှ ဒေါက်တာ မြတ်သူပါ)

သူက အသေအချာကြည့်ပြီး ...

"ဆရာတော်ဘုရား ဒီကိုယ်တော်လေးရဲ့ နှလုံးရောဂါက အမြန်ဆုံးခွဲစိတ်ကုသဖို့ လိုနေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်းဆေးရုံမှာ ကုလို့ရလား"

"မရဘူးဘုရား၊ တပည့်တော်ဆေးရုံမှာ နှလုံးခွဲစိတ်တဲ့ စက်တွေ မရှိပါဘူး။ အဲဒါတွေက ရန်ကုန်ဆေးရုံကြီးမှာရှိတာ၊ ဆေးရုံကြီးတက်မှ ရမယ်ဘုရား"

နောက် သူတို့ရဲ့ လိပ်စာတွေ မေးပြီး ဆေးရုံတက်ဖို့ လုပ်ခိုင်းပါတယ်။ လိုအပ်တဲ့ စာကိုလည်း ရေးပေးပြီး၊ အမြန်ဆုံး ဆေးရုံတက်ဖို့ ဝတ္ထုငွေကိုပါ လှူဒါန်းလိုက်ပါတယ်။ ဆေးရုံကြီးမှာ ခွဲစိတ်ကုသမှုအတွက် ကုန်ကျစရိတ်အားလုံးကို တာဝန်ယူမယ်ဟု ပြောကာ မိမိတို့ကို ပြန်ခိုင်းခဲ့ပါတယ်။

သူတို့နှစ်ပါး ပြန်လာတော့ (၁၁)နာရီပင် မထိုးသေးပေ။

## (၃)

ရောဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့ဆိုတာ မြစ်ဝကျွန်းပေါ် ဒေသက နယ်မြို့လေးတစ်မြို့ပါ။ တစ်မြို့လုံးလူဦးရေက သုံးသိန်း ဝန်းကျင်ရှိပါတယ်။

မြို့လေးရဲ့ အဓိက စီးပွားရေးက စပါးစိုက်ပျိုးမှုနှင့် ငါး၊ ငါးပိစတဲ့ ရေထွက်ပစ္စည်းများကို တင်ပို့ရောင်းချတာပါ။

သူက အဲဒီမြို့လေးမှာ ကျောင်းထိုင်ဘုန်းကြီးအဖြစ် သာသနာ



www.burmeseclassic.com

www.burmeseclassic.com



ပြုနေတာ သိပ်ပင်မကြာသေးပါဘူး။ ကျောင်းထိုင်နှစ်က သိပ်မကြာသေးလို့ အသိ ဒါယကာ၊ ဒါယိကာမက သိပ်မရှိသေးခင်မှာပဲ နှလုံးရောဂါ ဖြစ်လာပါတယ်။

မြို့လေးမှာရှိတဲ့ ဆရာဝန်တွေဆီမှာ ပထမကုသပြီး နောက်တော့ ဆရာဝန်တွေက ရန်ကုန်မြို့က နှလုံးရောဂါ အထူးကုဆရာဝန်တွေနဲ့ ပြကြည့်ပါဦးဟု ဆိုသဖြင့် ရန်ကုန်က ဆရာဝန်များနဲ့ ပြသလိုက်၊ ဆေးသောက်လိုက် လုပ်နေခဲ့ပါတယ်။

ဒါပေမဲ့

ရောဂါက မသက်သာလာတဲ့အပြင် ပိုပြီးတော့ ဆိုးဝါးလာခဲ့ပါတယ်။ နောက်တော့ ဆရာဝန်ကို အသေအချာ မေးကြည့်တော့ ခွဲစိတ်ကုသမှ ပျောက်ကင်းမယ်။ မခွဲစိတ်ဘဲထားရင် မကြာခင်မှာ အသက်အန္တရာယ်ကိုပါ ထိခိုက်လာနိုင်ပါတယ်တဲ့။

ဒီစကားလုံးများက သူ့ရင်ဘတ်ကို မွန်းကြပ်မှုတွေ တွန်းပို့လိုက်သလို ရင်ဘတ်ထဲမှာ နာဂစ်မုန်တိုင်း ဝင်လာသလိုပါပဲ။

နှစ်ပေါင်းများစွာ နှလုံးသားဦးနှောက်အတွင်းကို မြတ်ဗုဒ္ဓရဲ့ မေတ္တာဖြင့် ဖြတ်သန်းလာခဲ့ရပေမယ့်လည်း 'သေခြင်းတရား'ဟူသော အသံကိုကြားတော့ ခန္ဓာနဲ့တစ်သားတည်းမဖြစ်တည်ခဲ့တဲ့ ဓမ္မတွေက သူ့စိတ်ကို တည်ငြိမ်အောင် မဖန်တီးနိုင်ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမလဲ"

ဒီမေးခွန်းက သူ့ရဲ့သန်းခေါင်ယံ အိပ်မက်တွေကို ဖြိုချ ဖျက်ဆီးလိုက်တယ်။

ဒီလိုနဲ့

ရန်ကုန်က ဆရာဝန်တွေထံကိုသွားပြီး ခွဲစိတ်ကုသပါက ဘယ်လောက်အထိ ကုန်ကျစရိတ် ရှိလဲဟု မေးမြန်းတဲ့အခါမှာ တော့ ဆရာဝန်ထံက ထွက်ပေါ်လာတဲ့ ငွေကြေးဆိုင်ရာ ကိန်းဂဏန်း တွေက မီးလောင်ရာ လေပင့်လိုက်သလိုပဲ။

သူ့ကို ပစ္စည်းလေးပါးထောက်ပံ့နေသည့် ဒကာ၊ ဒကာမတွေ လှူဒါန်းနိုင်သော အကူအညီနှင့် သူ့ထံမှာရှိသော ငွေကြေးတွေကို သန့်စုနည်းလမ်းအရ ပေါင်းစပ်ကြည့်ပေမယ့် ခွဲစိတ်ကုသဖို့ ငွေကြေး ရဲ့ ၁၀ ပုံ ၂ ပုံပင် မပြည့်။

"ဘယ်လိုလုပ်ရမလဲမသိဘူးဘုရား"

သီတင်းသုံးဖော်တွေကို တိုင်ပင်မိတယ်။ ဘဝတူ သီတင်း သုံးဖော်တွေကလည်း သူ့ဝေဒနာကို စာနာနားလည်ပေမယ့်လည်း ဂဏန်းရှစ်လုံးနီးပါးရှိတဲ့ ဝတ္ထုငွေရှိဖို့ သူတို့မှာလည်း ပေးစရာ အကြံမရှိပေ။ နောက်ဆုံးမှာတော့ ...

"သီတဂူဆရာတော်ထံ အကူအညီတောင်းကြည့်ရင်"



www.burmeseclassic.com

www.burmeseclassic.com



"..........."

(၄)

သီတဂူဆရာတော်ဆိုတာ ကမ္ဘာကျော်၊ နိုင်ငံကျော် တကယ့်သာသနာပြု ပုဂ္ဂိုလ်မြတ်ကြီးပါ။

တိုင်းပြည်အနှံ့မှာ ဆေးရုံတွေဆောက်တယ်၊ တက္ကသိုလ်တွေဖွင့်တယ်၊ ရေတွေလှူတယ်၊ ဆန်တွေလှူတယ် စသည် စသည်အားဖြင့် ဒါနပေါင်းများစွာဖြင့် အသားကျနေသော ဆရာတော်ကြီး။

ဆရာတော်ကြီးနှင့်ပတ်သက်ရင် ဆရာတော်ရဲ့ တရားတွေနာယူဖူးတာရယ်၊ ဆရာတော် ပြုဖူးသောဒါနတွေကို သာဓုခေါ်ဖူးတာလွဲပြီး သူ့လိုသာမညရဟန်းတစ်ပါးအနေဖြင့် ဘယ်လိုမှ ဆက်စပ်လို့မရတဲ့ အနေအထားပါ။

ဒါပေမဲ့

အလွန်နီးစပ်သော အကြောင်းတရားကို 'ပဒ္ဌာန်'ဟု စာပေမှာ ဆိုပါတယ်။ ဒါဆိုလျှင် သူနဲ့ဆရာတော်ကြီးနဲ့ ပတ်သက်ပြီး ပဒ္ဌာန်က နှစ်ခုပဲရှိပါတယ်။

အဲဒါကတော့ ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းဖြစ်တော့ သီတဂူဆရာတော်ကြီးက နာဂစ်ဒဏ်သင့်ကျောင်းတွေကို အလှူဒါနပြုစဉ်က



www.burmeseclassic.com

www.burmeseclassic.com



နာဂစ်ဒဏ်သင့်ကျောင်းအနေဖြင့် အလှူပစ္စည်းနှင့် ငွေလက်ခံဖူးတာရယ်၊ ဘိုကလေးမြို့မှာ ဆရာတော်ကြီးရဲ့ သာသနာပြုကျောင်းတိုက်ရှိတာ ဒါပဲရှိတယ်။

"မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးထံမှာ အကူအညီတောင်းတာ ငါ့အတွက် အကျိုးမယုတ်လောက်ပါဘူး"

ဟူသော အတွေးဖြင့် သူ့အသက်ကို ကယ်တင်ဖို့ သီတဂူဆရာတော်ထံ အကူအညီသွားတောင်းခဲ့တာပါ။ မြင့်မြတ်သူဆိုတော့ ၁ည်း တကယ်ဒုက္ခရောက်နေသူကို မမြင်ဖူး၊ မကြားဖူး၊ မသိဖူးပေမယ့် မျက်ကွယ်မပြုခဲ့ပေ။

ဒီလိုနဲ့

(၅)

သီတဂူဆရာတော်ဘုရားကြီးရဲ့ ထောက်ပံ့ကူညီမှုကြောင့် ရန်ကုန်ဆေးရုံကြီးမှာ နှလုံးကိုခွဲစိတ်ပြီး စက်တပ်ထားခဲ့တယ်။ ခွဲစိပ်မှုအားလုံးလည်း အောင်မြင်ခဲ့တယ်။

'သီတဂူဆရာတော်ဘုရားကြီး ထောက်ပံ့လှူဒါန်းထားသောတပည့်'ဟူသော သီတင်းစကားများကြောင့် ဆေးရုံကြီးအတွင်းမှာ သူတို့အဆင်ပြေချောမွေ့စွာ နေခဲ့ရတယ်။ ဆရာတော်ကြီးရဲ့ ကြီးမား



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ပြန့်သော မေတ္တာကြောင့်လည်း သူ့ရဲ့ရောဂါက ပျောက်ခဲ့တယ်။

ချုပ်ဆိုရလျှင်

သိတဂူဆရာတော်ကြီးရဲ့ ကြီးမားသော ကျေးဇူးတရားကြောင့် သူ လူ့ဘဝမှာ အသက်ဆက်လက် ရှင်သန်ခွင့် ရရှိခဲ့ပါတော့တယ်။

(၆)

သိတဂူဆရာတော်ကြီးရဲ့ သီလ၊ သမာဓိ၊ ပညာတွေကို သူ့အနေဖြင့် ချီးကျူးဖို့ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ နှစ်ပေါင်းများစွာပြုခဲ့သော ဒါနထုထည်တွေကိုလည်း တိုင်းတာကာ မဖော်ပြနိုင်ပါဘူး။

(တကယ်ဆိုရင် သူက သိတဂူဆရာတော်ကြီးကို မဆိုထားဘိ သိတဂူအသိုင်းအဝိုင်းများနဲ့ပါ နီးစပ်မှုမရှိတဲ့သူတစ်ယောက်ပါ)

ဒါပေမဲ့

ဆရာတော်ကြီးရဲ့ သမိုင်းမှတ်တမ်းကျန်ရစ်နေသော ထင်ရှားသော အမှတ်တရ(မှတ်မှတ်ရရ) ရေအလှူ၊ ဆေးရုံအလှူစသော ဒါနတွေကို တမျက်နှာတွေပေါ်က သိရ၊ မြင်ရ၊ ကြည်နူးခဲ့ရတာ အကြိမ်ကြိမ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သီတဂူဆရာတော်ကြီး ပြုခဲ့ဖူးသော အမှတ်တမဲ့ ဒါနတွေကလည်း ဘယ်လောက်များပြီလဲဆိုတာကိုတွေးပြီး ကြည်ညို နေခဲ့မိတယ်။ အဲဒီ အမှတ်တမဲ့ ဒါနတွေထဲမှာ သူကဲ့သို့ (အလှူခံရသူအတွက်) ဘဝတစ်ခုလုံး ပြောင်းလဲသွားနိုင်သော အလွန်ကြီးမားသော ဒါနတွေလည်း အများကြီးရှိမယ်ဆိုတာကို ခွင်းချက်မရှိ ယုံကြည်နေမိတယ်။

တချို့ကိစ္စတွေဆိုတာ ပြုလုပ်စဉ်က (ပြုလုပ်သူက) အမှတ်တမဲ့ဆိုပေမယ့် ပြုလုပ်ခံရသူအတွက်ကတော့ အမှတ်တရတွေပါပဲ။ ကုသိုလ်ပဲဖြစ်ဖြစ်၊ အကုသိုလ်ပဲဖြစ်ဖြစ် ဘယ်လိုပင် အမှတ်တမဲ့ ပြုနေပါစေ၊ အကျိုးပေးချိန်တန်ရင်တော့ မှတ်မှတ်ရရ အကျိုးပေးနေမှာပါ။

(၇)

သူ့နှလုံးသား (စက်အားကိုးဖြင့်) တစ်ချက်ခုန်တိုင်း သူက ဆရာတော်ကြီးကို ဦးချနေဆဲ ...။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

စိတ်ကို

သမထဘာဝနာနဲ့ ဆေးကြောရင်

အပေါ်ယံ သန့်ရှင်းတယ်၊

ဝိပဿနာနဲ့ ဆေးကြောပါမှ

အတွင်းထဲမှာပါ

သန့်ရှင်းသွားတယ်။

(သီတဂူဆရာတော်)



www.burmeseclassic.com

www.burmeseclassic.com

# မြတ်မုနိ၏ ဘောဂဗေဒ

ဗုဒ္ဓအလိုတော်ကျ အောင်မြင်ချင်၊ ချမ်းသာချင်တယ်၊ ကြီးပွား တိုးတက်ချင်တယ်ဆိုပါက အောက်ပါအချက်လေးချက်ကို ပြည့်ဝ အောင် ဆောင်ရွက်ရမယ်တဲ့၊ အဲဒါတွေကတော့...

၁။ ဥဋ္ဌာနသမ္ပဒါ

ကိုယ်လုပ်တဲ့ လုပ်ငန်းနဲ့ပတ်သက်ပြီးတော့ ကြိုးကြိုး စားစား တက်တက်ကြွကြွ လုပ်ကိုင်ဆောင်ရွက်ခြင်းမျိုးကို ဥဋ္ဌာနသမ္ပဒါဟု ခေါ်ပါတယ်။

အဖြောင့်ဘာသာပြန်ဆိုရရင်တော့ 'ကြိုးစားမှ အောင်မြင် မယ်'ဟု ဆိုလားခြင်းပါ။

ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



သတိထားပြီး သိထားရမယ့် အရာတစ်ခုကတော့ ကြိုးစားတိုင်း မအောင်မြင်ပါဘူး။ နည်းစနစ်တကျ၊ မှန်ကန်စွာ ကြိုးစားအားထုတ်မှသာလျှင် အောင်မြင်မှာပါ။

ဘာကြောင့်လဲဆိုပါက လူတစ်ယောက် လမ်းလျှောက်တယ် ဆိုပါစို့၊ လမ်းလျှောက်ခြင်းဆိုတာ 'ကြိုးစားခြင်း' ကို ကိုယ်စားပြုပါတယ်။ ဒီမှာ တွေးစရာရှိတာက အစမ်းလမ်းလျှောက်တိုင်း ကိုယ်လိုချင်တဲ့ ပန်းတိုင် (နေရာ)ကို မရောက်ပါဘူး။ မှန်တဲ့လမ်းကို လျှောက်မှ ကိုယ်သွားချင်တဲ့ နေရာ ရောက်မှာပါ။

ဒီတော့

အောင်မြင်ချမ်းသာတဲ့ အနေအထားကို ရောက်ရှိစေဖို့ ကြိုးစားပြီး လုပ်ရမယ်။ အဲဒီလိုကြိုးစားတဲ့အခါမှာလည်း ဘယ်လိုကြိုးစားရမလဲဆိုပါက

(က) ဒက္ခ - လုပ်ငန်းကျွမ်းကျင်မှုရှိရမယ်၊

(ခ) အနုလသ - ဇွဲကောင်းမှုရှိရမယ်၊

(ဂ) ဥပါယပိမံသ - နည်းပညာရှိရမယ်၊

အထက်ပါသုံးချက်နှင့် ညီညွတ်စွာဖြင့် ကြိုးစားမှသာလျှင် အောင်မြင်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၂။ အာရက္ခသမ္ပဒါ

မိမိကြိုးစားပြီး လုပ်ဆောင်သဖြင့် ရရှိလာသော ဥစ္စာများကို (အောင်မြင်မှုများကို) ထိန်းသိမ်းစောင့်ရှောက်ခြင်းကို အာရက္ခသမ္ပဒါဟု ခေါ်ပါတယ်။

ဥစ္စာပစ္စည်းနဲ့ အောင်မြင်မှုဆိုတာ ကိုယ့်မှာ ရရှိလာအောင် ပြုလုပ်ရတာလည်း လွယ်ကူမှုမရှိသလို၊ ရရှိသောပစ္စည်းကို တည်မြဲအောင် ဆောင်ရွက်တာလည်း မလွယ်ကူပေ။

မလွယ်ကူဘူးဆိုတာ အရမ်းကြီးခက်ခဲနေတာကို ဆိုလိုတာ မဟုတ်ပါဘူး။ ရှာထား၊ ရထားတာကို ထိန်းသိမ်းစောင့်ရှောက်မှု မရှိရင် မအောင်မြင်၊ မကြီးပွားနိုင်ဘူးဆိုတာပါပဲ။

## ၃။ ကလျာဏမိတ္တာ

စီးပွားရေးနဲ့ပတ်သက်ပြီး အကြံပေးနိုင်သူ၊ အကျင့်စာရိတ္တကောင်းသူ၊ အသိပညာရှိတဲ့သူ၊ ယုံကြည်ရသူ စသောမိတ်ဆွေကောင်းများရှိခြင်းကို ကလျာဏမိတ္တာဟု ခေါ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေကောင်း မရှိပြန်ရင်လည်း အောင်မြင်၊ ကြီးပွားမှု ဆိုတာ မလွယ်ကူဘူး။

## ၄။ သမဇီဝိတာ

ရလာတဲ့ စည်းစိမ်ဥစ္စာ၊ ကိုယ်ထုတ်လုပ်တဲ့ပစ္စည်း၊ မိမိရဲ့ ဝင်ငွေထွက်ငွေနဲ့ ပတ်သက်လာပါက စာရင်းဇယား နိုင်နိုင်မာမာရှိပြီး ဝင်ငွေထွက်ငွေ မျှတအောင် လုပ်ဆောင်ခြင်းကို သမဇီဝိတာဟု ခေါ်ပါတယ်။

ဝင်ငွေနည်းပြီး ထွက်ငွေများရင်၊ ကုန်သင့်တာ မကုန်ဘဲ မကုန်သင့်တာတွေ ကုန်နေရင်လည်း မအောင်မြင်ပါဘူး။

ဒါကြောင့်

အောင်မြင်ချင်သူတွေဟာ အထက်ပါလေးချက်နဲ့ညီအောင် နေရမယ်လို့ ဘုရားကဟောထားခြင်းပါ။

(အင်္ဂုတ္တိုရ်၊ ဒီဃဇာဏုသုတ်)

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓအလိုတော်ကျနေနည်း

မြတ်စွာဘုရားရှင်က တရားတော်ကို ခက်ခက်ခဲခဲကြီး မဟောဘူး၊ လူတွေမသိနိုင်တာကို မဟောပါဘူး။ လူတွေ သိနိုင်တာကိုပဲ ဟောခဲ့တာ။

စားရင်း၊ သောက်ရင်း နိဗ္ဗာန်ရောက်အောင်ဟောခဲ့တာ၊ ပြောခဲ့တာ ဗုဒ္ဓမြတ်စွာဘုရားပဲရှိတယ်။

စားတတ်ရင် နိဗ္ဗာန်၊ မစားတတ်ရင် အပါယ်ငရဲ။
လောဘနဲ့စားရင် ပြိတ္တာစား၊
ဒေါသနဲ့စားရင် ငရဲစား၊
မောဟနဲ့စားရင် တိရစ္ဆာန်စားတဲ့။
ဒါကြောင့် သတိနဲ့စားဖို့ လိုရင်းပဲ
သတိထားနေဖို့ အရေးကြီးတယ်။

www.burmeseclassic.com

www.burmeseclassic.com



လုပ်တာကတော့ ဘာအလုပ်ပဲဖြစ်ဖြစ် အမှုမဲ့၊ အမှတ်မဲ့၊ မဖြစ်စေနဲ့။ အမှတ်မဲ့ရင် မောဟပဲ။ အမှတ်မဲ့ရင် အလကားနေရင်းနဲ့ မစားရမသောက်ရဘဲနဲ့ အမှုရောက်နေတယ်။

အမှတ်မဲ့ရင် အမှုရောက်ပြီးသားပဲ။

လောဘအမှုရောက်ရင် ပြိတ္တာဖြစ်မယ်။

ဒေါသအမှုရောက်ရင် ငရဲ၊

မောဟအမှုရောက်ရင် တိရစ္ဆာန်၊

သတိထားနိုင်မှ ဒီသုံးခု လွတ်တယ်တဲ့။

ဒါတွေကတော့ ရွှေဥမင်ဆရာတော်ကြီး ညွှန်ပြခဲ့တဲ့ လူ့လောကမှာ နေထိုင်နည်းတွေပါပဲ။

ဒီတော့

လူ့ဘဝမှာ တန်ဖိုးရှိအောင် နေထိုင်တတ်ဖို့ဆိုပါက ဘယ်တော့မှ အမှတ်တမဲ့ မနေသင့်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဝိပဿနာတရား ထွန်းကားတဲ့တိုင်းပြည်မှာ

ဝိပဿနာတရား အားမထုတ်တဲ့သူတွေဟာ

ရွှေတိဂုံဘုရားခြေရင်းမှာရှိတဲ့

ဘုရားကြီးကို ကျောခိုင်းထားတဲ့

ခြင်္သေ့ကြီးနဲ့တူပါတယ်။

(ရွှေတောင်ကုန်းဆရာတော်ကြီး)

မိုးတော်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

# စိတ်ချမ်းသာသူဖြစ်စေဖို့ လိုက်နာရမည့် နည်းလမ်းများ

လူဟာ စိတ်ချမ်းသာမှုမရှိရင် လူ့ဘဝမှာနေရတာ အဆင်မပြေပါဘူး။ စိတ်ချမ်းသာမှသာလျှင် နေရတာ အဆင်ပြေမှာပါ။

အောက်မှာဖော်ပြထားတဲ့ အချက် (၂၀)ဟာ စိတ်ချမ်းသာမှုကို အထောက်အကူဖြစ်စေသော အရာတွေပါ။ မူရင်းရေးသူရဲ့ နာမည်ကိုတော့ မတွေ့လို့ မဖော်ပြနိုင်ပေမယ့် အချက်အလက်တွေကို ဘာသာရေးရှုထောင့်က လေ့လာကြည့်သောအခါမှာ ကျင့်သုံးလိုက်နာသင့်တယ်ဟု ယူဆသဖြင့် ဖော်ပြလိုက်ပါတယ်။

၁။ စိတ်တိုတတ်သော အလေ့အကျင့်ကို ပယ်ဖျောက်၍ သည်းခံတတ်အောင် အလေ့အကျင့် လုပ်ထားပါ။



www.burmeseclassic.com

www.burmeseclassic.com



၂။ မကောင်းမြင်ဝါဒကို စွန့်လွှတ်လိုက်ပါ။
၃။ သံသယကို စိစစ်ပါ။
၄။ စိတ်နာကြည်းခြင်း၊ အုံပုန်းထခြင်း မရှိပါနှင့်။
၅။ အပြစ်တင်ဝေဖန်ခြင်းကို ဝမ်းမြောက်စွာ လက်ခံပါ။
၆။ သနားကြင်နာတတ်သောစိတ်ကို မွေးမြူပါ။
၇။ ခွင့်လွှတ်တတ်အောင် လေ့ကျင့်ထားပါ။
၈။ တစ်ဖက်သားအပေါ် နားလည်ပါ။
၉။ စာနာစိတ်ကို လက်ကိုင်ထားပါ။
၁၀။ ပြုပြင်ပြောင်းလဲနိုင်ပါစေ။
၁၁။ စိတ်လှုပ်ရှားမှုများကို ထိန်းသိမ်းပါ။
၁၂။ မျက်နှာကို အမြဲပြုံးထားပါ။
၁၃။ မငြင်းခုန်ပါနဲ့။
၁၄။ အနီးကပ်ဆုံးရန်သူနှင့် ငြိမ်းချမ်းစွာလက်တွဲပါ။
၁၅။ မိမိဖြစ်ချင်သလို ဖြစ်လာရမည်ဟု တရားသေ တွက် မထားပါနှင့်။
၁၆။ ဘယ်သူမပြု မိမိမှုသာဖြစ်သည်ဟု နားလည်လက်ခံပါ။
၁၇။ အရှိအတိုင်း လက်ခံပါ။



www.burmeseclassic.com

www.burmeseclassic.com



၁၈။ ဘဝ၏ ပျော်ရွှင်ချမ်းမြေ့ခြင်းဟူသည် အပြင်ကလာသည်မဟုတ်၊ အတွင်းက ဖြစ်ပေါ်လာသည့် အရာသာ ဖြစ်ကြောင်း သဘောပေါက်ထားပါ။

၁၉။ မိမိကိုယ်တွင် စိတ်တိုင်းမကျ မကျေနပ်မှုများ ဖြစ်လာလျှင် မိမိကိုယ်ကို ဝေဖန်ဆန်းစစ်ပါ။

၂၀။ သတိရှိပါစေ။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

တရားအလုပ်ဆိုတာ

စိတ်ကောင်းရှိဖို့လုပ်တာပါ။

စိတ်ကောင်းရှိမှ

ကောင်းတာလုပ်မိမယ်။

ကောင်းတာလုပ်မှ

ကောင်းတဲ့ဘဝရောက်မှာပေါ့။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

# အချိန်မရတာလား
# အချိန်မသုံးတာလား

တစ်ဝိုက်တစ်ယောက်ကို တရားအားထုတ်ဖို့ တိုက်တွန်းလိုက်တဲ့ အခါတိုင်း များသောအားဖြင့် ပြန်ကြားတဲ့ စကားတစ်ခွန်းက တော့ 'အချိန်မရလို့' ဆိုတာပါပဲ။

စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေး စသော အမျိုးမျိုး သော ခေါင်းစဉ်တွေအောက်က အကြောင်းတရားများကို ဖော်ပြ ပြီးတော့ မအားသေးလို့တူသော စကားကိုပြောကြတာပါ။

ဒီတော့

ဒီစကားကို အသေအချာစဉ်းစားကြည့်ပါက အချိန်ဆိုတာ မရတာလား၊ အသုံးမချတာလားဆိုတာကို ကွဲကွဲပြားပြား မသိဖို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတာပဲ ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ လူဟာ ဘယ်လောက်ပင် အလုပ်တွေ ရှုပ်နေပါစေ မျက်နှာသစ်ချိန်၊ ထမင်းစားချိန်၊ အဝတ်လဲချိန်၊ အိပ်ချိန်ဆိုပြီး မဖြစ်မနေပေးလိုက်ရတဲ့ (မဖြစ်မနေ ပေးကိုပေးရမယ့်) အချိန်ဆိုတာ ရှိပါတယ်။ အဲဒီလိုအချိန်တွေမှာ တရားအလုပ်ကို အားထုတ်လို့ရပါတယ်။

ဥပမာအားဖြင့်

မျက်နှာသစ်နေတဲ့အချိန်မှာ မေတ္တာဘာဝနာပွားများလို့ ရပါတယ်။

"ဒီရေအေးမြသလို သတ္တဝါတွေ အေးမြပါစေ" တု ဆိုပါက မေတ္တာဘာဝနာ ဖြစ်ပါတယ်။

တကယ်လို့ အဲဒီအချိန်မှာ ဘုရားဂုဏ်တော်တစ်ခုခုကို ပွားများလိုက်မယ်ဆိုပြန်ရင်လည်း 'ဗုဒ္ဓါနုဿတိ ဘာဝနာကုသိုလ်' ရသွားတာပါပဲ။

တကယ်လို့ ကိုယ့်မှာ ဝိပဿနာအခံရှိရင် မျက်နှာသစ်ရင်း အနိစ္စသဘောကို ရှုမှတ်လို့ရပါတယ်။

ဒီတော့

အချိန်မအားလို့ တရားအလုပ်ကို မလုပ်ဖြစ်ဘူးဆိုတဲ့ စကား



www.burmeseclassic.com

www.burmeseclassic.com



တာ မဖြစ်သင့်ပါဘူး၊ ရှိတဲ့အချိန်ထဲက တရားအတွက် အချိန်မပေး လို့သာ အချိန်မရတာပါ။

အချိန်ရမှသာ တရားအားထုတ်ရမယ်ဆိုရင် 'ဘယ်အချိန် ဆိုတာ' မသေချာတဲ့အတွက် အဲဒီအချိန်မတိုင်ခင် သေသွားရင် ဘယ်လို လုပ်ကြမလဲ?

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

အနေလည်းကောင်း၊ စိတ်လည်းကောင်း၍
ကောင်းကောင်းပညာတတ်မှသာ
ငါဟာကြီးပွားမည်။
အနေမကောင်း၊ စိတ်မကောင်း၍
ကောင်းကောင်းပညာ မတတ်ပါ
ငါဟာ ဆုတ်ယုတ်မည်။

(ရွှေဥမင် ဆရာတော်)

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ယယ်ရှယ်စဉ်မှာ ဘာကြောင့် တရားအားထုတ်သင့်တာလဲ

ရွှေဥမင်ဆရာတော်ကြီးက

ယယ်ရှယ်သူများ ဘာသာရေး လိုက်စားသင့်သလား၊ လိုက်စား သင့်ပါသည်။ စောစောစီးစီး ဘာသာရေးလိုက်စားလျှင် ဘာသာရေး ကပေးမည့် အကျိုးစီးပွား ကျေးဇူးများကို စောစောစီးစီး ရတာပေါ့။ ဘာတွေပေးမည်လဲ။

၁။ ပညာပေးမယ်။

၂။ သတ္တိပေးမယ်။

၃။ ယုံကြည်မှုပေးမယ်။

၄။ ငြိမ်းချမ်းမှုပေးမယ်။

ဟု ဟောထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ငယ်ရွယ်စဉ်အချိန်မှာ တရားနဲ့ ကင်းကွာပြီး စီးပွားရေးစသော အရေးကိစ္စများကို ဆောင်ရွက်ပါက အောင်မြင်တော့ အောင်မြင်မယ် ငြိမ်းအေးမှု စသည်မရှိပါဘူး။

နောက်တစ်ချက်က လူဟာ အသက်အရွယ် ကြီးရင့်လာတာနဲ့အမျှ အသိဉာဏ်တွေ ရော့ရဲလာပါတယ်။ ကျန်းမာရေးတွေ ခေါင်းပါးလာပါတယ်။

ဒီလို အိုတဲ့အချိန်ကြမှ တရားအလုပ်ကို စတင်လုပ်ဆောင်မယ်ဆိုပါက အခက်အခဲတွေ အများကြီးရှိနိုင်ပါတယ်။

တကယ်တော့

တရားဆိုတာ

လတ်ဆတ်တဲ့ အရွယ်မှာ

လန်းဆန်းသော စိတ်ဖြင့်

လောလောလတ်လတ် အားထုတ်ရင်

ပိုပြီးအကျိုးပေးသန်တယ်ဆိုတာပါပဲ ...

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# ယုတ်နိမ့်သူ၏ စိတ်ထား

'တ္တသာ' ဆိုတာ ပါဠိစကားလုံးပါ။

'တ္တသာ' ကို မြန်မာဘာသာဖြင့် ပြန်ဆိုတဲ့အခါမှာ 'မနာလိုခြင်း' ဟု တိုက်ရိုက်အနက်ထွက်ပါတယ်။ ဘာကိုမနာလိုတာလဲဟု ထပ်မံပြီး အဓိပ္ပါယ်ဖွင့်ဆိုရင်တော့ သူများရဲ့ ကောင်းကွက်များကို မနာလိုခြင်း၊ သူများချမ်းသာ အောင်မြင်တာကို မနာလိုခြင်းဟု အဓိပ္ပါယ်ရပါတယ်။

သူတစ်ပါး ချမ်းသာတာ၊ ကြီးပွားတာ၊ အောင်မြင်တာ၊ ကျော်ကြားတာ နောက်ဆုံး အဆင်ပြေပြေနေနိုင်တာကို မြင်၊ ကြား၊ သိပြီး မနာလိုဖြစ်တာဟာ တ္တသာပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို တွာသာစိတ်ထားရှိသူဆိုတာ အတော်လေးကို စိတ်ဓာတ်အဆင့်အတန်း နိမ့်ကျပါတယ်။

ဘာကြောင့်လဲဆိုပါက သူ့လုပ်ရပ်၊ သူ့ကံကြောင့် ဖြစ်တည်နေတာကို ကိုယ်က မနာလိုဖြစ်နေရင် ကိုယ်အတွက်အကုသိုလ်က လွဲပြီး ဘာတစ်ခုမှ မရပါဘူး။

ဥပမာအားဖြင့်

ကြက်မွေးပြီး ချက်စားရင် အကုသိုလ်ဖြစ်ပေမယ့် ကြက်သား တော့ စားရသေးတယ်။ သူတစ်ပါး မနာလိုသူကတော့ အကုသိုလ် ဖြစ်တာခြင်းအတူတူ ဘာမှ မစားရ၊ မသောက်ရဖြစ်တဲ့ အလကား အကုသိုလ်ပါ။

တချို့က 'ဒီလိုစိတ်ထားမရှိ'ဟု မိမိကိုယ်ကို ဖြည့်တွေးပြီး ဖြေသိမ့်ပါတယ်။

တကယ်စဉ်းစားကြည့်ရင် မပျောက်သေးတာ တွေ့ရမှာပါ။ 'သူ့ရှိတာ ဘာဂရုစိုက်ရမှာလဲ'ဆိုတဲ့ အတွေးမျိုး ဝင်လာရင်ပင် တွာသာစိတ် မကင်းသေးဘူးဆိုတာကို ဖော်ပြတာပါပဲ။

တကယ်တမ်းရှိနေရမှာက သူတစ်ပါး အဆင်ပြေ ချမ်းသာ တာ မြင်ရင် ဝမ်းသာရမယ်၊ ကြည်နူးရမှာ ဖြစ်ပါတယ်။ ဒီလိုစိတ် မဖြစ်ပေါ်သေးဘူးဆိုရင်တော့ 'တွာသာစိတ်' ရှိသေးတယ် ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



လှစ်ပြလိုက်တာပဲ။

ဒါကြောင့်

အလွန်အောက်တန်းကျတဲ့ ဣဿာစိတ်ကို မိမိသန္တာန်မှာ မရှိပါစေနဲ့။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

နားလည်မှုပေးလိုက်တယ်ဆိုတာ

သူ့ရဲ့ မှားတဲ့လုပ်ရပ်ကို

ခွင့်လွှတ်ပေးတာဖြစ်သလို

ကိုယ့်စိတ်ကိုလည်း

အနှောင့်အယှက်တွေ မဝင်အောင်

တားဆီးလိုက်တာပါ။





www.burmeseclassic.com

www.burmeseclassic.com

# အာစရိယ ဘုန်းကြီးလို့ ခေါ်တာလဲ

ဘုရားသားတော် သံဃာတော်အရှင်သူမြတ်များကို 'ရှင်သာမဏေ၊ ရဟန်း'ဟူပြီး ခေါ်ကြလေ့ရှိပါတယ်။

တချို့ကြတော့လည်း ရဟန်းတော်များကို 'ဦးဇင်း'ဟု ခေါ်လေ့ရှိကြပါတယ်။ ရဟန်းဆိုတာ "အရဟန္တ"ဟူသော ပါဠိပုဒ်မှတဆင့် 'ရဟန်း'ဟု အဆင့်ဆင့် ပြောင်းလဲခေါ်ဝေါ်ခြင်းဖြစ်ပြီး 'ဥပ္ပသမ္ပန္န' ဟူသော ပါဠိစကားလုံးမှ 'ဦးပဇင်း' ဖြစ်လာတာပါ။

ဒါဆိုလျှင်

'ဘုန်းကြီး'ဆိုတာရော ပါဠိစကားလုံးရှိသလားဟု မေးစရာရှိပါတယ်။ ဒီနေရာမှာ 'ဘုန်းကြီး'ဟု ဆိုတာနဲ့ ကျောင်းထိုင်ဆရာတော်ကို ခေါ်ဆိုတာ မဟုတ်ပါဘူး။ သာသနာအတွင်းမှာ နေထိုင်ကြတဲ့ ပုဂ္ဂိုလ်အားလုံးကို ကိုယ်စားပြုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးဆိုတာ ပါဠိစကားလုံးက ဆင်းသက်လာတာ မဟုတ်ပါဘူး၊ မြန်မာစကားမှ တွဲစပ်ဖြစ်တည်လာတာပါ။ ဘုန်းကို ကံနဲ့တွဲစပ်ပါက 'ဘုန်းကံကြီးသူ' ဆိုတာ ဖြစ်လာပါတယ်။

ဒီလိုပါပဲ

ဘုရားသားတော် သံဃာတော်အရှင်မြတ်များအနေဖြင့် မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော ဝိနည်းတရားတော်နဲ့အညီ နေထိုင်ပြီး၊ မြတ်ဗုဒ္ဓအလိုတော်ကျ တရားဓမ္မများကို ကျင့်ကြံကြမယ်ဆိုရင် အဲဒီသံဃာကို လှူဒကာ၊ ဒကာမတွေကလည်း ကြည်ညိုကြမှာပါ။

ကြည်ညိုဆည်းကပ် ကိုးကွယ်သူတွေ များလာရင် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတွေက ပြည့်စုံနေမှာဖြစ်လို့ အဲဒီရဟန်းကို ဘုန်းကြီးဟု ခေါ်ဆိုတာပါ။

(ခြွင်းချက်အနေအားဖြင့် တချို့သော သံဃာတော်များအနေဖြင့် ရှေးဘဝက ဒါနပါရမီနည်းခဲ့သောကြောင့် ဒီဘဝမှာ ဘုန်းကံမကြီးတာတွေလည်း ရှိတတ်ပါတယ်)

◆ ◆ ◆ ◆ ◆

မိုးသောက်သူ စာပေ

www.burmeseclassic.com

www.burmeseclassic.com

အချိန်ဆိုတာ
လူတစ်ယောက်ကို
တစ်ခါပဲ အခွင့်အရေးပေးတယ်၊
ကိုယ်ရတဲ့အချိန်ကို
မြင့်မြတ်သူတွေကသုံးတယ်
နိမ့်ကျသူတွေက
ဖြုန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ကိလေသာဆိုတာ

'ကိလေသာ'ဆိုလိုက်တာနဲ့ များသောအားဖြင့် မေထုန်နှင့် စပ်သောအရာကိုသာ ပြေးမြင်ကြပါတယ်။

မဟုတ်ပါဘူး။

ကိလေသာဆိုတာ ...

ပူပန်စေတတ်၊ နှိပ်စက်တတ်၊ ညစ်နွမ်းစေတတ်၊ ညစ်ညူးစေတတ်သော တရားများကို ကိလေသာဟု ခေါ်ပါတယ်။

လူဟာ အောက်မှာဖော်ပြတဲ့ အရာတွေရှိနေပြီဆိုရင် မိမိတို့ရဲ့ ကိုယ်၊ စိတ်၊ နှလုံးတွေဟာ ပူလောင်နေမယ်၊ ညစ်နွမ်းနေမယ်၊ ငြိမ်းအေးမှု မရှိပါဘူး။

ကိလေသာက မျိုးစုံရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



**ကိလေသာ ၂–မျိုး**

၁။ လောကဝဋ္ဋ – ခုစရိုက်ဆယ်ပါးကို လွန်ကျူးခြင်း။

၂။ ပဏ္ဏတ္တိဝဋ္ဋ – ဝိနည်းသိက္ခာပုဒ်ပညတ်တော်ကို လွန်ကျူးခြင်း။

**ကိလေသာ ၃–မျိုး**

၁။ အနုသယကိလေသာ (မဂ်ဖြင့်ပယ်သတ်ရမယ်)

၂။ ပရိယုဋ္ဌာနကိလေသာ (သမာဓိဖြင့် ထိန်းချုပ်ရမယ်)

၃။ ဝီတိက္ကမကိလေသာ (သီလဖြင့် တားမြစ်ရမယ်)

**ကိလေသာ ၈–မျိုး**

၁။ ကလဟ – ငြင်းခုန်ခြင်း။

၂။ ဝိဂ္ဂဟ – ခိုက်ရန်ဖြစ်ခြင်း။

၃။ ပရိဒေဝ – ငိုကြွေးခြင်း။

၄။ သောက – စိုးရိမ်ပူပန်ခြင်း။

၅။ မစ္ဆရိယ – နှမြောဝန်တိုခြင်း။

၆။ မာန – ထောင်လွှားမာန်မူခြင်း။

၇။ အတိမာန – အလွန်ထောင်လွှားမာန်မူခြင်း။

၈။ ပေသုည – ချောပစ်ကုန်းတိုက်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



## ကိလေသာ ၁၀-မျိုး

၁။ လောဘ - လိုချင်တပ်မက်ကပ်ငြိခြင်း။

၂။ ဒေါသ - အမျက်ဒေါသထွက်ခြင်း။

၃။ မောဟ - မသိတွေဝေမိုက်မဲခြင်း။

၄။ မာန - မာန်မူခြင်း။

၅။ ဒိဋ္ဌိ - အမှားစွဲယူခြင်း။

၆။ ဝိစိကိစ္ဆာ - ယုံမှားခြင်း၊ မဆုံးဖြတ်နိုင်ခြင်း။

၇။ ထိန - ထိုင်းမှိုင်းပျင်းရိခြင်း။

၈။ ဥဒ္ဓစ္စ - မတည်မငြိမ်ပျံ့လွင့်ခြင်း။

၉။ အဟိရိက - မကောင်းမှုပြုလုပ်ရမည်ကို မရှက်ခြင်း၊ မရွံ့ရှာခြင်း။

၁၀။ အနောတ္တပ္ပ - မကောင်းမှုပြုလုပ်ရမည်ကို မကြောက်မရွံ့ခြင်း။

## ကိလေသာ ၁၇-မျိုး

၁။ လောဘ

၂။ ဒေါသ

၃။ မောဟ



www.burmeseclassic.com

www.burmeseclassic.com



၄။ ကောဓ - အမျက်ထွက်ခြင်း။

၅။ ဥပနာဟ - ရန်ငြိုးဖွဲ့ခြင်း။

၆။ မက္ခ - သူပြုဖူးသော ကျေးဇူးကို ချေဖျက်ခြင်း၊ ကျေးဇူးကန်းခြင်း။

၇။ ပဠာသ - ဖက်ပြိုင်ခြင်း။ (ဂုဏ်တုဂုဏ်ပြိုင်လုပ်ခြင်း)

၈။ ဣဿာ - ငြူစူခြင်း၊ မနာလိုခြင်း၊ သူတစ်ပါး ပျက်စီးစေလိုခြင်း။

၉။ မစ္ဆရိယ - မိမိစည်းစိမ်စသည်ကို လျှို့ဝှက်ခြင်း၊ ဝန်တိုခြင်း။

၁၀။ မာယာ - မိမိ၌ရှိသော အပြစ်ကို လှည့်ပတ် ဖုံးကွယ်ခြင်း။

၁၁။ သာဌေယျ - မိမိ၌ မရှိသောဂုဏ်ကို ဟန်ဆောင် ခြင်း။

၁၂။ ထမ္ဘ - စိတ်ခါတ်ခက်ထန် ကြမ်းတမ်းခြင်း။

၁၃။ သာရမ္ဘ - သူတစ်ပါးကို ပြိုင်ဆိုင်ထိပါး ချုပ်ချယ်ခြင်း။

၁၄။ မာန

www.burmeseclassic.com



၁၅။ အတိမာန

၁၆။ မဒ

အမျိုးဇာတ် စသည်ကိုစွဲကာ မာန်ယစ်မူးခြင်း

၁၇။ ပမာဒ

ကာမဂုဏ်၌ တွယ်တာသဖြင့် ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းတို့ ဖြစ်ပါတယ်။

ကိလေသာတွေရှိနေသေးရင် ပူလောင်နေဦးမယ်တဲ့။ ကိလေသာကုန်အောင် လုပ်ဖို့ဆိုတာတော့ မလွယ်ကူသေးပါဘူး။

ဒါပေမဲ့

နည်းပါးအောင်တော့ လုပ်လို့ရပါတယ်။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

သတိမကွာ

အသိပညာနဲ့ နေခြင်းဟာ

အကောင်းဆုံးနေနည်းပဲ

အကောင်းဆုံးနေသူဟာ

အချိန်မရွေး သေနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

# မြတ်မုနိကိုယ်တိုင် ခံစားရသော ဝိပါက်တော်များ

ဝိပါက်ဆိုတာ

အကုသိုလ်ရဲ့ အပြစ်ကိုပြောတာပါ။

သာမန်ပုဂ္ဂိုလ်တွေမှာလည်း ရှိသလို ဘုရားရဟန္တာတွေမှာလည်း ရှိပါတယ်။ တစ်နည်းအားဖြင့် ဝိပါက်ဆိုတာ အကုသိုလ်ကံကြွင်း၊ ကံကျန်၊ အကြွေးဟောင်းတွေကို ခေါ်တာပါ။

မြတ်စွာဘုရားလောင်း 'နု'စဉ်အခါက ပြုလုပ်ခဲ့သောအရာတွေကို တစ်ဖန်ပြန်ပြီး ပေးဆပ်ရတာဖြစ်ခြင်းကြောင့် 'တော်'ဆိုတဲ့ စကားလုံးထည့်ပြီး 'ဝိပါက်တော်'တု ဆိုခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်နှင့်ပတ်သက်တဲ့ ဝိပါက်တော် (၁၂)ပါး ရှိပါတယ်။ အဲဒါတွေကတော့ ...

၁။ သုန္ဒရီ

တစ်ခါက ဘုရားအလောင်းတော်ဟာ 'မုနာဠိ'ဆိုတဲ့ အရက်သမားတစ်ယောက် ဖြစ်ခဲ့ဖူးပါတယ်။

တစ်နေ့မှာတော့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးဟာ မြို့အပြင်မှာ ဆွမ်းခံကြွဖို့ သင်္ကန်းရုံနေစဉ်၊ အမျိုးသမီး တစ်ဦးက ပစ္စေကဗုဒ္ဓါနားက ဖြတ်သွားတာကို မူးမူးနဲ့မြင်ပြီး "ဒီရဟန်း မေထုန်မှီဝဲတယ် အကျင့်မကောင်းဘူး"လို့ စွပ်စွဲပြောဆိုမိပါတယ်။

အဲဒီရဲ့ အကျိုးဆက်ကြောင့် ဘုရားအဖြစ်သို့ ရောက် တော်မူသောအခါမှာ 'သုန္ဒရီ'လို့ခေါ်တဲ့ မိန်းကလေးက ဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းမှာ ညလာအိပ်ပြီး၊ ကိစ္စ ဖြစ်မှ ရဟန်းတွေကို သတ်ခိုင်းလိုက်သလို စွပ်စွဲခံရပါတယ်။

၂။ လူသတ်

တစ်ခါက ဘုရားအလောင်းတော်ဟာ လူအများလေးစား တဲ့ ဗြဟ္မဏအဆရာကြီး ဖြစ်ခဲ့ဖူးပါတယ်။

တစ်နေ့မှာတော့ အဘိညာဉ်ရ တန်ခိုးရှင်ရသေ့ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



'ကာမဂုဏ်ခံစားသူ'လို့ တပည့်တွေကို ပြောခဲ့ပါတယ်။ တပည့်တွေကလည်း လူအများကို ပြန်ပြောပါတယ်။

အဲဒီရဲ့ အကျိုးဆက်အနေအားဖြင့် 'သုန္ဒရီ'ကို လူသတ်သမားတွေကသတ်ပြီး၊ ဇေတဝန်ကျောင်းအနားမှာ လာထားစဉ်မှာ ဘုရားနှင့် သူ၏တပည့်တွေကပဲ သတ်လိုက်သလို စွပ်စွဲခံရပါတယ်။

၃။ စိဉ္စမာန်

ဘုရားအလောင်းတော်ဟာ 'သဗ္ဗာဘိဘူ' အမည်ရှိတဲ့ ဘုရားပွင့်စဉ်ကာလမှာ လူ့ဘဝကို ရရှိခဲ့ပါတယ်။

တစ်နေ့မှာတော့ အလောင်းတော်ဟာ 'သဗ္ဗာဘိဘူ ဘုရားရှင်'ရဲ့ တပည့်ဖြစ်တဲ့ အရှင်နန္ဒမထေရ်မြတ်ကို အမျိုးသမီးတစ်ဦးနဲ့ စွပ်စွဲခဲ့ပါတယ်။

အဲဒီရဲ့အကျိုးဆက်အားဖြင့် ဘုရားအဖြစ်သို့ ရောက်တဲ့ အခါမှာ 'စိဉ္စမာဏ' မိန်းမက ဘုရားနဲ့ရတဲ့ ကိုယ်ဝန်ဆိုပြီး လူပရိသတ်တွေရှေ့မှာ စွပ်စွဲခံရပါတယ်။

၄။ ကျောက်တုံးစမှန်

ဘုရားအလောင်းတော်ဟာ တစ်ခုသောဘဝမှာတော့ ပစ္စည်းရလိုဇောနဲ့ အဖေတူ၊ အမေကွဲညီကိုသတ်ပြီး ချောက်



www.burmeseclassic.com

www.burmeseclassic.com



ချောက်ကြားကိုပစ်ချပြီး ကျောက်တုံးနဲ့ ကြိတ်ချေခဲ့ဖူးပါတယ်။

အဲဒီအကုသိုလ်ရဲ့ အကျိုးဆက်ကြောင့် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါမှ အရှင်ဒေဝဒတ်ရဲ့ ကျောက်တုံးဖြင့် သတ်ဖြတ်ကြံစည်မှုကို ခံရပြီး ကျောက်စတစ်ခု ခြေကို လာမှန်ခဲ့ပါတယ်။

၅။ ခွေးစိမ်းတည်

တစ်ခါက ဘုရားအလောင်းတော်ဟာ တစ်ခုသော ဘဝမှာ ကလေးသူငယ်အဖြစ်နဲ့ ဆော့ကစားနေခဲ့ပါတယ်။

အဲဒီအချိန်မှာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးက ဆွမ်းခံကြွလာတာကိုမြင်ပြီး 'ဒီရဟန်း ဘယ်ကိုကြွသွားတာလဲ' ဟု ပြောကာ ကျောက်ခဲနဲ့ ပစ်လိုက်ပါတယ်။

အဲဒီအကုသိုလ်ရဲ့ အကျိုးဆက်ကြောင့် ဘုရားအဖြစ်သို့ရောက်ပြီး အရှင်ဒေဝဒတ် ကျောက်တုံးနဲ့ထိစဉ်မှာ ကျောက်စမှန်ပြီး ခြေမကွဲသွားပါတယ်။

၆။ ခွဲစိတ်ခံ

တစ်ခုသောဘဝမှာ အလောင်းတော်ဟာ 'ပဏ္ဍိဝ' လို့ အမည်ရှိတဲ့ ဘုရင်ဖြစ်ခဲ့ပြီး တစ်နေ့မှာတော့ ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို လှံနဲ့ထိုးသတ်ခဲ့ပါတယ်။

အဲဒီအကျိုးဆက်ကြောင့် ခြေမဒဏ်ရာကို ဆရာဇီဝကရဲ့ ခွဲစိတ်မှုကို ခံယူခဲ့ရပါတယ်။

## ၇။ ခေါင်းကိုက်ခြင်း

တစ်ခုသောဘဝမှာ ဘုရားအလောင်းဟာ တံငါသည်တွေ နေတဲ့ရွာမှာ လူလာဖြစ်ပြီး တစ်နေ့မှာတော့ တံငါသည်တွေနဲ့ ငါးရှာထွက်တာကို လိုက်သွားပြီး တံငါသည်တွေ ငါးခေါင်း ထုတာကိုကြည့်ပြီး ဝမ်းသာအားရဖြစ်ခဲ့ပါတယ်။

အဲဒီရဲ့ အကျိုးဆက်ကြောင့် ဘုရားဖြစ်တဲ့အခါ ခေါင်း ခဏခဏကိုက်တဲ့ဝေဒနာကို ခံစားရပါတယ်။

## ၈။ ခါးကိုက်ခြင်း

တစ်ခါက လက်ဝှေ့ကျော်သမားတစ်ယောက် ရှိခဲ့ဖူး ပါတယ်။ သူက ဘယ်သူနဲ့ထိုးထိုး အနိုင်ရပါတယ်။ တစ်နေ့ မှာတော့ အဲဒီလက်ဝှေ့သမားနဲ့ ဘုရားအလောင်းတို့ ယှဉ်ပြိုင် ထိုးသတ်ရာမှာ ဘုရားလောင်းက ပြိုင်ဘက်မဲ့လက်ဝှေ့ကျော် ကို အနိုင်ယူ ထိုးသတ်လိုက်တာ ခါးရိုးကျိုးသွားပါတယ်။

အဲဒီရဲ့အကျိုးဆက်ကြောင့် ဘုရားဖြစ်တဲ့အခါမှာ ခါးကိုက် တဲ့ ဝေဒနာကို ခံစားရပါတယ်။

www.burmeseclassic.com



## ၉။ မုယောဆွမ်း

ဗုဒ္ဓဘုရားရှင်ရဲ့လက်ထက်မှာ ဘုရားအလောင်း တော်ဟာ သံဃာတော်အရှင်မြတ်များကို 'သလေးဆန်ဆွမ်း ကို မစားကြနဲ့၊ မုယောဆွမ်းကိုပဲ စားကြ'ဟု ဆဲရေးခဲ့ ဖူးပါတယ်။

အဲဒီအကုသိုလ်ရဲ့ အကျိုးဆက်ကြောင့် ဘုရားရှင်ဟာ တစ်ခါမှာတော့ ဝေရဉ္ဇပုဏ္ဏားပင့်ဖိတ်လို့ ကြွရောက်သီတင်း သုံးစဉ်မှာ အစာရေစာ ရှားပါးပြီး ကြမ်းရှသော မုယောဆွမ်း ကို ဘုန်းပေးခဲ့ရပါတယ်။

## ၁၀။ ဝမ်းသွေးသွန်ခြင်း

တစ်ခါက ဘုရားအလောင်းတော်ဟာ ဆေးဆရာ ဖြစ်ခဲ့ ဖူးပါတယ်။ တစ်နေ့မှာတော့ ဆေးကုပေးပြီး ငွေကြေး မပေးတဲ့ သူဌေးသားကို ဝမ်းနုတ်ဆေးတွေ တမင်သက်သက် ပေးလိုက်ပါတယ်။

အဲဒီရဲ့အကျိုးဆက်ကြောင့် ဘုရားရှင်ကိုယ်တော်မြတ် ကြီးဟာ ပရိနိဗ္ဗာန်စံတော်မူခါနီးအချိန်မှာ ဝမ်းသွေးသွန်ခဲ့ ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁။ နာဋ္ဌာဂိရိ

တစ်ခုသောဘဝမှာ ဘုရားလောင်းဟာ ပစ္စေကဗုဒ္ဓ အရှင်မြတ်တစ်ပါးကို ဆင်နဲ့တိုက်ခဲ့ဖူးပါတယ်။

အဲဒီအကုသိုလ်ရဲ့ အကျိုးဆက်ကြောင့် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါမှာ ဒေဝဒတ်က နာဋ္ဌာဂိရိဆင်နဲ့ တိုက်သတ်ခြင်းကို ခံရပါတယ်။

## ၁၂။ ခြောက်နှစ်

ကဿပဘုရားရှင်လက်ထက်တော်အခါက ဘုရား အလောင်းတော်ဟာ ပညာတတ်လုလင်တစ်ဦးဖြစ်ခဲ့ပါတယ်။

တစ်နေ့မှာတော့ သူဟာ ကဿပဘုရားရှင်ကိုကြည့်ပြီး 'ဗောဓိဉာဏ်ရဖို့ အရမ်းခက်ပါသလား' ဟူသော ကဲ့ရဲ့သော စကားကို ပြောမိပါတယ်။

အဲဒီရဲ့ အကျိုးဆက်ကြောင့် ဘုရားအဖြစ်ကို ခြောက်နှစ် ကြာအောင် ကျင့်ပြီးမှ ရရှိခဲ့ပါတယ်။

အထက်မှာ ပြဆိုခဲ့တာတွေကတော့ ဘုရားရှင်နဲ့ ပတ်သက် သော ဝိပါက်တော်များကို အကျဉ်းမျှ ရေးသားခဲ့တာပါ။ (အကျယ်ရေးရင် စာအုပ်တစ်အုပ်စာဖြစ်နေမှာပါ)



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့

'ဝိပါက်ကြမ္မာ၊ မလွတ်သာ'ဟူသော စကားအရ မကောင်းသော အမှုအကျင့်များကို ရှောင်ရှားသင့်ပါတယ်။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

သူတစ်ပါးကို အထင်သေးသူက
ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတယ်။
ကိုယ့်ကိုယ်ကို အထင်ကြီးသူက
သူတစ်ပါးကို အထင်သေးတယ်။
အထင်ကြီးခြင်း၊ သေးခြင်းဆိုတာ
နိမ့်ကျတဲ့သူတွေမှာသာရှိတဲ့
စိတ်နေသဘောထားပါ။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

# မိန်းမတို့၏ မာယာများ

၁။ ဝိဇမ္ဘတိ

ယောကျ်ားကိုမြင်လျှင် 'ငါ ဤသို့ပြုပြားအံ့၊ ငါ့ကား တပ်မက်နှစ်သက်လိမ့်မည်'ဟု ယောကျ်ားအပါး၌ ရပ်လျက် ကိုယ်လက်ဆန့်သော အမူအရာကိုပြု၏။

၂။ ဝိနမတိ

ဤငါပြုသောအမှတ်ဖြင့် အခွင့်ရသည်၊ မရသည်ကို ယောကျ်ားသိလိမ့်မည်ဟူ၍ မူလက ချိန်းချက်ထားသည် ဖြစ်စေ၊ မထားသည်ဖြစ်စေ တစ်စုံတစ်ခုသော ဝတ္ထုကို မြေမှကြွအောင်ပြုသကဲ့သို့ မိမိ၏ ကိုယ်လက်ကျောပြင်ကို မြင်အောင်ညွတ်ယောင်ပြု၏။



www.burmeseclassic.com

www.burmeseclassic.com



## ၃။ ဝိလာသတိ

သွားလာ၊ အိပ်၊ ထိုင်၊ လျှောင်းပုံတို့ဖြင့်လည်းကောင်း၊ အတင့်အတယ် တန်ဆာဆင်ခြင်းဖြင့်လည်းကောင်း ယောကျ်ား များအား စွဲမက်အောင် စံပယ်လျှောင်းပျသော အခြင်းအရာကို ပြ၏။

## ၄။ ဝိလင္ဃတိ

ရှက်စနိုးယောင်ပြုလျက် အဝတ်ဖြင့် ကိုယ်လက်ကို ဖုံးလွှမ်းခြင်း၊ နံရံ၊ တိုင် စသည်တို့ကို မှီကပ်၍နေခြင်း စသည်ဖြင့် ရှက်ယောင်ဆောင်၏။

## ၅။ နခေန နခံ ဃဋ္ဋေတိ

ခြေသည်းကို ခြေသည်းခြင်း၊ လက်သည်းကို လက် သည်းခြင်း ခြစ်၍ လှည့်ဖြား၏။

## ၆။ ပါဒေန ပါဒံ အက္ကမတိ

ခြေဖဝါးတစ်ခုဖြင့် ခြေတစ်ခုကို နင်း၏။

## ၇။ ကဋ္ဌေနဝိလေခတိ

သစ်သားတုတ်ချောင်းဖြင့် မြေကိုခြစ်ရေး၏။

## ၈။ ဒါရကံ ဥလ္လင်္ဃတိ

ကလေးသူငယ်ကိုချီ၍ မြှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



၉။ ဥလ္လင်္ဃပေတိ

သူတစ်ပါးကို တိုက်တွန်း၍ သူငယ်ကိုမြှောက်စေ၏။

၁၀။ သိဉ္စတိ

သူငယ်ကိုနမ်းစေ၏။

၁၁။ သိဉ္စာပေတိ

မိမိကို နမ်းစေ၏။

၁၂။ ကီဠတိ

သူငယ်ကိုကစား၏။

၁၃။ ကီဠာပေတိ

သူငယ်ကို ကစားစေ၏။

၁၄။ ဝုဒ္ဓတိ

သူငယ်ကို ဖက်ယမ်း၏၊ စုပ်၏။

၁၅။ ဝုဒ္ဓာပေတိ

သူငယ်ကို ဖက်ယမ်းစေ၏ စုပ်စေ၏။

၁၆။ ဘုဥ္ဇတိ

သူငယ်၏မုန့် စသည်ကို ယူ၍စား၏။



www.burmeseclassic.com

www.burmeseclassic.com



၁၇။ ဘုဉ္ဇာပေတိ

သူငယ်ကို စားစေ၏။

၁၈။ ဒဒါတိ

သူငယ်အား တစ်စုံတစ်ခုကိုပေး၏။

၁၉။ အာယာစတိ

တစ်ဖန်ပြန်၍တောင်း၏။

၂၀။ အနုကရောတိ

သူငယ်နှင့်အတူ လိုက်၍ပြု၏။

၂၁။ ဥစ္စံဘာသတိ

စကားကို ကျယ်ကျယ်လောင်လောင်ပြော၏။

၂၂။ နီစံဘာသတိ

အသံကို မကြားတကြား တိုးတိုးညှင်သာစွာပြော၏။

၂၃။ ဝိစ္စံဘာသတိ

ပရိသတ်အလယ်၌ သီချင်းစသည်ကို ထင်စွာဆို၏။ ဆိတ်ငြိမ်ရာ၌ ကခြင်း၊ သီခြင်းစသည်ဖြင့် ဖြားယောင်း၍ ပြောဆို၏။



www.burmeseclassic.com

www.burmeseclassic.com



၂၄။ **နစ္စေန ဗိတေန ဝီဇိတေန ရောဒိတေန ဝိလာသိတေန ဝိဘူသိတေန ဇဌ္ဌတိ**

ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ ငိုခြင်း၊ စံပယ်ခြင်း၊ တန်ဆာဆင်ခြင်း၊ ကျယ်ကျယ်လောင်လောင် ရယ်ခြင်းဖြင့် နိမိတ်အမှတ်ကို ပြ၏။

၂၅။ **ပေက္ခတိ**

စောင်းငဲ့၍ကြာကြာကြည့်ကြည့်၏။

၂၆။ **ကဋိံစာလေတိ**

ခါး၊ တင်ပါးကို နိမ့်တုံ၊ မြင့်တုံပြု၏။

၂၇။ **ဂုယှသမ္ဗာဓံ စာလတိ**

လျှို့ဝှက်အပ်သော ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှုပ်စေ၏။

၂၈။ **ဥရုံဝိဝရတိ**

ပေါင်းကိုဖော်ပြ၏၊ (ဝါ) တိုနန့်နန့်ဝတ်၏။

၂၉။ **ဥရုံဝိဒဟတိ**

ပေါင်ကိုဖော်ပြီးမှ ပြန်ပုံး၏။



www.burmeseclassic.com

www.burmeseclassic.com



၃၀။ **ထန်ဒသောတိ**

သားမြွတ်ကိုမြင်စေ၏ (ဝါ) ရင်သားကို မပေါ်တပေါ် ဝတ်၏။

၃၁။ **ကစ္ဆံဒသောတိ**

လက်ကတီး (ချိုင်းကြား)ကို ဖော်ပြ၏။ (ဝါ) လက်ပြတ်တိုတိုဝတ်၏။

၃၂။ **နာဘိဒသောတိ**

ချက်ကိုဖော်ပြ၏၊ (ဝါ) ချက်ဖော်၍ဝတ်၏။

၃၃။ **အက္ခိနိခဏာတိ**

မျက်စိကိုမှိတ်၏၊ (ဝါ) မျက်စိမှိတ်ပြ၏။

၃၄။ **ဘမုံဥက္ခိပတိ**

မျက်ခုံးချီ၏။ မျက်စပစ်၏။

၃၅။ **ဩဋ္ဌံပလိက္ခတိ**

နှုတ်ခမ်းကိုကိုက်၏။

၃၆။ **ဇိဝှံနိလ္လာပေတိ**

လျှာကိုထုတ်၏။



www.burmeseclassic.com

www.burmeseclassic.com



၃၇။ နုသံမုဒ္ဒတိ

ထဘီကို တမင်ကျွတ်အောင်ပြု၏။

၃၈။ နုသံပတိဓနွတိ

ထဘီကိုမကြာမကြာပြင်၍ဝတ်၏။

၃၉။ သီသံမုဒ္ဒတိ

ဆံထုံးကိုဖြေ၏။

၄၀။ •သီသံဓနွတိ

ဆံထုံးကိုဖြေ၍ ပြန်ထုံး၏။

(ကုဏာလဇာတ်)



www.burmeseclassic.com

www.burmeseclassic.com

စွင့်လွှတ်တယ်ဆိုတာ

သူ့ကို စာနာသနားလို့

လုပ်ဆောင်တာမဟုတ်ပါဘူး၊

ကိုယ့်စိတ်ကို

ပိုပြီးမြင့်မားအောင်

လုပ်ဆောင်လိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com

# မိန်းမအမျိုးအစားများ

၁။ ပဒုမိနီ မိန်းမပျို

လပြည့်ဝန်းနှင့်တူသော မျက်နှာရှိ၏။ အသားညက်၏။ သွားရောင် တောက်၏။ လက်ဖဝါး၊ ခြေဖဝါး ပြည့်တင်း၏။ ဆံကောင်း၏။ လည်ရေးသုံးတန်ရှိ၏။ သားမြတ်ကြီး၏ ဟသ်ာ သွားခြင်းနှင့်တူသော သွားခြင်းရှိ၏။ အသံသာ၏။

လူကြီးမိဘတို့ကို ရိုသေ၏။

လင်ကိုလည်း ရိုသေခစားတတ်၏။ မကောင်းမှုကိုလည်း မပြုတတ်၊ ရှက်ကြောက်တတ်၏။ ပညာအဆင်းနှင့် ပြည့်စုံ၏။ ပဒုမ္မာကြာနံ့နှင့်တူသော ကိုယ်နံ့ရှိ၏။ ကိုယ်အရသာ ချို၏။ မာတင်ဆင်ကဲ့သို့ ကြည့်ခြင်းရှိ၏။ ယောနိကား၊ လိပ်ခုံးသဏ္ဍာန်ကဲ့သို့ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



## ၂။ ဓိဗ္ဗရဏီ မိန်းမမျိုး

ရယ်ရွှင်ခြင်း၊ မြူးတူးခြင်းများ၏ ခိုပေါက်စအသံနှင့်တူသော အသံရှိ၏။ လိပ်၏ သွားခြင်းနှင့်တူသော သွားခြင်းရှိ၏။ မိဘဘိုးဘွား လင်ယောက်ျားတို့ကို ရိုသေတတ်စုံမက်တတ်၏။

ကြာညိုပန်းနှင့်တူသော ကိုယ်နံ့ရှိ၏။ အသား ပျော့ပျောင်း၏။ ယောနိကား ကြာရွက်နုကဲ့သို့ရှိ၏။

## ၃။ သင်္ခိနီမိန်းမမျိုး

ရာဂရမ္မက်ကြီး၏။ ရသေ့ရဟန်းကိုသော်မှ တပ်မက်တတ်၏။ သားပြွတ်တွဲလဲရှိ၏။ တလည်းသီးနှင့်တူ၏။ ဆံပင်ရှည်၏။ ပျားနံ့ကဲ့သို့ ကိုယ်နံ့ရှိ၏။ ကိုယ်အပြင်အလျာလှပ၏။

ကာမဂုဏ်တစ်နေ့မရှိက နှလုံးမသာရှိ၏။ မကောင်းသောအရသာကို စားလို၏။ ရစ်မ၏ သွားခြင်းနှင့်တူသော သွားခြင်းရှိ၏။ ပန်းနံ့သာကို လွန်စွာအလိုရှိ၏။ ခါးစည်း၍ ရင်ကော့၏။ ယောနိအဆင်းကား ခရုသင်းသဏ္ဍာန်ရှိ၏။

## ၄။ တတ္ထိနီမိန်းမမျိုး

တင်ဆုံကြီး၏၊ နားရွက်တို၏၊ နှုတ်ခမ်းကြီး၏၊ နှာခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ပိဏ်။ မျက်စိလောက်စာလုံးကဲ့သို့ဝန်း၏။ အမျက်ကြီး၏။ ဒါးကြီး၏။ ပေါင်ရင်းပြိုး၏။ မြင်းခေါင်းကြီး၏။ ဖဝါးတို၏။ လက်ချောင်းခြေချောင်းတို၏။ လောဘကြီး၏။

ဆင်မနှင့်တူသော သွားခြင်းရှိ၏။

ယောကျ်ားကိုမြင်တော် အသက်ကဲ့သို့ ချစ်၏။ ယောကျ်ားနှင့်သော မှီတွဲ၍ နေလို၏။ ကာမဂုဏ်အကြိမ်များသော်လည်း ရောင့်ရဲခြင်း မရှိ၊ ကြီးကြမ်းသော လိင်ကို အလိုရှိ၏။ သားမြတ်ငယ်၏။ ချက်ကြီး၏။ ကိုယ်နံ့ကား ဆင်မုန်နံ့ကဲ့သို့ရှိ၏။ ရာဂနံ့ကားစပ်ရှိန်း၏။ ယောနိကား ဆင်နားရွက်ကဲ့သို့ရှိ၏။

(စွယ်စုံကျော်ထင်ကျမ်း)

## မြတ်နိုးအပ်သော မိန်းမ ၅ယောက်

၁။ အဆင်းလှခြင်း၊
၂။ စည်းစိမ်များခြင်း၊
၃။ သီလရှိခြင်း၊
၄။ သိကြားလိမ္မာ မပျင်းမရှိခြင်း၊
၅။ သားယောကျ်ားဖွားမြင်ခြင်း၊

မိုးသော်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ကဲ့ရဲ့အပ်သော မိန်းမ ၂၅-ယောက်

၁။ လင်ကို အရပ်တစ်ပါးသို့ ဥစ္စာရှာသွားစေ၍ မိတ္တာစာရကို ကျင့်လိုသဖြင့် အရပ်တစ်ပါးသို့ သွားခြင်းကို ချီးမွမ်းခြင်း ဟူသော ပဝါသဝဏ္ဏာ။

၂။ အရပ်တစ်ပါးသို့သွားသည်ရှိသော် ကျမ်းခံသာယာသည် မသာယာသည်ကို၎ မအောက်မေ့ခြင်းဟူသော နပဂ္ဂဿရဏာ။

၃။ အရပ်တစ်ပါးမှ လာရောက်ခဲ့သော် ဝမ်းမြောက်ဝမ်းသာ ဝတ်ကိုမပြုခြင်းဟူသော နအာဂတာဘိနန္ဒန။

၄။ လင်၏ကျေးဇူးမဲ့ကိုသာ ပြောခြင်းဟူသော အဝဏ္ဏာဘဏန။

၅။ လင်၏ကျေးဇူးမဲ့ကို ထိမ်မြုံးခြင်းဟူသော နအဝဏ္ဏာဘဏန။

၆။ လင်၏အကျိုးမဲ့ကိုသာ ပြုခြင်းဟူသော အနတ္ထစရဏာ။

၇။ လင်၏အကျိုးကို မပြုခြင်းဟူသော နအတ္ထစရဏာ။

၈။ လင်၏ကိစ္စမဟုတ်သည်ကို ပြုခြင်းဟူသော အကိစ္စကရဏာ။

၉။ မြဲမြံစွာ အဝတ်ဝတ်၍ အိပ်လေ့ရှိခြင်းဟူသော ပရိဒဟိတွာ သသယန။

၁၀။ အရပ်တစ်ပါးသို့ မျက်နှာမူလျက် အိပ်လေ့ရှိခြင်းဟူသော ပရိမုခနိပ္ပဇ္ဇန။



www.burmeseclassic.com

www.burmeseclassic.com



၁၁။ တပြောင်းပြောင်းပြန်ပြန် လူးလဲ၍ အိပ်လေ့ရှိခြင်းဟူသော ပရိဝတ္တဇာတ။

၁၂။ လင်ဖေါ်ကိလေသာအားဖြင့် မေ့လျော့ခြင်းကို ဖျက်ဆီးခြင်း ဟူသော ကုက္ကုဋဇာတ။

၁၃။ ပြင်းစွာရှည်စွာ ထွက်သက်ဝင်သက်လေကို ဖြစ်စေလျက် အိပ်ခြင်းဟူသော ဒီဃအဿာသ။

၁၄။ ဦးခေါင်းခဲသည် ရင်ဘက်နာသည် ဤသို့စသည်ကိုဆို၍ နေခြင်းဟူသော ဒုက္ခဝေဒယိတ။

၁၅။ မပြတ် အစာတောင်း၊ ရေတောင်းကို စွန့်လိုတန်ပြု၍ ဆိတ်ငြိမ်ရာသို့ သွားလေ့ရှိခြင်းဟူသော ဥစ္စာရပဿာဝဝိရ မောဒဟာန။

၁၆။ အပူကိုလိုလျက် အအေးကိုပေးသည်။ အမြူကိုလိုလျက်လည်း အမည်းကိုပေးသည်။ ဤသို့ဖြင့် ဆန့်ကျင်ဘက်ပြုလေ့ရှိ ခြင်းဟူသော ဝိလောမခရဏ။

၁၇။ ယောကျ်ားတစ်ပါးတို့၏အသံကြားလျှင် နားတစွင့်စွင့်ရှိခြင်း ဟူသော ကဏ္ဏသောဝဝိရမောဒနဟ။

၁၈။ လင်ဆင်းရဲ ငြိုငြင်စွာ ရှာကြံဆည်းပူး၍ ဆောင်ယူခဲ့သော ဥစ္စာကို ဖျက်ဆီးလေ့ရှိခြင်းဟူသော နိဟတဘောဂ။



www.burmeseclassic.com

www.burmeseclassic.com



၁၉။ အိမ်နီးချင်းတို့နှင့် ကိလေသာ၏ အစွမ်းအားဖြင့် အကျွမ်းတဝင်နေလေ့ရှိခြင်းဟူသော သန္ထဝကရဏ။

၂၀။ သယောင်လင်ငယ်ကို စုံစမ်းအံ့သောငှာ ထုတ်အပ်ချအပ်သော ခြေရှိသဖြင့် နေလေ့ရှိခြင်းဟူသော နိက္ခန္တပါဒ။

၂၁။ ခရီးလမ်းခုံလမ်းခွ၌ သွားလာနေထိုင်လေ့ရှိခြင်းဟူသော ဝိသိခါနုစာရိနီ။

၂၂။ လင်ကို လွန်ကျူး၍ ကျင့်လေ့ရှိခြင်းဟူသော အတိစာရိနီ အပေတဂါရဝ။

၂၃။ လင်ကို ဖြူစွာစောင်းမြောင်းခြင်းဟူသော ပဒုဋ္ဌမာနသ။

၂၄။ မပြတ်အိမ်တံခါးဝ၌ နေလေ့ရှိခြင်းဟူသော ဒွါရမူလ အဘိဏှာ တိဋ္ဌန။

၂၅။ အရပ်တစ်ပါးသို့ တပ်သောစိတ်ဖြင့် ကြည့်ရှု၍ နေလေ့ရှိခြင်းဟူသော ရှိသောဒိသာပေက္ခန။

(မဟာကုဏာလဇာတ်)

**မိန်းမယုတ်လက္ခဏာ ၉ပါး**

၁။ အရပ်တစ်ပါးသို့ မပြတ်သွားလာလေ့ရှိခြင်း၊

၂။ ဥယျာဉ်ပန်းခြံသို့ မပြတ်သွားလေ့ရှိခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



၃။ မြစ်ကမ်းရေဆိပ်သို့ မပြတ်သွားလေ့ရှိခြင်း၊

၄။ ဆွေမျိုးအိမ်သို့ မပြတ်သွားလေ့ရှိခြင်း၊

၅။ သူတစ်ပါးအိမ်သို့ မပြတ်သွားလေ့ရှိခြင်း၊

၆။ မှန်ကြေးမုံကြည့်လျက် တန်ဆာဆင်၍ အလှကိုသာ အမြဲ ပြင်လေ့ရှိခြင်း၊

၇။ အရက်သောက်ခြင်း၊

၈။ လေသာတံခါးမှာ နေလေ့ရှိခြင်း၊

၉။ အိမ်တံခါးဝ၌ နေလေ့ရှိခြင်း၊

(ရာဇဩဝါဒကာဒီပနီ)

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

သူကတော့
ကိုယ်မကြိုက်တဲ့ အမှုအကျင့်တွေကို
မြင်မှာမဟုတ်ပါဘူး၊
ကိုယ်ကသာ
သူမကြိုက်တဲ့ အမှုအကျင့်တွေကို
မြင်ပေးလိုက်။
ဒါမှမဟုတ်ရင်လည်း
သူ့အမှုအကျင့်တွေကို
မြင်ပြီးကြည့်ပေးလိုက်။



www.burmeseclassic.com

www.burmeseclassic.com

# စေတီမှာ ဟင်္သာတိုင် အဘကြောင့်ထားတာလဲ

စေတီရင်ပြင်အများစုမှာ ဟင်္သာတိုင်ဆိုတာ ရှိပါတယ်။ တချို့က အဲဒီဟင်္သာတိုင်ကိုပင် 'တံခွန်တိုင်'လို့လည်း ခေါ်လေ့ရှိပါတယ်။

ဒါဆိုလျှင်

စေတီမှာ ဟင်္သာတိုင် ဘာကြောင့်ထားတာလဲဟု မေးစရာရှိပါလိမ့်မယ်။

မြတ်စွာဘုရား အလောင်းတော်ဟာ တစ်ခုသောဘဝမှာတော့ ဟင်္သာမင်း ဖြစ်ခဲ့ဖူးပါတယ်။ သူ့မှာ အခြံအရံ ဟင်္သာပေါင်းကုဋေ ကိုးသောင်းရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ဟင်္သာညီနှစ်ကောင်လည်း ရှိပါတယ်။

ဒီလိုနဲ့

တစ်နေ့မှာတော့ သူညီနှစ်ကောင်ဟာ နေနဲ့ပြိုင်ပြီး ပျံသန်းမယ့်အကြောင်း ဘုရားအလောင်း ဟင်္သာမင်းကို ခွင့်တောင်းပါတယ်။ ဘုရားအလောင်းက အန္တရာယ်များပြီး မဖြစ်နိုင်လို့ ခွင့်မပြုပါဘူး။

ဒါပေမဲ့

စိတ်ဆန္ဒပြင်းထန်နေတဲ့ ညီငယ်နှစ်ကောင်ဟာ ဟင်္သာမင်းစကားကို နားမထောင်ဘဲ နေနဲ့ပြိုင်ဖို့အတွက် နေမထွက်မီကတည်းက ယုဂန္ဓိုရ်တောင်ထိပ်ကနေ သွားစောင့်နေပါတယ်။

နေထွက်တာနဲ့ စတင်ပျံသန်းပါတော့တယ်။

ဖြစ်ချင်တော့ နေရဲ့အပူရှိန်ကြောင့် အငယ်ဆုံးဟင်္သာကောင်ရဲ့အတောင်မှာ မီးလောင်သွားပါတယ်။

ဒီအကြောင်းကို သိသိခြင်း ဟင်္သာမင်းကြီးဟာ မီးလောင်တဲ့အကောင်ကို ကယ်တင်ရသလို၊ နေနဲ့ပြိုင်နေတဲ့ အလတ်ကောင်ကို ကယ်တင်ပြီး စိတ္တကုဋ်တောင်ကို ပြန်ပို့ပြီး နားခိုင်းလိုက်ပါတယ်။

ဟင်္သာမင်းကြီးဟာ 'သူဆိုရင်ကော ဖြစ်နိုင်မလား' ဆိုပြီး တွေးကာ ပျံသန်းကြည့်ပေမယ့် နေနဲ့ပြိုင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တာကို သိလိုက်တာနဲ့ ပျံသန်းခြင်းကို ရပ်နားလိုက်ပါတယ်။

မိတ်ဆွေစာပေ
www.burmeseclassic.com

www.burmeseclassic.com



သူအရှိန်လျှော့လိုက်တဲ့နေရာက ဗာရာဏသီမြို့ကြီး ဖြစ်နေပါတယ်။ ဟသ်ာမင်းရဲ့ ကြီးမားတဲ့ အတောင်ပံများကြောင့် ဗာရာဏသီမြို့တွင်းမှာ အရိပ်တွေကျရောက်ခဲ့ပါတယ်။

ဒါကို မင်းကြီးကမြင်တော့ ဟသ်ာမင်းကို အကျိုးအကြောင်းမေးတော့ 'နေနဲ့ပြိုင်တဲ့အကြောင်း' ပြောပြလိုက်ပါတယ်။

အဲဒီအခါမှာ ဗာရာဏသီမင်းကြီးက 'ဟသ်ာမင်းရဲ့ ပျံသန်းနိုင်မှုစွမ်းအားကို မြင်ချင်တယ်'ဟု ပြောတော့ ဟသ်ာမင်းက စွမ်းအားပြ ပျံသန်းပြဖို့ စီစဉ်လိုက်ပါတယ်။

ဘုရင်နန်းတော်အတွင်းမှာ အတော်ဆုံး၊ အားအပြင်းဆုံး လေးစစ်သည် လေးဦးကို ခေါ်စေပြီးတစ်ပြိုင်နက်တည်း အရပ်လေးမျက်နှာကို လေးတွေ ပစ်လွှတ်ခိုင်းပါတယ်။

စစ်သည်တွေ အားအကုန်ပစ်လွှတ်တဲ့ မြားတွေကို ဟသ်ာမင်းကြီးက ပျံသန်းကာ တစ်ချောင်းစီဖမ်းယူပြီး စစ်သည်တွေအနားမှာ ချထားလိုက်ပါတယ်။

အချိန်က ခဏလေးပါ။

ဟသ်ာမင်းကြီးရဲ့ ပျံသန်းမှုဟာ အရမ်းကို မြန်လွန်းတော့ အကောင်ကိုမမြင်ရဘဲ ချူးသံကိုသာ ကြားလိုက်ရပါတယ်။ မင်းကြီးဟာ အံ့ဩသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဒီထက်မြန်တဲ့အဟုန် ရှိပါသေးလား"

"ရှိပါတယ် ဒီထက် အဆတစ်သိန်းမက မြန်တဲ့အရာ ကတော့ သေခြင်းတရားပါပဲ"

ဟု ပြောဆိုတရားပြပြီး ပျံသွားပါတော့တယ်။

(ဇာ၊ ၌၊ ၄၊ ၂၃၃)

အထက်မှာ ဖော်ပြခဲ့တဲ့ ဇဝနဟံသဇာတ်တော်ကို အကြောင်း ပြုပြီးတော့ စေတီတွေမှာ ဟင်္သာတိုင်ထားတာပါ။ အဲဒီဟင်္သာ တိုင်ကိုမြင်ကာ ဟင်္သာမင်းအကြောင်းနဲ့အတူ သေခြင်းတရားကို အမှတ်ရပြီး ကောင်းတဲ့အမှုတွေပြုဖို့၊ မကောင်းတာမပြုဖို့ တံခွန် တိုင်က သတိပေးဖို့ ထားခြင်းပါပဲ။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ပြောသမျှစကား

တရားဖြစ်ဖို့ဆိုရင်

ပါးစပ်ထဲက စားတွေကို

အရင်ဆုံး

ရှင်းထုတ်ပစ်ရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

# သက္ကရာဇ်များအကြောင်း သိကောင်းစရာ

သက္ကရာဇ်ဆိုတာ လူသားတွေ မှတ်သားသုံးစွဲလာခဲ့သော နှစ်အရေအတွက်ကို ခေါ်တာပါ။

လူမျိုးအလိုက်၊ နိုင်ငံအလိုက်၊ ဘာသာအလိုက် အမျိုးမျိုးသော သက္ကရာဇ်တွေ ရှိကြပါတယ်။ ဥပမာအားဖြင့် ကရင်လူမျိုးတွေဆိုရင်လည်း သူတို့သက္ကရာဇ်သီးခြားရှိပါတယ်။

ဒါပေမဲ့

ဘယ်လိုပင်များပြားနေပါစေ၊ မြန်မာနိုင်ငံအတိုင်းအတာအရ သိထားသင့်တာကတော့ မဟာသက္ကရာဇ်၊ သာသနာသက္ကရာဇ်၊ မြန်မာသက္ကရာဇ် (ကောဇာသက္ကရာဇ်)နှင့် ခရစ်သက္ကရာဇ်တို့ပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီလေးမျိုးထဲမှာ ခရစ်သက္ကရာဇ်ကတော့ ကမ္ဘာသုံးလို ဖြစ်နေခဲ့တာပါ။

သက္ကရာဇ်တစ်ခုခြင်းစီရဲ့အကြောင်းကို မပြောခင် ပထမဆုံး သိထားသင့်တာက 'သက္ကရာဇ်ဖြိုခြင်း' အကြောင်းရင်းများပါ။

သက္ကရာဇ်ဖြိုခြင်းဆိုတာ

တချို့သောမင်းတွေဟာ သူတို့ရဲ့ နန်းသက်၊ ဇာတာများ အတွက် ဗေဒင်နည်းအရဖြစ်စေ၊ တခြားနည်းအရဖြစ်စေ၊ ကိန်း ဂဏန်းမလှပါက သက္ကရာဇ်တွေကို ဖြိုလိုက်ပြီး ၁ နှစ်ဆိုပြီး စတင်ရေတွက်ခိုင်းရာမှ သက္ကရာဇ်အသစ် ပြန်ရေတွက်ခြင်းကို သက္ကရာဇ်ဖြိုခြင်းဆိုတာ ဖြစ်လာတာပါ။

သက္ကရာဇ်ဖြိုခြင်းကို သာမန်လူတွေအနေဖြင့် မလုပ်ဆောင် နိုင်ပါဘူး။ အာဏာရှင် မင်းတွေသာ လုပ်ဆောင်နိုင်ပါတယ်။

ဥပမာအားဖြင့်

မဟာသက္ကရာဇ် ဖြေ-ခု (B-C ၆၂၄)နှစ်မှာ ဘုရားအလောင်း မွေးဖွားခဲ့ပြီး မဟာသက္ကရာဇ် ၁၄၈ ခုနှစ်မှာ ပရိနိဗ္ဗာန်စံခဲ့တယ်။ ဘုရားအလောင်း ပရိနိဗ္ဗာန်စံပြီး ပထမသင်္ဂါယနာတင်တယ်။ ပထမသင်္ဂါယနာတင်တော့ မဟာသက္ကရာဇ်ကို မယူပါဘူး။

အဲဒီအချိန် အာဏာရှိတဲ့ အဇာတသတ်မင်းက သက္ကရာဇ် အသစ်တစ်ခုကို ဖန်တီးခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပါပဲ

မြတ်စွာဘုရား အလောင်းတော်ရဲ့ အဘိုးဖြစ်တဲ့ (မာယာဒေဝီ၏အဖေ) အဥ္စနမင်းကြီးဟာ ရှေးမင်းအဆက်ဆက် အသုံးပြုခဲ့သောနှစ်ဟာ သူ့လက်ထက်မှာ ၈၆၄၇ ခု ရှိနေပါပြီ။ ဒါကို မနှစ်သက်လို့ သူကဖြိုချပြီး အသစ်ပြန်တည်ဆောက် သူ့လက်ထက်မှာ ၁-နှစ်ဆိုပြီး စခေါ်ခဲ့တယ်။

## ၃။ မဟာသက္ကရာဇ်

'သက္ကရာဇ'အမည်ရှိသောမင်းရဲ့ လက်ထက်မှာ သက္ကရာဇ်တွေကို စတင်ရေတွက်ခဲ့တယ်ဟု အဆိုရှိပါတယ်။

မဟာသက္ကရာဇ်အားဖြင့် မင်းအဆက်ဆက်ရေတွက်ခဲ့ပြီး အထက်မှာ ဖော်ပြခဲ့တဲ့ ဘိုးတော်အဥ္စနမင်းကြီးနှင့် ကာလဒေဝိလ ရသေ့တို့က အသစ်ပြန်လည်ရေတွက်ခဲ့ပါတယ်။

အဲဒီ မဟာသက္ကရာဇ်အတိုင်း ဘုရားဖြစ်စဉ်များကို ဖော်ပြခဲ့ပြီး မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့အထိသာ မဟာသက္ကရာဇ်ကို အသုံးပြုခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၂။ သာသနာသက္ကရာဇ်

မြတ်စွာဘုရားရှင် မဟာပရိနိဗ္ဗာန်ဝင်စံပြီးတဲ့အခါမှာတော့ အရှင်မဟာကဿပ မဟာထေရ်မြတ်ကြီးနှင့် အဇာတသတ်မင်းတို့က ပထမသင်္ဂါယနာတင်ပွဲနှင့် ဘုရားရှင်မရှိတော့သည်ကို မှတ်သားစေဖို့ သာသနာသက္ကရာဇ်ကို စတင်ရေတွက်ခဲ့ပါတယ်။

နောက်ပိုင်းကာလတွေမှာ သာသနာနှင့်ပတ်သက်သော အရာတွေမှာ မဟာသက္ကရာဇ်ကို မသုံးတော့ဘဲ သာသနာသက္ကရာဇ်ဖြင့်သာ ရေတွက်မှတ်သားခဲ့ကြပါတယ်။

သာသနာ သက္ကရာဇ်ကို မဖြိုခဲ့ပေ။

## ၃။ မြန်မာသက္ကရာဇ်(သို့)ကောဇာသက္ကရာဇ်

လက်ရှိအသုံးပြုနေတဲ့ မြန်မာသက္ကရာဇ်ပါ။

မြန်မာသက္ကရာဇ် စတင်ခဲ့တာကတော့ သာသနာသက္ကရာဇ်နဲ့ အတူတူပါပဲ။ သာသနာသက္ကရာဇ်ကို မြန်မာသက္ကရာဇ်ဆိုပြီး ခေါ်ဝေါ်မှတ်သားခဲ့ကြတာပါ။

ဒါပေမဲ့

နှစ်ပေါင်း (၆၂၂)ရောက်တဲ့အခါမှာ သုမုန္ဒရီမင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



လက်ထက် (သရေခေတ္တရာခေတ်)မှာ ဖြိုချခဲ့ပြီး မြန်မာသက္ကရာဇ်ကို ၁-နှစ်က စတင်ရေတွက်ခဲ့ပါတယ်။

ဒီလိုပဲ

သုမုန္ဒရီမင်းလက်ထက်ကနေ အသစ်ပြန်လည်ရေတွက်ရာကနေ ပုဂံခေတ်ရောက်လို့ ပုပ္ပားစောရဟန်းမင်းလက်ထက် မြန်မာသက္ကရာဇ် (၅၆၀)အရောက်မှာတော့ တစ်ခါအဖြိုခံရပါတယ်။

ဆိုရလျှင်

ယနေ့ခေတ်အထိ အသုံးပြုနေသော မြန်မာသက္ကရာဇ်ဆိုတာဟာ ပုပ္ပားစောမင်းလက်ထက်မှ တဖန်ရေတွက်ခဲ့သောသက္ကရာဇ် ဖြစ်ပါတယ်။ မင်းနှစ်ပါး (သုမုန္ဒရီမင်း ၆၂၂၊ ပုပ္ပားစောရဟန်းမင်း ၅၆၀)တို့ ဖြိုချတဲ့နှစ်ဟာ ၁၁၈၂ နှစ်ဖြစ်ပါတယ်။

ဒီတော့

ယခုရောက်ဆဲ မြန်မာသက္ကရာဇ်ထဲကို ၁၁၈၂-ထည့်ပေါင်းရင် သာသနာသက္ကရာဇ်ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၄။ ခရစ်သက္ကရာဇ်

သာသနာသက္ကရာဇ် ၅၄၄-ခုနှစ် အရောက်မှာတော့ ခရစ်တော်ကို မွေးဖွားခဲ့ပါတယ်။ အဲဒီ ခရစ်တော်မွေးဖွားခဲ့သောနှစ်ကို စတင်ရေတွက်ရာမှ ခရစ်သက္ကရာဇ်ဖြစ်လာခဲ့ပါတယ်။

ခရစ်ယာန်ဘာသာဝင်ဦးရေ များပြားခြင်းကြောင့် ခရစ်သက္ကရာဇ်ဟာ ကမ္ဘာမှာ အသုံးများပါတယ်။

BC ဆိုတာ (Before Christ)

ခရစ်တော်မပေါ်ခင်ကာလတွေမှာ စတင်ရေတွက်သောနှစ်များပါ။ မြတ်ဗုဒ္ဓအလောင်းကို ဘီစီ (၆၂၃)ခုနှစ်မှာ မွေးဖွားပါတယ်။

(AD) ဆိုတာ (Anno Domini)

ခရစ်တော် မွေးဖွားပြီးမှ ရေတွက်သောနှစ်ပါ မြတ်ဗုဒ္ဓအရှင်မြတ်ဟာ ဘီစီ (၅၄၄)မှာ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပါတယ်။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

စိတ်အနှောင့်အယှက်ဖြစ်တာဟာ

လူအများနဲ့

အဆင်မပြေအောင် မနေတတ်လို့

စိတ်ချမ်းသာတယ်ဆိုတာ

တစ်ယောက်တည်း

ကောင်းအောင်နေတတ်လို့



www.burmeseclassic.com

www.burmeseclassic.com

# ဧတဒဂ်ဘွဲ့ရမထေရ်များ

မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်မှာ ထူးချွန်ထင်ရှားပြီး ထက်မြက်သော ပုဂ္ဂိုလ်တွေကို မြတ်စွာဘုရားရှင်က 'ဧတဒဂ်ဘွဲ့' ချီးမြှင့်တော်မူပါတယ်။ အဲဒီလို ချီးမြှင့်ခံရသော ပုဂ္ဂိုလ်မြတ်အပေါင်း ကတော့ (၄၁)ပါးရှိပါတယ်။ သူတို့တွေက

၁။ အရှင်ကောဏ္ဍည မထေရ်မြတ်ဟာ ဝါတော်ကြီးရင့်ခြင်းမှာ ဧတဒဂ်ဘွဲ့ရခဲ့ပါတယ်။

၂။ အရှင်သာရိပုတ္တရာ မထေရ်မြတ်ဟာ ဉာဏ်ပညာကြီးခြင်းမှာ ဧတဒဂ်ဘွဲ့ရခဲ့ပါတယ်။

၃။ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ဟာ တန်ခိုးကြီးခြင်းမှာ ဧတဒဂ်ဘွဲ့ ရခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



၄။ အရှင်မဟာကဿပ မထေရ်မြတ်ဟာ ဓုတင်ဆောင်ခြင်းမှာ တေဒဂ်ဘွဲ့ရခဲ့ပါတယ်။

၅။ အရှင်အနုရုဒ္ဓါ မထေရ်မြတ်ဟာ ဒိဗ္ဗစက္ခုအဘိညာဉ် ရခြင်းမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၆။ အရှင်ဘဒ္ဒိယ မထေရ်မြတ်ဟာ အမျိုးမြတ်ခြင်းမှာ တေဒဂ်ဘွဲ့ ရရှိခဲ့ပါတယ်။

၇။ အရှင်လကုဏ္ဍက ဘဒ္ဒိယ မထေရ်မြတ်ဟာ အသံသာယာခြင်းမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၈။ အရှင်ပိဏ္ဍောလ ဘာရဒွါဇ မထေရ်မြတ်ဟာ ရဲတင်းသောစကားကို ဆိုခြင်းမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၉။ အရှင်ပုဏ္ဏမထေရ်မြတ်ဟာ တရားဟောခြင်းမှာ တေဒဂ်ဘွဲ့ ရရှိခဲ့ပါတယ်။

၁၀။ အရှင်မဟာကစ္စာယန မဟာထေရ်မြတ်ဟာ တရားအကျဉ်းကို အကျယ်ဟောခြင်းမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၁၁။ အရှင်စူဠပန္ထက မဟာထေရ်မြတ်ဟာ မနောမယအဘိဉာဉ်ပန်ဆင်ခြင်းမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၁၂။ အရှင်မဟာပန္ထက မဟာထေရ်မြတ်ဟာ အရူပဈာန်မှထ၍ ရဟန္တာဖြစ်ခြင်းမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



၁၃။ အရှင်မဟာပန္ထက မဟာထေရ်မြတ်ဟာ အပြစ်မရှိသောနေခြင်းနှင့် အလှူခံထိုက်ခြင်းမှာ ဧတဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၁၄။ အရှင်ခဒိရဝနိယရေဝတ မဟာထေရ်မြတ်ဟာ တောရကျောင်းတည်ခြင်းမှာ ဧတဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၁၅။ အရှင်ကင်္ခါရေဝတ မဟာထေရ်မြတ်ဟာ ဈာန်ဝင်စားခြင်းမှာ ဧတဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၁၆။ အရှင်သောဏကောဠိဝိသ မဟာထေရ်မြတ်ဟာ လုံ့လဝီရိယကြီးခြင်းမှာ ဧတဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၁၇။ အရှင်သောဏ ကုဋိကဏ္ဏ မဟာထေရ်မြတ်ဟာ အတောအပြောကောင်းခြင်းမှာ ဧတဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၁၈။ အရှင်သီဝလိ မဟာထေရ်မြတ်ဟာ သိက္ခာတရားလွန်ကဲခြင်းမှာ ဧတဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၁၉။ အရှင်ဝက္ကလိ မဟာထေရ်မြတ်ဟာ သဒ္ဓါတရားလွန်ကဲခြင်းမှာ ဧတဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၂၀။ အရှင်ရာဟုလာ မဟာထေရ်မြတ်ဟာ သိက္ခာသုံးပါးကို ကျင့်ဆောင်ခြင်းမှာ ဧတဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၂၁။ အရှင်ရဋ္ဌပါလ မဟာထေရ်မြတ်ဟာ သဒ္ဓါ၍ ရဟန်းပြုခြင်းမှာ ဧတဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



၂၂။ အရှင်ကောဏ္ဍဓာန မဟာထေရ်မြတ်ဟာ တရေတံမဲပထမ ရယူခြင်းမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၂၃။ အရှင်ဝင်္ဂီသ မဟာထေရ်မြတ်ဟာ ဖွဲ့ဆိုသီကုံးမှု၌ ဉာဏ်ပဋိဘာန်ရှိခြင်းမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၂၄။ အရှင်ဥပသေန မဟာထေရ်မြတ်ဟာ ကြည်ညိုဖွယ်ရာဖြစ်ခြင်းမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၂၅။ အရှင်ဒဗ္ဗမဟာထေရ်မြတ်ဟာ သံဃာတော်များအတွက် နေရာချထားပေးခြင်းမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၂၆။ အရှင်ပိလိန္ဒဝစ္ဆ မဟာထေရ်မြတ်ဟာ နတ်တို့ချစ်မြတ်နိုးခြင်းမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၂၇။ အရှင်ဗါဟိယဒါရုစီရိယ မဟာထေရ်မြတ်ဟာ လျှင်မြန်စွာ ထိုးထွင်းသိများမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၂၈။ အရှင်ကုမာရကဿပ မဟာထေရ်မြတ်ဟာ ဆန်းကြယ်စွာ တရားဟောခြင်းအရာမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၂၉။ အရှင်မဟာကောဋ္ဌိက မဟာထေရ်မြတ်ဟာ ပဋိသမ္ဘိဒါလေးပါးရခြင်းမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၃၀။ အရှင်အာနန္ဒာ မဟာထေရ်မြတ်ဟာ အကြားအမြင်များခြင်း၊ သတိကောင်းခြင်း ဉာဏ်ကောင်းခြင်း၊ လုံ့လကြီးခြင်း၊ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



အကျွေးပြုရခြင်းစသော ဝါးပါးသောအရာတွေမှာ တေဒဂ်ဘွဲ့ ရရှိခဲ့ပါတယ်။

၃၁။ အရှင်ဥရုဝေလ ကဿပ မဟာထေရ်မြတ်ဟာ အခြံအရံများခြင်းအရာမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၃၂။ အရှင်ကာဠုဒါယီ မဟာထေရ်မြတ်ဟာ ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေခြင်းအရာမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၃၃။ အရှင်ဗာကုလ မဟာထေရ်မြတ်ဟာ ကျန်းမာရေးကောင်းခြင်းအရာမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၃၄။ အရှင်သောဘိတ မဟာထေရ်မြတ်ဟာ ပုဗ္ဗေနိဝါသအဘိညာဉ်အရာမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၃၅။ အရှင်ဥပါလိမဟာထေရ်မြတ်ဟာ ဝိနည်းဆောင်ခြင်းအရာမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၃၆။ အရှင်နန္ဒကမဟာထေရ်မြတ်ဟာ ဘိက္ခုနီတို့အား ဆုံးမခြင်းအရာမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။

၃၇။ အရှင်နန္ဒမဟာထေရ်မြတ်ဟာ ဣန္ဒြေစောင့်ခြင်းအရာမှာ တေဒဂ်ဘွဲ့ ရရှိခဲ့ပါတယ်။

၃၈။ အရှင်မဟာကပ္ပိန မဟာထေရ်မြတ်ဟာ ရဟန်းများအား ဆုံးမခြင်းအရာမှာ တေဒဂ်ဘွဲ့ရရှိခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



၃၉။ အရှင်သာဂတ မဟာထေရ်မြတ်ဟာ တေဇောဓာတ် သမာပတ်ဝင်စားခြင်း၌ ကျွမ်းကျင်လိမ္မာခြင်းအရာမှာ ဧတဒဂ်ဘွဲ့ ရရှိခဲ့ပါတယ်။

၄၀။ အရှင်ရာဓ မဟာထေရ်မြတ်ဟာ ဒေသကာဘုရားရှင်အား ဒေသနာဉာဏ်အဆင့်ဆင့် ပွင့်စေခြင်း (ဘုရားရှင်၏ တရားဟောဆိုကြောင်း ဒေသနာဉာဏ်အသစ်အသစ် ဖြစ်စေသော အရာ)မှာ ဧတဒဂ်ဘွဲ့ ရရှိခဲ့ပါတယ်။

၄၁။ အရှင်မောဃရာဇ မဟာထေရ်မြတ်ဟာ ခေါ်ငးပါသောသင်္ကန်း ကို ဆောင်ခြင်းအရာမှာ ဧတဒဂ်ဘွဲ့ ရရှိခဲ့ပါတယ်။

◆ ◆ ◆ ◆ ◆

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

စိတ်တိုပြီး

တစ်ယောက်ယောက်ကို

တစ်ခုခုပြောပစ်ချင်တယ်။

တစ်ခုခုလုပ်လိုက်ချင်တယ်ဆိုရင်

မပြော၊ မလုပ်လိုက်ပါနဲ့။

သူ့ထိခိုက်သွားတာထက်

ကိုယ်ခံစားရတာ ပိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# လိုက်နာကျင့်သုံးရော ဩဝါဒကထာများ

၁။ မကောင်းမှုရှောင်၊ ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထား။

(မြတ်ဗုဒ္ဓ)

၂။ မခံစားရတာချမ်းသာ။

(အင္ဂုသာဝက အရှင်သာရိပုတ္တရာ)

၃။ ဘယ်သူ ကဲ့ရဲ့ ကဲ့ရဲ့ ဘုရားမကဲ့ရဲ့အောင်နေ။

(ဆရာတော် ဦးဗုစ်)

၄။ နိဗ္ဗာန်လိုချင်လျှင် သူများအတင်း မပြောနဲ့။

(ထွင့်ခေါင်ဆရာတော်)

၅။ တစ်ယောက်တည်း သင့်အောင်နေ။

(ရေငုံဆရာတော်)

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



၆။ အကျိုးတရားကို မပွားပါနဲ့၊ အကြောင်းတရားကိုသာ တည့်အောင်လုပ်ပါ။

(လှေသင်မင်းကျောင်း ဆရာတော်)

၇။ ခုကြပ်မှ နောင်ချောင်မယ်၊ ခုချောင်ရင် နောင်ကြပ်မယ်။

(ဇီးသလောက်တောရဆရာတော်)

၈။ ကျင့်ကြီးသည် နွေးသည်ဖြစ်စေ၊ အေးသည်ဖြစ်စေ၊ ရှုံ့ဖွယ်သာတည်း။

(ပထမရွှေကျင်ဆရာတော်)

၉။ သွားတာကို သွားတာလို့သိ။

(လယ်တီဆရာတော်)

၁၀။ နိဗ္ဗာန်ကိုလိုချင်ရင် တမလွန်မျက်မှောက် ကြောက်အောင်နေ။

(မကျည်းတော ဆရာတော်)

၁၁။ သူများ စိတ်မဆိုးအောင်နေ။

(ဇီးခုံဆရာတော်)

၁၂။ ဖြစ်အောင်လည်း မလုပ်နဲ့၊ ပျက်အောင်လည်း မလုပ်နဲ့၊ ဖြစ်တာပျက်တာကို သိပါစေ။

(သထုံဇေတဝန်ဆရာတော်)

www.burmeseclassic.com

www.burmeseclassic.com



၁၃။ မဆင်းရဲချင်ရင် ငြိမ်ငြိမ်နေ၍ သိအောင်ကြိုးစား။

(စွန်းလွန်းဆရာတော်)

၁၄။ တစ်စပ်တည်းဖြစ်အောင်ဆောင်ကြ။

(ဝေဘူဆရာတော်)

၁၅။ ပေါ်တိုင်းမပြတ် ရှုမှတ်နေပါ။

(မဟာစည်ဆရာတော်)

၁၆။ ငါသည် မုချသေရမည်၊ အချိန်ပိုင်းသာလိုတော့သည်။

(မိုးကုတ်ဆရာတော်)

၁၇။ စိတ်ကောင်းရှိဖို့ ပထမ။

(မဟာဂန္ဓာရုံ ဆရာတော်)

၁၈။ ကံဆိုတာအလုပ်၊ အလုပ်ကောင်းမှ ကံကောင်းမည်။

(ညောင်တုန်းရွှေဟင်္သာဆရာတော်)

၁၉။ ကုသိုလ်အလုပ်ဟူသမျှ လုပ်လိုစိတ်မရှိသော်လည်း ပေပြီးလုပ်။

(မစိုးရိမ်ဆရာတော်)

၂၀။ အကုသိုလ်လုပ်ငန်းဆိုတာ ကိုယ်က တာဝန်ယူရတယ်၊ ကုသိုလ်လုပ်ငန်းကတော့ ကိုယ်က ဘာမျှကြောင့်ကြစိုက်ရန် မလို၊ သူကကိုယ့်ကို တာဝန်ယူတယ်။

(မင်းကွန်းတိပိဋကဆရာတော်)



www.burmeseclassic.com

www.burmeseclassic.com



၂၁။ ပေးပါ၊ ပြန်ရမယ်။ သို့သော် ပြန်ရလိုသောစိတ်နှင့် မပေးရ။

(မစိုးရိမ်ဆရာတော်)

၂၂။ ဘယ်အခါမဆို သေဝံ့အောင်နေ။

(သံယုတ်ဆရာတော်)

၂၃။ အမှန်အတိုင်း မသိတဲ့အချိန် လူမိုက်၊ အမှန်အတိုင်း သိတဲ့အချိန် ပညာရှိ။

(ဂျိုးဂျိုးကျဆရာတော်)

၂၄။ တာဝန်ကျေပါ။ မတွယ်တာပါနဲ့။

(တောင်တန်းသာသနာပြု ဆရာတော်)

၂၅။ ချမ်းသာခံစားရလေလေ ဆင်းရဲထင်ရှားလေလေ။

(သပြေကန်ဆရာတော်)

၂၆။ သေခါမှ အရှက်ကွဲရမယ်နော်။

(ပခုက္ကူတိုက်သစ်ဆရာတော်)

၂၇။ တစ်ဖက်သားကို ကြည့်တဲ့အခါ အကောင်းဘက်ကကြည့်ပါ။

(ဓမ္မာနန္ဒဆရာတော်)

၂၈။ ဖြစ်နေတဲ့သဘောတွေကို ဖြစ်နေတဲ့အတိုင်း သတိနဲ့စောင့်ကြည့်၊ အဲဒါ ဝိပဿနာပဲ။

(ချမ်းမြေ့ဆရာတော်)



www.burmeseclassic.com

www.burmeseclassic.com



၂၉။ အကုသိုလ်ဖြစ်တဲ့နေ့ဟာ ပြဿဒါးပဲ။

(ရွှေဥမင်ဆရာတော်)

၃၀။ ငါဝင်မရှုပ်နဲ့။

(မဟာဗောဓိမြိုင်ဆရာတော်)

၃၁။ အသိမှန်မှ အကျင့်မှန်မယ်။

(ယောဆရာတော်)

၃၂။ အချိန်တိုင်း တွေးနေရင် ဘဝတွေ ပြောင်းနေသည်။

(မိုးညှင်း၊ သိင်္ဂီဆရာတော်)

၃၃။ သူတစ်ပါးရဲ့ နှမ်းစေ့လောက် အပြစ်ကလေးကို မြင်တတ်ပေမယ့် မိမိရဲ့ အုန်းသီးလောက်အပြစ်ကြီးကိုတော့ မမြင်တတ်ဘူး။

(လောကနီတိ)

၃၄။ သူတစ်ပါးရဲ့အပြစ်ကို ကြည့်လွန်းသူဟာ မိမိရဲ့အပြစ်ကို ဖုံးကွယ်တတ်တယ်၊ မိမိရဲ့အပြစ်ကို ကြည့်ဖို့တော့ မေ့လျော့နေတတ်တယ်၊ မိမိရဲ့အပြစ်ကို ကြည့်တတ်ပါမှ သူတစ်ပါးရဲ့ အပြစ်ကို ခွင့်လွှတ်တတ်မယ်။

(ဒုတိယဓမ္မာနန္ဒာဆရာတော်)

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

မကောင်းတဲ့အလုပ်ဆိုတာ
အမှတ်တမဲ့လုပ်မိရုံနဲ့လည်း
အလွယ်တကူ စွဲသွားနိုင်တယ်။
ကောင်းတဲ့အလုပ်ဆိုတာ
မှတ်မှတ်ရရ လုပ်ပေမယ့်လည်း
အလွယ်တကူ ပျက်သွားနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

# လောကီရေးရာ မင်္ဂလာများ

၁။ ပဋိသန္ဓေအချိန်အခါ လ၊ ရက်၊ စေ့ရောက်သဖြင့် ဖွားမြောက်အောင်မြင်ခြင်း ဝိဇာတမင်္ဂလာ။

၂။ ဖွားသည်မှ နောက် ၃-ရက်မြောက်သောနေ့မှာ ရတနာသုံးပါးနှင့် ဘိုးဘွားဟူသော နန္ဒိမုခနတ်တို့အား ရှိခိုးပူဇော်စေခြင်း မုခဒဿနမင်္ဂလာ။

၃။ ဖွားသည်မှနောက် ၇-ရက်မြောက်သောနေ့၌ ဆံရိတ်ခြင်းဟူသော ကေသစ္ဆေဒနမင်္ဂလာ။

၄။ ကမ္ဘာဦးပညတ် ရှေးသူတော်ဟောင်းတို့ အမှတ်ပြင် ကောင်းမြတ်တင့်တယ်သောနေ့၌ ပုခက်၊ ယောဉ်တင်ခြင်းဟူသော ဒေါလာကရဏာမင်္ဂလာ။

၅။ ဖွားသည်မှနောက် ၈၅ရက်မြောက်သောနေ့၌ ကွမ်းဦးခွံ့ခြင်းဟူသောဘာမှုလ ပတ္တမင်္ဂလာ။



www.burmeseclassic.com

www.burmeseclassic.com



၆။ ဖွားသည်မှနောက် ၃-လမြောက်သောနေ့၌ နေ့လတို့ကို ပြသကြည့်ရှုစေခြင်းဟူသော ရဝိန္ဒုဒဿနမင်္ဂလာ။

၇။ ဖွားသည်မှ နောက်ရက်ပေါင်း ၁၀၀မြောက်၌ အမည်သာညာ မှည့်ခြင်းဟူသော နာမကရဏမင်္ဂလာ။

၈။ ဖွားသည်မှနောက် ၆-လမြောက်၌ ထမင်းဦးခွံ့ခြင်းဟူသော ပဌမဘတ္တမင်္ဂလာ။

၉။ သင့်တင့်လျောက်ပတ် ချိန်ရွယ်ရောက်လတ်သောအခါ ဆံထုံး ဥဩချာင်ဖွဲ့ထုံးခြင်းဟူသော ကေသဗန္ဓနမင်္ဂလာ။

၁၀။ သင့်တင့်လျောက်ပတ် ချိန်အရွယ်ရောက်လတ်သောအခါ နား ထွင်းခြင်းဟူသော ကဏ္ဏဝိဇ္ဈနမင်္ဂလာ။

၁၁။ သင့်တင့်လျောက်ပတ် အချိန်အရွယ်ကျရောက်လတ်သော အခါ သာသနာတော်တွင်းသို့ သွတ်သွင်းချီးမြှင့်ခြင်းဟူသော သာနသာနုဂ္ဂဟမင်္ဂလာ။

၁၂။ သင့်တင့်လျောက်ပတ် အချိန်အရွယ်ကျရောက်စုလျားနားစပ် (စုလျားရစ်ပတ်) လက်ထပ်ထိမ်းမြားခြင်းဟူသော အာဝါဟ ဝိဝါဟမင်္ဂလာ။

(သုတေသန သရုပ်ပြအဘိဓာန်)



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အနေဖြင့် မိမိတို့သားသမီးတွေကို မင်္ဂလာရှိသော လူသားတွေဖြစ်အောင် မင်္ဂလာတရားနှင့်အညီ ပြုလုပ်ပေးသင့်ပါတယ်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

ကောင်းတာကိုလုပ်ဖို့ထက်
မကောင်းတာကို မလုပ်မိအောင်
ကြိုးစားသင့်တယ်။
မကောင်းတာမလုပ်အောင်
ရှောင်ကြဉ်လိုက်တာဟာ
ကောင်းတာကိုလုပ်ဆောင်ဖို့
အစပျိုးလိုက်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com

# သာသနာ့အလံသမိုင်း

အမေရိကန်နိုင်ငံသား ဗုဒ္ဓဘာသာသနာပြု ဗိုလ်မှူးကြီးအိုလ်ကော့ (Colonel Henry Steel olcott ၁၈၃၂-၁၉၀၇) သူအကြံပြု တည်ထွင်ပေးခဲ့သောကြောင့် ယနေ့တိုင် ဗုဒ္ဓဘာသာဝင်တို့ လေးစားစွာ အသုံးပြုနေသော သာသနာ့အလံတော်အကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဗိုလ်မှူးကြီးအိုလ်ကော့သည် ၁၈၃၂-ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု New Jersey ပြည်နယ်မှာ မွေးဖွားခဲ့သည်။ New York City College နှင့် Columbia University တို့မှာ ပညာသင်ယူခဲ့သည်။

အမေရိကန်ပြည်တွင်းစစ်ကာလက သမ္မတကြီး လင်ကွန်း



www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်သည့်ဘက်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ဗိုလ်မှူးကြီး ရာထူး တိုးမြှင့်ခန့်အပ်ခံခဲ့ရသည်။

သူသည် ဥပဒေပညာကိုပါ လေ့လာခဲ့ရာ ရှေ့နေလည်း ဖြစ်လာခဲ့ပြီး People From the other world စာအုပ်ကိုလည်း ရေးသားခဲ့သည်။

ဗိုလ်မှူးကြီးအိုလ်ကော့သည် အိန္ဒိယနှင့်သီဟိုဠ် (ယခု သီရိလင်္ကာနိုင်ငံ)များသို့ ရောက်ရှိခဲ့ပြီး ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာခဲ့သူဖြစ်သည်။ ၁၈၈၁-ခုနှစ်တွင် သူရေးသားခဲ့သည့် Buddhist catechism စာအုပ်မှာ ယနေ့တိုင် ထင်ရှားလှသည်။

ရှေးအခါက ဗုဒ္ဓဘာသာ အထိမ်းအမှတ်များအနေဖြင့် ဘုရားရှင်တရားထူးရ နေရာဖြစ်သော ဗောဓိပင်သည်လည်းကောင်း၊ ဗောဓိညောင်ရွက်သည်လည်းကောင်း၊ ဘုရားရှင်၏ခြေတော်ရာသည်လည်းကောင်း၊ ညစ်နွံ့သောနွံထဲမှ လှပစွာ ထိုးထွက်ပွင့်လာသော ကြာပန်းကြာနိုင်ပုံများသည်လည်းကောင်း၊ မဂ္ဂင်ရှစ်ပါးကို ကိုယ်စားပြုသော တောက်တိုင်အကန့် ရှစ်ခုပါသည့် လှည်းဘီးပုံသည်လည်းကောင်း၊ ခြင်္သေ့စကြာစက်ဝန်းပုံသည်လည်းကောင်း၊ ဗုဒ္ဓနှင့် ဗုဒ္ဓဘာသာဝင်တို့၏ အထိမ်းအမှတ်များဖြစ်ခဲ့ကြသည်။

ဘုရားရှင်၏ ဦးခေါင်းတော်မှထွက်သော ရောင်ခြည်တော်



www.burmeseclassic.com

www.burmeseclassic.com



များကို ကိုယ်စားပြုသည့်အနေဖြင့် ရောင်စုံဝါးခုပါသော သာသနာ့အလံကို သီရိလင်္ကာနိုင်ငံတွင် ထုတ်ဝေသော Surasavi Sandaresa သတင်းစာတွင် ၁၈၈၅-ခုနှစ်၊ ဧပြီလ ၁၇-ရက်က ဖော်ပြခဲ့သည်။

ဗိုလ်မှူးအိုလ်ကော့သည် ယင်းဖော်ပြချက်ကို အခြေပြု၍ အပြည်ပြည်ဆိုင်ရာသုံး အလံပုံစံအရွယ်အစားမှစ၍ ပြုပြင်ကာ ၁၈၈၆-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် တိုင်စိုက်ကာ လွှင့်ထူခဲ့သည်။

၁၉၅၀-ခုနှစ်၊ မေလ ၂၅-ရက်နေ့တွင် ကျင်းပခဲ့သော World Fellowship of Buddhism ညီလာခံမှ ဗိုလ်မှူးကြီး အိုလ်ကော့၏ သာသနာ့အလံကို ဗုဒ္ဓသာသနာအလံတော်အဖြစ် တညီတညွတ်တည်း အတည်ပြုဆုံးဖြတ်ခဲ့သည်။

နိုင်ငံအလိုက် အရောင်စပ်ပုံ အနည်းငယ်ကွာခြားသည်။

ဂျပန်နိုင်ငံသုံး သာသနာ့အလံတော်တွင် လိမ္မော်ရောင်နေရာတွင် ပန်းရောင်သာပါဝင်သည်။ တိဘက်နိုင်ငံတွင် လိမ္မော်ရောင်နေရာတွင် ဇီးရောင်ဖြင့် အစားထိုးထားသည်။ မြန်မာနိုင်ငံ သာသနာ့အလံတော်တွင်ကား လိမ္မော်ရောင်အစား ပန်းရောင်ဖြင့် အစားထိုးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံအလိုက် အနည်းငယ်ခြားနားမှု ရှိသော်လည်း ဓာတ်ခြည်တော်ဓြောက်သွယ်ကို ကိုယ်စားပြုသော သာသနာ့အလံတော်များသည် ဗုဒ္ဓသာသနာတော်ကြီးနှင့်အတူ ကျက်သရေရှိစွာ လွင့်မြူး၍ နေသည်ကို ကြည်နူးဖွယ်မြင်တွေ့ကရပါတော့သည်။

(ကိုယ်ယဉ်ဇော၏ သုတတွေ့လာမှ)

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

တစ်စုစုကို

ကိုယ်ကဆုတ်ကိုင်ထားမှတော့

မြဲတယ်လို့ထင်တာပေါ့

မမြဲဘူးဆိုတာကိုသိဖို့

ဆုတ်ကိုင်ထားတဲ့အရာကို

လွှတ်ချရုံနဲ့ မပြီးပါဘူး။

မမြဲခြင်းသဘောကို သိမှပါ။



www.burmeseclassic.com

www.burmeseclassic.com

# ဘေးဆိုတာ

၁။ ဆွေမျိုးတို့၏ပျက်စီးခြင်း
၂။ ရောဂါနှိပ်စက်ခြင်း
၃။ ဥစ္စာပျက်စီးခြင်း
၄။ သီလပျက်စီးခြင်း
၅။ အယူပျက်စီးခြင်း
၆။ မင်းဘေး(အစိုးရဘေး)
၇။ ခိုးသူဘေး
၈။ ရန်သူဘေး
၉။ ငတ်မွတ်သောဘေး
၁၀။ မီးဘေး
၁၁။ ရေဘေး
၁၂။ လှိုင်းတပိုးဘေး



www.burmeseclassic.com

www.burmeseclassic.com



၁၃။ ရေဝဲဘေး

၁၄။ မိကျောင်းဘေး

၁၅။ မကာရခေါ် ငါးကြမ်းဘေး

၁၆။ မိမိကိုယ်ကိုစွပ်စွဲ၍ နောင်တပူပန်ခြင်းဘေး

၁၇။ သူတစ်ပါးက စွပ်စွဲခြင်းဘေး

၁၈။ မင်းဒဏ်၊ ဝိနည်းဒဏ်သင့်သောဘေး

၁၉။ အပါယ်ဒုဂ္ဂတိဘေး

၂၀။ ပရိသတ်အလယ်၌ ရှက်ရွံ့သောဘေး

၂၁။ မိစ္ဆာဇီဝကြောင့် သင့်သောဘေး

၂၂။ ပဋိသန္ဓေနေရခြင်းဘေး

၂၃။ အိုခြင်းဘေး

၂၄။ နာခြင်းဘေး

၂၅။ သေခြင်းဘေးတို့ပါပဲ။

(မဟာနိဒ္ဒေသ)

ဘေးအပေါင်းတို့မှ ကင်းဝေးစေဖို့က ကုသိုလ်ကောင်းမှု ပြုရုံမှတစ်ပါး အခြားမရှိပါဘူး။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

ငယ်ရွယ်စဉ်အရွယ်မှာ
ပညာကအရေးကြီးတယ်၊
အရွယ်ရောက်လာတော့
ဥစ္စာကအရေးကြီးတယ်၊
အသက်ကြီးလာတော့
ကုသိုလ်က အရေးကြီးတယ်၊
ဒါက ပုံသေနည်း
တကယ်လို့
ဥစ္စာရှာရင်းသေသွားရင် ...

www.burmeseclassic.com

www.burmeseclassic.com

# မယား ၇-မျိုး

၁။ လူသတ်သမားနှင့်တူသောမယား

ဒီလိုမိန်းမဟာ တခြားယောကျာ်းတွေအပေါ်မှာ စွဲလမ်းတဲ့စိတ်ရှိပြီး မိမိလင်အပေါ်မှာတော့ ပြစ်မှားတဲ့စိတ် ရှိပါတယ်။

မိမိလင်ရဲ့ အကျိုးစီးပွားမဲ့ကို အလိုရှိတယ်။ ဥစ္စာဖြင့်ဝယ်ထားတဲ့ကျွန်လို မထေမဲ့မြင်ပြုတယ်၊ အထင်သေးတယ်။ နောက်ဆုံးလင်ကို သတ်ဖို့တောင် ကြံစည်းပါတယ်။

၂။ ခိုးသူနှင့်တူသောမယား

လင်ရှာလို့ရရှိလာတဲ့ ပစ္စည်းဥစ္စာတွေကို ခိုးယူပြီးတော့ သုံးစွဲတယ်၊ သူများကို ပေးကမ်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၃။ အရှင်နှင့်တူသောမယား

အိမ်မှုကိစ္စတွေကို ပြုလုပ်ချင်စိတ် မရှိဘူး။ ပျင်းတယ်၊ အစားအသောက်ကြူးတယ်၊ ကြမ်းကြုတ်တယ်၊ မကောင်းတဲ့ စကားတွေကို ပြောတတ်တယ်။ ကိုယ့်အိမ်မှာ တကယ် အလုပ် လုပ်သူကိုတောင်မှ အပြစ်ပြောတတ်ပါတယ်။

## ၄။ အမိနှင့်တူသောမယား

အမြဲတမ်း လင်ရဲ့အကျိုးစီးပွားကို အလိုရှိတယ်၊ အမိက သားကို စောင့်ရှောက်သလို လင်ကိုစောင့်ရှောက် တယ်။ လင်ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာတွေကိုလည်း စနစ် တကျ စောင့်ရှောက်တယ်။

## ၅။ နှမနှင့်တူသောမယား

အစ်မ၊ နှမတွေဟာ မောင်တွေကို ရိုသေကြသလို မိမိ လင်ကို ရိုသေတယ်။ လင်ရဲ့အလိုကို လိုက်တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၆။ အဆွေခင်ပွန်းနှင့်တူသောမယား

လင်ကိုမြင်ရရင် ကြာမြင့်စွာသော ကာလမှလာတဲ့ အဆွေခင်ပွန်းကိုမြင်၍ ဝမ်းမြောက်ဝမ်းသာဖြစ်သလို ဝမ်းသာတတ်တယ်၊ သီလနှင့်ပြည့်စုံတယ်၊ လင်ကိုမြတ်နိုးတယ်၊ လင်ကိုလုပ်ကျွေးတယ်။

## ၇။ ကျွန်မနှင့်တူသောမယား

ဓိဓိလင်က ပုတ်ခတ်ခြိမ်းခြောက်စေကာမူ လင်အား အမျက်မထွက် သည်းခံတယ်၊ လင်ရဲ့အလိုကိုလိုက်တယ်။ ဒီမယား (၇)မျိုးမှာ လူသတ်သမားနဲ့တူတဲ့မယား၊ ခိုးသူနှင့်တူတဲ့မယား၊ အရှင်နှင့်တူတဲ့မယားတွေဟာ သေရင် ငရဲရောက်ပြီး ကျန်တဲ့မယားတွေကတော့ နတ်ပြည်ရောက်ပါတယ်။

(ဇာ၊ တိကနိပါတ်၊ ၃၁၅)

◆ ◆ ◆ ◆ ◆

မိုးဟိန်းဆွေဘာသပေ

www.burmeseclassic.com

www.burmeseclassic.com

အရွယ်ဆိုတာ

လူ့ဘဝမှာ ဖြတ်သန်းရင်း

ကြုံတွေ့ရတဲ့ အခိုက်အတန့်ပါ။

အခု နုပျိုနေစေမယ့်

ခဏလေးအတွင်း အိုသွားတယ်။

ဒီသဘောကို အသေအချာသိဖို့ဆိုတာ

ဓမ္မမျက်လုံးဖြင့် ကြည့်တတ်မှ

မြင်တာပါ။

www.burmeseclassic.com

www.burmeseclassic.com

# အရွယ်များ

၁။ မန္ဒဒသက
မွေးဖွားသည်မှ ၁၀–နှစ်အတွင်း သတိပညာနဲ့နေးလျက် နုနယ်သေးတဲ့ ကလေးအရွယ်။

၂။ ခိဍ္ဍာဒသက
၁၁ နှစ်မှ အနှစ် ၂၀ အတွင်း မြူးထူးပျော်ရွှင်ခြင်း များတဲ့အရွယ်။

၃။ ဝဏ္ဏဒသက
၂၁ နှစ်မှ အနှစ် ၃၀အတွင်း အရောင်အဆင်းလှပတဲ့ အရွယ်။

၄။ ဗလဒသက
၃၁ နှစ်မှ အနှစ် ၄၀ အတွင်း အားခွန်ပြည့်ဖြိုးလျက် သန်မာတဲ့အရွယ်။

www.burmeseclassic.com

www.burmeseclassic.com



၅။ ပညာဒသက

၅၁ နှစ်မှ အနှစ် ၅၀အတွင်း အတွေးအခေါ်ကောင်းလျက် အသိဉာဏ်ပညာပွင့်လင်းတဲ့အရွယ်။

၆။ ဟာနိဒသက

၅၁ နှစ်မှ အနှစ် ၆၀အတွင်း အဖျော်နည်းပါး အဆင်းခွန်အား ဉာဏ်ပညာ ဆုတ်ယုတ်လာတဲ့အရွယ်။

၇။ ပဗ္ဘာရဒသက

၆၁ နှစ်မှ အနှစ် ၇၀ အတွင်း ရှေ့သို့ကိုင်းလျက် လေးလံထိုင်းမှိုင်းလာတဲ့အရွယ်။

၈။ ဝင်္ကဒသက

၇၁ နှစ်မှ အနှစ် ၈၀ အတွင်း ခါးကုန်းလာတဲ့အရွယ်။

၉။ မောမူဟဒသက

၈၁ နှစ်မှ အနှစ် ၉၀ အတွင်း မေ့လျော့လာတဲ့အရွယ်။

၁၀။ သယနဒသက

၉၁ နှစ်မှ အနှစ် ၁၀၀အတွင်း သိပ်မလှုပ်ရှားနိုင်ဘဲ အိပ်ရာညောင်စောင်း လဲလျောင်းနေသောအရွယ်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

တန်ဖိုးရှိတဲ့လူဖြစ်ဖို့ဆိုရင်

ကိုယ့်ကိုယ်ကို ဘာလဲဆိုတာကို

အရင်သိအောင်လုပ်ရတယ်။

ကိုယ်ကဘာဆိုတာကိုသိရင်

ကိုယ့်တန်ဖိုးကျစေမဲ့ အရာတွေကို

မပြောတော့ဘူး၊ မလုပ်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com

# ရဟန်းသာမဏေတို့ လူတို့အား မပြုလုပ်ပေးသင့်သောအရာများ

၁။ လူအများကို ဆေးကုပေး၍ ပစ္စည်းရှာခြင်း
၂။ လူတို့၏ခရီးရှည် စေတမန်လုပ်ခြင်း
၃။ လူတို့၏အနီအပါး အစေအပါးခံခြင်း
၄။ အနာကို ဓားခွဲပေးခြင်း
၅။ ဆေးလိမ်းပေးခြင်း
၆။ ပို့အန်ဆေးပေးခြင်း
၇။ ဝမ်းနုတ်ဆေးပေးခြင်း
၈။ နှာနပ်ပေးခြင်း
၉။ မျက်စဉ်းပေးခြင်း

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



၁၀။ ဝါးပေးခြင်း

၁၁။ သစ်ရွက်၊ သင်ဝယ်၊ သွပ် စသည်ပေးခြင်း

၁၂။ ပန်းပေးခြင်း

၁၃။ စားဖွယ်သစ်သီးပေးခြင်း

၁၄။ ရေချိုးဆပ်ပြာပေးခြင်း

၁၅။ အိန်ပူပေးခြင်း

၁၆။ မျက်နှာသစ်ရေပေးခြင်း

၁၇။ ပေါင်အိပေးခြင်း

၁၈။ မြေညက်ပေးခြင်း

၁၉။ မိမိကိုယ်ကိုယ် နှိမ်ချ၍ ကျွန်တော်၊ နင်၊ ငါ ကျွန်ုပ်စသော ဝေါဟာရကို သုံးစွဲခြင်း

၂၀။ လိမ်လည်ဝါကြွားပြောဆိုခြင်း

၂၁။ ကလေးထိန်းခြင်းတို့ပါပဲ။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

တရားအသိရှိဖို့ဆိုရင်

အသိတရားကို အခြေခံရတယ်။

လူမှာ

အသိတရားမရှိရင်

တရားအသိမရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com

# ဓာရဏာပရိတ်ဟာ ဘုရားဟောလား

ပရိတ်ဆိုတာ

ထက်ဝန်းကျင်မှ ဘေးရန်အန္တရာယ် အသွယ်သွယ်တို့ကို ကာကွယ်စောင့်ရှောက်တတ်သော မင်္ဂလာသုတ်၊ ရတနာသုတ်စသော တရားတော်ကို ခေါ်ဆိုတာဖြစ်ပါတယ်။

အဲဒီပရိတ်တရားများကို ရွတ်ဖတ်သူ၊ နာကြားသူတွေဟာ မဖြစ်သေးသော (ဖြစ်တော့မည်ဖြစ်သော) ဘေးရန်အန္တရာယ်များကို မဖြစ်ပေါ်ရအောင် ကာကွယ်စောင့်ရှောက်ပြီး၊ ဖြစ်ပေါ်နေတဲ့ ဘေးရန်များကို ချုပ်ငြိမ်းစေပါတယ်။

ဒါ့အပြင်

ပရိတ်ရွတ်ဖတ်သူတွေကိုလည်း ကောင်းကျိုးချမ်းသာ မင်္ဂလာတရားတွေ ဖြစ်စေနိုင်လို့လည်း 'ပရိတ်'ဟုခေါ်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ပရိတ်များကို ရွတ်ဖတ်တဲ့အခါမှာ

၁။ ပါဠိတော်များကို မှန်ကန်စွာရွတ်ဖတ်ခြင်း

၂။ အနက်အဓိပ္ပါယ်ကိုသိခြင်း

၃။ လာဘ်ရလိုစိတ်မရှိခြင်း

၄။ မေတ္တာကရုဏာတရားကို ရှေ့သွားပြုကာ စင်ကြယ်သောစိတ်ဖြင့် ရွတ်ဖတ်ပါမှ အကျိုးရှိတာပါ။

ပရိတ်နာသူကလည်း

၁။ ပဥ္စာနန္တရိယကံငါးပါးဆိုတဲ့ ကမ္မန္တရာယ်မရှိခြင်း

၂။ နိယတ မိစ္ဆာဒိဋ္ဌိတည်းဟူသော ကိလေသာအန္တရာယ်မရှိခြင်း။

၃။ ပရိတ်ပါဠိတော်၏ဂုဏ်ကျေးဇူးကို မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံခြင်းဟု အင်္ဂါ(၃)ချက်နှင့် ပြည့်စုံမှ အကျိုးရှိပါတယ်။ ဒါက ပရိတ်နဲ့ပတ်သက်ပြီး လိုက်နာသင့်တာပါ။

ဓာရဏပရိတ်ဆိုတာ

ဘုရားရှင်မှတစ်ပါး ဘယ်သူတစ်ဦးတစ်ယောက်ထံမှ မရှိနိုင်သော ဂုဏ်တော်တွေကို စုစည်းဖွဲ့ဆိုချီးကျူးပူဇော်ထားသော ပရိတ် ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'တာရဏ'ဆိုတဲ့ ပါဠိစကားလုံးက 'ဆောင်ခြင်း'ဆိုတဲ့ မြန်မာအနက်ကို ထွက်ပါတယ်။

ဆောင်ထားသင့်သော ဘုရားဂုဏ်တော်များကို ဆောင်ထားပါက အကျိုးကျေးဇူးကြီးမားပြီး အန္တရာယ်တွေကို ကာကွယ်တားဆီးနိုင်လို့လည်း တာရဏပရိတ်လို့ ခေါ်တာပါ။

တာရဏပရိတ်ရဲ့အစမှာ ဘုရားရှင်ကို ဘယ်သူမှ အန္တရာယ်မပြုနိုင်တဲ့ ဂုဏ်(၄)ပါးကို ဖော်ပြထားပြီး အလယ်မှာတော့ ဘုရားရှင်မှတစ်ပါး တခြားဘယ်ပုဂ္ဂိုလ်မှ မရှိနိုင်တဲ့ အာဝေဏိကဂုဏ်တော်(၁၈)ပါးကို ထည့်ထားပြီး အဆုံးမှာတော့ ဘုရား(၇)ဆူကို ရှိခိုးထားပါတယ်။

(ဒီစာစုရဲ့ အဆုံးမှာတော့ တာရဏပရိတ်ပါဠိတော်နှင့် တောင်စွန်းမြို့၊ မွေ့ဒူတတောရ ဆရာတော်အရှင်ပညာဇောတ အနက်ပြန်ထားတဲ့ တာရဏပရိတ်အနက်ကို ထည့်သွင်းပေးလိုက်ပါတယ်။ ရွတ်ဖတ်ပူဇော်လိုသူတွေ အဆင်ပြေအောင်လို့ပါ)

တာရဏပရိတ်ရွတ်ဖတ်နာယူသူတွေဟာ အကျိုးတရား အလွန်များစွာ ရနိုင်ပါတယ်။ အဲဒါတွေကတော့

ဆင်းရဲခြင်းမရှိဘူး။

အဆိပ်မိခြင်း ရေနစ်ခြင်း မီးလောင်ခြင်း စတဲ့ ဘေးတွေမှ

www.burmeseclassic.com

www.burmeseclassic.com



လွတ်ကင်းနိုင်တယ်။ ဘူတစ်ပါး မကောင်းမကြံနိုင်ဘူး။

အရူးရောဂါမဖြစ်ဘူး။

လူ၊ နတ်၊ ဘီလူး စသောသူတွေက မိမိကိုမညှင်းဆဲ မဖျက်ဆီး မနှိပ်စက်နိုင်ပါဘူး။

စည်းစိမ်ရာထူးတွေ တိုးတက်ပါတယ်။

စိတ်ချမ်းသာ ကိုယ်ချမ်းသာတယ်။

ဆိုရလျှင်

ဓာရဏပရိတ်တော်ကြောင့် ရနိုင်တဲ့ အကျိုးတရားတွေက အများကြီးဖြစ်လို့ ရွတ်ဖတ်သင့်သော ပရိတ်တစ်ခုဖြစ်ပါတယ်။

ဒါပေမဲ့

ဓာရဏပရိတ်တာ ဘုရားဟောမဟုတ်ပါဘူး။

ရှေးဆရာတော်ကြီးများက ဘုရားဂုဏ်တော်များကို ပူဇော်ခြင်းလို့ ရေးသားထားတာ ဖြစ်ပါတယ်။ ဘုရားဟောမဟုတ်ပေမယ့် လည်း ဘုရားဂုဏ်တော်ကို ရှိခိုးထားတာမို့ ရွတ်သင့်သော ပရိတ်ဟု ဆိုပါရစေ။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# တာရဏာမရိတ်ပါဠိတော်

၁။ ဗုဒ္ဓါနံ ဇီဝိတဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။

၂။ ဗုဒ္ဓါနံ သဗ္ဗညုတဉာဏဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။

၃။ ဗုဒ္ဓါနံ အဘိဟဋာနံ စတုန္နံ ပစ္စယာနံ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။

၄။ ဗုဒ္ဓါနံ အသီတိယာနု ဗျဉ္ဇနာနံ ဗျာမပ္ပဘာယဝါ နသက္ကာ ကေနစိ အန္တရာယောကာတုံ၊ တထာမေ ဟောတု။

**အဝေဏိကဂုဏ်တော် (၁၈)ပါး**

၁။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ။

၂။ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ။



www.burmeseclassic.com

www.burmeseclassic.com



၃။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံဉာဏံ။

ဣမေဟိ တီဟိဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော။

၄။ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

၅။ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

၆။ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော။

၇။ နတ္ထိ ဆန္ဒဿ ဟာနိ

၈။ နတ္ထိ ဓမ္မဒေသနာယ ဟာနိ

၉။ နတ္ထိ ဝီရိယဿ ဟာနိ

၁၀။ နတ္ထိ သမာဓိဿ ဟာနိ

၁၁။ နတ္ထိ ပညာယ ဟာနိ

၁၂။ နတ္ထိ ဝိမုတ္တိယာ ဟာနိ

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော။

၁၃။ နတ္ထိ ဒဝါ

၁၄။ နတ္ထိ ရဝါ

၁၅။ နတ္ထိ အဖုဋံ

၁၆။ နတ္ထိ ဝေဂါယိတတ္တံ

၁၇။ နတ္ထိ အဗျာဝဋမနော

www.burmeseclassic.com

www.burmeseclassic.com



၁၈။ နတ္ထိ အပ္ပဋိသန္ဓိနုပေက္ခာ။

တ္တုမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နသက္ကာကေနစိ အန္တရာယော ကာတုံ၊ တထာဂမေ ဟောတု။

တ္တုမေဟိ အဋ္ဌာရသတိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

သဿဒ္ဓမ္မ ဂဏုတ္တမော သမ္မာသမ္ဗုဒ္ဓေါ သပရိဝါရံ သညာတိဂဏံ ရက္ခတုမံ စိရံသဒါ၊ သမ္ပကာမဒဒဒေါ ဟောတု မယှမေဝ စိရံသဒါ။

တဒေဝ ဝစနံ သစ္စံ၊ ဘဂဝန္တံ နမာမဟံ။

ဧတေန သစ္စဝဇ္ဇေန၊ စိန္တာ မယှံ သမိဇ္ဈတံ။

(မူကွဲရှိနိုင်သည်)

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# တရဏာမရိတ်အနက်

၁။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဇီဝိတဿ၊ အသက်တော်၏။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ တစ်စုံတစ်ယောက်သောသူမျှပင်။ ကာတုံ၊ ပျက်စီးအောင်ပြုခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်။

၂။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ သဗ္ဗညုတဉာဏဿ၊ သဗ္ဗညုတဉာဏ်တော်၏။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ တစ်စုံတစ်ယောက်သောသူမျှပင်။ ကာတုံ၊ ပျက်စီးအောင် ပြုခြင်းငှာ။ နသက္ကာ မတတ်နိုင်။

၃။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ အဘိဟဋနံ၊ ရှေးရှုဆောင်အပ်ကုန်သော။ စတုန္နံ၊ လေးပါးကုန်သော။ ပစ္စယာနံ၊ ပစ္စည်းတို့၏။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ တစ်စုံတစ်ယောက်သောသူမျှပင်။ ကာတုံ၊ ပျက်စီးအောင်ပြုခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



၄။ ဗုဒ္ဓိနံ၊ မြတ်စွာဘုရားတို့၏။ အသီတိယာနုဗျဉ္ဇနာနံ၀၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့၏လည်းကောင်း။ ဗျာမပ္ပဘာယ၀၊ တစ်လံမျှလောက်သော ကိုယ်တော်ရောင်၏လည်းကောင်း။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ တစ်စုံတစ်ယောက်သော သူမျှပင်။ ကာတုံ၊ ပျက်စီးအောင်ပြုခြင်းငှာ၊ နသက္ကာန၊ မတတ်နိုင်။

ဣမေသံ-စတုန္နံ၊ သက်တော်ဉာဏ်တော် ပစ္စည်းတော်နှင့် ကိုယ်တော်ရောင်ခြည် ဤလေးမည်တို့၏။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ တစ်စုံတစ်ယောက်သောသူမျှပင်။ ကာတုံ၊ ပျက်စီးအောင်ပြုခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်။ တထာ၊ ထိုနည်းမခြား အလားတူစွာ။ မေ၊ တပည့်တော်အား။ ဟောတု၊ ဖြစ်ပါစေသတည်း။

## အဝေဏိကဂုဏ်တော် (၁၈)ပါး

၁။ အတီတံသေ၊ ရှေးရှေးဘဝ အတိတ်ကလျှင် တွေ့ရသမျှ တရားအစုဝ်၌။ ဗုဒ္ဓဿ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုး ဂုဏ်နှင့် ပြည့်စုံပေခြား မြတ်ဘုရား၏။ ဉာဏံ၊ သိရှိမှုမှ်ပ မကျန်ရ အောင် လုံးဝစုံလင် အကုန်မြင်သော ဉာဏ်တော်သည်။ အပ္ပဋိဟတံ၊ မောဟမှောင်ကြီး ရှေးကဆီး၍ အပြီးကွယ်ကာ မတားမြစ်နိုင်ပါ တကား။



www.burmeseclassic.com

www.burmeseclassic.com



၂။ အနာဂတံသေ၊ နောက်နောင်လာလတ္တံ့အနာဂတ်ဝယ် တွေ့အပ်သမျှ တရားအစု၌။ ဗုဒ္ဓဿဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေပြား မြတ်ဘုရား၏။ ဉာဏံ၊ သိရန်မှန်ပ မကျန်ရအောင် လုံးဝစုံလင် အကုန်မြင်သော ဂုဏ်တော်သည်။ အပ္ပဋိဟတံ၊ မောဟတမှောင်ကြီး ရှေးကဆီး၍ အပြီးကွယ်ကာ မတားမြစ်နိုင်ပါတကား။

၃။ ပစ္စုပ္ပန္နံသေ၊ ပစ္စုပ္ပန်ခဏ ခုဘဝဝယ် တွေ့ရသမျှ တရားအစု၌။ ဗုဒ္ဓဿ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေပြား မြတ်ဘုရား၏။ ဉာဏံ၊ သိရန်မှန်က မကျန်ရအောင် လုံးဝစုံလင် အကုန်မြင်သော ဉာဏ်တော်သည်။ အပ္ပဋိဟတံ၊ မောဟတမှောင်ကြီး ရှေးကဆီး၍ အပြီးကွယ်ကာ မတားမြစ်နိုင်ပါတကား။

တိဟိ၊ အတိတ်အနာဂတ် ပစ္စုပ္ပန်သုံးတန်ကုန်သော။ ဣမေဟိ မမွေဟိ၊ ဆီးတားကွယ်ကာ မရှိပါဘဲ လိုရာပြည့်စုံ ဤဂုဏ်တော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံလုံလောက် အထမြောက်တော်မူပြီးသော။ ဗုဒ္ဓဿ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ၊ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေပြား မြတ်စွာဘုရား၏။

၄။ သဗ္ဗံ ကာယကမ္မံ၊ ကိုယ်ဖြင့်ပြု၍ ကာယကံမှန်သမျှသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ သတိတမန် အမြဲခံလျက် ဉာဏ်တော်တရားရှေ့သွား



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်ဖြစ်၍။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်ရှေ့ကဖြစ်ပြီးမှလျှင် နောက်ကစိုက်စိုက်လိုက်ရပေသည်တကား။

၅။ သဗ္ဗံ ဝစီကမ္မံ၊ နှုတ်ဖြင့်ပြောရန် ဝစီကံမှန်သမျှသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ သတိတမန် အမြဲခံလျက် ဉာဏ်တော်တရား ရှေ့သွား ရှိသည်ဖြစ်၍။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်ရှေ့ကဖြစ်ပြီးမှလျှင် နောက်ကစိုက်စိုက်လိုက်ရပေသည်တကား။

၆။ သဗ္ဗံ မနောကမ္မံ၊ စိတ်ဖြင့်ကြံရန် မနောကံမှန်သမျှသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ သတိတမန် အမြဲခံလျက် ဉာဏ်တော်တရား ရှေ့သွား ရှိသည်ဖြစ်၍။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်ရှေ့က ဖြစ်ပြီးမှလျှင် နောက်ကစိုက်စိုက် လိုက်ရပေသည်တကား။

ဆဟိ၊ ကာလသုံးတန် ကံလည်းသုံးပါး ဤသို့အားဖြင့် ခြောက်ပါးကုန်သော။ ဣမေဟိဓမ္မေဟိ၊ ဆီးတားကွယ်ကာ မရှိပါဘဲ လိုရာပြည့်စုံ ဤဂုဏ်တော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံလုံလောက် အထမြောက်တော်မူပြီးသော။ ဗုဒ္ဓဿ ဘာဝတော၊ ဘုန်းတော် ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေခြား မြတ်စွာဘုရား၏။

၇။ ဆန္ဒဿ၊ သတ္တဝါတို့ထို စီးပွားကိုလျှင် ပြုလိုသောအား ကြီးမားသော ဆန္ဒတော်၏။ ဟာနိ၊ သတ္တဝါချို့ယွင်း အားကုန်ခြင်း ကြောင့် မတင်းနိုင်တော့ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ဘယ်အခါကာလ



www.burmeseclassic.com

www.burmeseclassic.com



သံမယမှ ခဏအနေမရှိပါချေတကား။

၈။ မဂ္ဂဒေသနာယ၊ တရားမဂ္ဂ ပြဋ္ဌါဒကို နေ့ညခပင်း ဟောပြခြင်း၏။ ဟာနိ၊ သတ္တိချို့ယွင်း အားကုန်ခြင်းကြောင့် မဟာင်းနိုင်တော့ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါချေတကား။

၉။ ဝီရိယဿ၊ ပရိယတ် ပဋိပတ်၌ မပြတ်ကြိုးကုတ် အားထုတ်နိုင်သော ဝီရိယတော်၏။ ဟာနိ၊ သတ္တိချို့ယွင်း အားကုန်ခြင်းကြောင့် မတင်းနိုင်တော့ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေမရှိပါချေတကား။

၁၀။ သမာဓိဿ၊ အာရုံတစ်ခု စူးစိုက်ရှု၍ စိတ်ခုမြားမြောင် တည်တံ့အောင် ထားနိုင်သော သမာဓိတော်၏။ ဟာနိ၊ သတ္တိချို့ယွင်း အားကုန်ခြင်းကြောင့် မထင်နိုင်တော့ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါချေတကား။

၁၁။ ပညာယ၊ သိရန်မှန်က မကျန်ရအောင် လုံးဝစုံလင် အကုန်သိမြင်သော ပညာတော်၏။ ဟာနိ၊ သတ္တိချို့ယွင်းအားကုန်ခြင်းကြောင့် မတင်းနိုင်တော့ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေမရှိပါချေတကား။

၁၂။ ဝိမုတ္တိယာ၊ ကိလေသာမာန် သူပုန်ရန်မှ ကေန်သို့ရှင်း

www.burmeseclassic.com

www.burmeseclassic.com



လွတ်ကင်းသော အရဟတ္တဖိုလ်၏။ ဟာနိ၊ သတ္တိချို့ယွင်း အားကုန်ခြင်းကြောင့် မတင်းနိုင်တော့ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအခနေမရှိပါချေတကား။

ဒွါဒသတိ၊ ကာလသုံးတန် ကံလည်းသုံးဝ မမွှခြောက်ပါး ဂုဏ်သို့အားဖြင့် တစ်ဆယ့်နှစ်ပါးကုန်သော။ တ္ထာမေဟိဓမ္မေဟိ၊ ဆိုးတား ကွယ်ကာမရှိပါဘဲ လိုရာပြည့်စုံ ဂုဏ်တော်တို့နှင့်။ သမန္နာဂတသော၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေခြားမြတ်စွာဘုရား၏။

၁၃။ ဒဝါ၊ အကျိုးမဖတ် အပျက်မချော် ပြုမှုသည်။ နတ္ထိ၊ ဘယ်ခါကာလသမယမှ ခဏအခနေ မရှိပါချေတကား။

၁၄။ ရဝါ၊ မဆင်မခြင် စိတ်၌ထင်သော် အလျင်ပြောမှု ပြုလုပ်မှုသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအခနေ မရှိပါချေတကား။

၁၅။ အဖုဋ္ဌံ၊ ဉာဏ်တော်မပျံ့မနှံ့စပ်သော ကိစ္စသည်။ နတ္ထိ၊ ဘယ်ခါ ကာလသမယမှ ခဏအခနေ မရှိပါချေတကား။

၁၆။ ဝေဂါယိတတ္တံ၊ မြင်ရသူများ လန့်၍သွားအောင် ပြေးသွားသမှုအဟုန်ဖြင့် ပြုရသည်၏ အဖြစ်သည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအခနေ မရှိပါချေတကား။

www.burmeseclassic.com

www.burmeseclassic.com



၁၇။ အဗျာပဇ္ဇမနော၊ သတ္တဝါအမျိုးမျိုး စီးပွားတိုးအောင် အကျိုးမဲ့ ကြောင့်ကြမဲ့စိတ်သည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါချေတကား။

၁၈။ အပ္ပဋိသင်္ခါနုပေက္ခာ၊ စဉ်းစားသမှု ဉာဏ်ဖြင့်မပြုဘဲ လျစ်လျူရှုကာ ဥပေက္ခာလည်း။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါချေတကား။

* အဋ္ဌာရသတိ၊ ကာလသုံးတန် ကံလည်းသုံးဝ ဓမ္မခြောက်သွယ် ပြုပွယ်ခြောက်ပါး ဤသို့အားဖြင့် များပြားဘိတုံ တစ်ဆယ့်ရှစ်ပါး ကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဆိုးတားကာကွယ် မရှိပါဘဲ လိုရာပြည့်စုံ ဤဂုဏ်တော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံလုံလောက် အထခြောက်တော်မူပြီးသော။ ဗုဒ္ဓဿ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့်ပြည့်စုံပေပြီး မြတ်စွာဘုရားအား။ ကေနစိ၊ တစ်စုံတစ်ယောက်သောသူမှုပင်။ အန္တရာယော၊ အန္တရာယ်ကို။ ကာတုံ၊ ပျက်စီးအောင်ပြုလုပ်ခြင်းငှာ။ နသက္ကာဝ၊ မတတ်နိုင်။ တထာ၊ ထိုနည်းမခြား အလားတူစွာ။ မေ၊ ဘုရားတပည့်တော်အား ဟောတု၊ ဖြစ်ပါစေသတည်း။

**ဆုတောင်း**

သဿဒ္ဓမ္မဝဏ္ဏတွာမော၊ သဒ္ဓမ္မသုံးဖြာ မြတ်သောအရိယာဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



ရှစ်ပါးတို့နှင့်လည်းတကွ ဖြစ်တော်မူပေထသော။ သမ္မာသမ္ဗုဒ္ဓေါ၊ သိစရာမှန်သမျှတို့ကို တစ်စမကျန် အမှန်အတိုင်းသော ဆရာမလို ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရားသည်။

ံ သပရိဝါရံ၊ ခြွေရံသင်းပင်းနှင့်တကွသော။ သဉာတိဂဏံ၊ ဆွေမျိုးအပေါင်းနှင့်တကွသော။ မံ၊ ဘုရားတပည့်တော်ကို။ စိရံ၊ ကြာမြင့်စွာ။ သဒ္ဒါ၊ အခါခပ်သိမ်း။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။

မယှမေဝ၊ ဘုရားတပည့်တော်အားသာလျှင်။ စိရံ၊ ကြာမြင့်စွာ။ သဒါ၊ အခါခပ်သိမ်း။ သဗ္ဗကာမဒဒေါ၊ ခပ်သိမ်းလိုအင်စုံလင်စေမှု အောင်ဆုပေးတော်မူသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

• တဒေဝခန်၊ တစ်ဆင့်ရှစ်ပါး။ အာဝေဏိက၊ ဘုရားကျေးဇူး ဂုဏ်အထူးတို့ကို ချီးကျူးကြည်ညို ဖွင့်ဆိုမြွက်ကြား ထိုစကားသည် သာလျှင်။ သစ္စံ၊ မတိမ်းမစောင်း ကောင်းမြတ်ကောန် စင်စစ်မှန်၏။

ဘဂဝန္တံ၊ အာဝေဏိက မမှာဘုန်းတုန် ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ ဘုရားအစုံ ကိုယ်လုံး တုံ၍ ကြည်ယုံတော်ရော် တပည့်တော်သီသည်။ နမာမိ၊ ကိုယ်နှုတ် နှလုံး သုံးပါးပျော့ပျောင်း မာန်ကိုလျော့၍ ကန်တော့မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးဦးညွတ်ပါ၏ မြတ်စွာဘုရား။



www.burmeseclassic.com

www.burmeseclassic.com



ဧတေန သစ္စပုဒ္ဒေန၊ ဗုဒ္ဓမမ္မဋ္ဌာရသကို ထုတ်ဆိုသစ္စာ သန္နိ မြတ်နိုး ရှိခိုးဦးညွတ်ရပါသော ကောင်းမှုကုသိုလ်စေတနာတို့ကြောင့်၊ မယုံ၊ ဘုရားအာရုံ ကိုယ်လုံးထုံ၍ ကြည်ယုံကော်ရော် တပည့်တော်၏။ စိန္တာဂလောကီလောကုတ် ပစ္စုပ်သံသာ နှစ်ဖြာအကျိုးပွားတိုးဖို့ရန် တောင့်တာအပ်သမျှ ကောင်းမြတ်သော အကြံအစည်သည် သမိဇ္ဈတံ၊ သံမိဇ္ဈတု၊ ကြံစည်သည့်အတိုင်း မဆိုင်းလျင်စွာ ပြည့်စုံအောင် မြင်ပါစေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

လူတော်ဆိုတာ

မနေ့ကထက်

ဒီနေ့ပိုကောင်းအောင်လုပ်တယ်။

လူကောင်းဆိုတာ

မနေ့ကစိတ်ထားထက်

ဒီနေ့စိတ်ထားပိုကောင်းအောင်လုပ်တယ်

www.burmeseclassic.com

www.burmeseclassic.com

# စစ်မဲ့တွေနဲ့ကမ္ဘာ

ရန်ရှာသူကို၊ စစ်မလိုနှင့်
ကုသိုလ်တရား၊ မဖြစ်ပွားဘူး။
မာန်ကြွားလွှမ်းမိုး၊ ခွန်အားကိုးလျက်
စစ်ထိုးခြင်းဟူ၊ အပြစ်ထူ၏။
ဗိုလ်လူအပေါင်း ပျက်စီးကြောင်းတည်း။

(မဃဒေဝ၊ ၁၉၄)

ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံအများစုဟာ စစ်ပွဲတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။ မြန်မာနိုင်ငံမှာလည်း နှစ်ပေါင်းခြောက်ဆယ်ကျော်လွန်လာခဲ့ပေမယ့် စစ်မီးတွေက မငြိမ်းသေးပါ။

ဘာကြောင့် စစ်ဖြစ်တာလဲ။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



စစ်ဖြစ်ကြောင်းတရား (၁၃)ပါး ရှိပါတယ်။

၁။ နယ်မြေသတ်မှတ်မှုကြောင့်

၂။ မြေပေါ်၊ မြေအောက်၊ သယံဇာတပစ္စည်းတွေ လိုချင်မှုကြောင့်

၃။ ဆင်ကောင်း၊ မြင်းကောင်း လိုချင်မှုကြောင့်

၄။ စစ်လက်နက်ပစ္စည်း လိုချင်မှုကြောင့်

၅။ သမီးကညာ လိုချင်မှုကြောင့်

၆။ သွေးခွဲမှုကြောင့်

၇။ သစ္စာဖောက်မှုကြောင့်

၈။ စေပါးသော ရာဇသံစကားကို နားလည်မှု မှားယွင်းခြင်းကြောင့်

၉။ လူမျိုးရေး၊ ဘာသာရေးကြောင့်

၁၀။ မင်းအစိုးရတို့ တိုင်းပြည်ကို မစောင့်ရှောက်ခြင်းကြောင့်

၁၁။ စစ်သည်အင်အား နည်းပါးမှုကြောင့်

၁၂။ ကုန်သည်ပွဲစားတို့ လောဘကြီးမှုကြောင့်

၁၃။ ရန်ငြိုးအာဃာတကြောင့်ပါ။

အထက်ပါ (၁၃)ချက်ဟာ စစ်ဖြစ်ကြောင်းများ ဆိုင်က



www.burmeseclassic.com

www.burmeseclassic.com



စစ်ပြေငြိမ်းကြောင်း အကြောင်းတရားကလည်း (၁၂)ပါးရှိပါတယ်။ ဒီ(၁၂)ချက်မှာ တချို့သောအချက်တွေကတော့ လူတိုင်း နိုင်ငံတိုင်း အတွက် မဟုတ်ပါဘူး။

၁။ စစ်တပ်ဖြန့်ချိ စိစဉ်မှု၌ ကျွမ်းကျင်လိမ္မာခြင်း

၂။ မင်းနဲ့အမတ် စည်းလုံးညီညွတ်ခြင်း

၃။ သေနာပတိချုပ် ခန့်ထားစီရင်တိုင်း မဆိုင်းမတွ လိုက်နာခြင်း

၄။ စစ်ကူရှိကြွာ မပြတ်ထောက်ပံ့ခြင်း

၅။ သူရဲကောင်းပေါ်များခြင်း

၆။ ယတြာမန္တန် ပြုလုပ်စီရင်ခြင်း

၇။ ဇာတာစန်းလဂ်တတ်ခြင်း

၈။ စားနပ်ရိက္ခာ ပြည့်စုံပိုလျှံခြင်း

၉။ တိုင်းနိုင်ငံအတွင်း အနာရောဂါကင်းရှင်းခြင်း

၁၀။ လူသိုလ္ဘတ်၍ ရှုပ်ထွေးကွဲပြားစေခြင်း

၁၁။ ဗလိနတ်စာပူဇော်ခြင်း

၁၂။ လက်နက်ကောင်းများ ရှိခြင်းတို့ပါပဲ။

◆ ◆ ◆ ◆ ◆

မိုးတိမ်သွေ့စာပေ

www.burmeseclassic.com

www.burmeseclassic.com

သူ့အမှားတွေ အပြစ်တွေကို
ပါးစပ်အရသာခံပြီးပြောလို့
သူကတော့ ဘာမှမပြစ်ဘူး၊
ကိုယ့်မှာသာ
စိတ်ခက်အဆင့်အတန်း
နိမ့်ကျသွားတယ်။

မိုက်ဘွေမာပေ

www.burmeseclassic.com

www.burmeseclassic.com

# ဘုရားရှင်လက်ထက် မြေမျိုခံရသူများ

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာလအတွင်းမှာ အကုသိုလ်ကြီးမားသဖြင့် အရှင်လတ်လတ်မြေမျိုခံရသူ (၅)ဦးရှိပါတယ်။ သူတို့တွေကတော့

## ၁။ ဒေဝဒတ်

ဒေဝဒတ်ဆိုတာ ဘုရားရှင်ကို အမိကတိုက်ခိုက်နေတဲ့ ရန်သူတစ်ဦးဖြစ်ပြီး အလွန်ထင်ရှားပါတယ်။

ယသော်ဓရာရဲ့ မောင်အရင်းဖြစ်ပြီး ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားရဲ့ ယောက်ဖ၊ အရှင်ရာဟုလာရဲ့ ဦးလေး အရင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



အရှင်ဒေဝဒတ်မထေရ်ဟာ သမာပတ် ၈-ပါး၊ အဘိညာဉ် ၅-ပါးကို ရရှိပြီးမှ မသူတော်တရား ၈-ပါး လွှမ်းမိုးခံရပြီးနောက် ဆုံးဘုရားရှင်ကို သေွးစိမ်းတည်အောင်လုပ်ခြင်း၊ သံဃာသင်းခွဲခြင်းများကြောင့် မြေမျိုခဲ့တာပါ။

ဒေဝဒတ်ဟာ ဘုရားလက်ထက်တစ်ခုတည်းမှာ မြေမျိုခံရတာ မဟုတ်ပါဘူး။ ကလာဗုမင်းဘဝက တစ်ကြိမ်၊ တောမုဆိုးအဖြစ် တစ်ကြိမ်၊ မဟာပတာပမင်းအဖြစ် တစ်ကြိမ် စုစုပေါင်းလေးကြိမ် မြေမျိုခံရပါတယ်။

(မနောပဒ-၅.၁၊ ၉၅)

## ၂။ သုပ္ပဗုဒ္ဓ

ဒေဝဒတ်နဲ့ ယသောဓရာတို့ရဲ့ ဖခင်ဖြစ်ပြီး သာကီဝင်မင်းတစ်ပါးဖြစ်ပါတယ်။

သူက ဘုရားရှင်ကို တောထွက်ကတည်းက အမြိုးရှိနေခဲ့တာပါ။ သူ့သမီးကို ထားခဲ့လို့ဆိုပြီး၊ နောက်အခါ ဘုရားဖြစ်လို့ သားဖြစ်သူ ဒေဝဒတ် ရယာန်းပြုသွားတာကိုလည်း မြတ်ဗုဒ္ဓကြောင့်ဘဲ တစ်ဖက်သတ် စွပ်စွဲခဲ့သူ တစ်ဦးဖြစ်ပါတယ်။

တစ်နေ့မှာတော့ သူဟာ ဘုရားရှင်ကြွမယ့်လမ်းကို



www.burmeseclassic.com

www.burmeseclassic.com



သွားခွင့်မရအောင် ပိတ်ထားခဲ့ပါတယ်။ အဲဒီလိုလုပ်ပြီး ရှစ်ရက်အကြာမှာတော့ မြေမြိုသွားပါတယ်။

### ၃။ စိဥ္စမာဏ

အရမ်းလှပတဲ့ သာဝတ္ထိမြို့သူလေးပါ။ အယူဝါဒ မတူညီသော ပုဂ္ဂိုလ်တွေရဲ့ စေခိုင်းချက်ကြောင့် ဘုရားကို ယုတ်မာစွာဖြင့် စွပ်စွဲလို့ မြေမြိုခံရသူပါ။

### ၄။ နန္ဒကာဘီလူး

တစ်ခါက အရှင်သာရိပုတ္တရာ မဟာထေရ်မြတ်ကြီးဟာ အေးမြတဲ့ လရောင်အောက်မှာ သမာပတ်ဝင်စားနေတာကို နန္ဒကာဘီလူးက အရှင်မြတ်ဦးခေါင်းကို ရိုက်သဖြင့် မြေမြိုသွားတာပါ။

### ၅။ နန္ဒလုလင်

ဥပ္ပလဝဏ္ဏာဆိုတာ ထင်ရှားပြီး လှပတဲ့မိန်းကလေး ဖြစ်လို့ သူမကို လိုလားနှစ်သက်သဘောကျသူတွေက အများကြီးပါ။

သူမက ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ မချစ်ဘဲ ဘိက္ခုနီမပြုပြီး တရားအားထုတ်လိုက်တာ ရဟန္တာဘဝကို ရရှိသွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာတော့ စန္ဒယား ဘီကျွန်းမကို အမွေပြုကျင်သဖြင့် မြေမြှုပ်ခံလိုက်ရပါတယ်။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

သူတစ်ပါးဆိုတာ
ကိုယ့်ဘဝကို
အစအဆုံး မကူညီနိုင်သလို
အစအဆုံးလည်း မဖျက်ဆီးနိုင်ဘူး၊
ဘဝမြင့်မားမှု နိမ့်ကျမှုဆိုတာ
ကိုယ်နဲ့ပဲဆိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ပုထုဇဉ်အိုတော

ပုထုဇဉ်အမျိုးအစားတွေက များစွာရှိပါတယ်။ အဲဒီကမှ မဟာနိဒ္ဒေသပါဠိတော်မှာလာတဲ့ ပုထုဇဉ် (၁၀)မျိုးကတော့

၁။ ကိလေသာ အဖြစ်များသောကြောင့် ပုထုဇဉ်

၂။ သက္ကာယဒိဋ္ဌိကို မပယ်သေးသောကြောင့် ပုထုဇဉ်

၃။ ဆရာအမျိုးမျိုးတို့၏မျက်နှာကို မော်ကြည့်တတ်သောကြောင့် ပုထုဇဉ်

၄။ သုဂတိ၊ ဒုဂ္ဂတိ ဂတိအားလုံးတို့မှ မထမြောက်နိုင်သေးသောကြောင့် ပုထုဇဉ်

၅။ အမျိုးမျိုးသော ကုသိုလ်၊ အကုသိုလ် စသည်တို့ကို ပြုလုပ်တတ်သောကြောင့် ပုထုဇဉ်

www.burmeseclassic.com

www.burmeseclassic.com



၆။ အမျိုးမျိုးသော ကိလေသာဝဲဩဃတို့၏ နစ်မြှုပ်မျောအပ်ခြင်းကို ခံနေရသောကြောင့် ပုထုဇဉ်

၇။ အမျိုးမျိုးသော ကိလေသာအပူတို့နှင့် ပူပန်နေရသောကြောင့် ပုထုဇဉ်

၈။ အမျိုးမျိုးသော ကိလေသာတို့၏ လောင်မြိုက်မှုကို ခံနေရသောကြောင့် ပုထုဇဉ်

၉။ ငါးမြားအာရုံ ကာမဂုဏ်တို့မှာ စွဲမက်တွယ်တာ မူးယစ်မေ့မြောငြိကပ်မွေ့လျော်နေရသောကြောင့် ပုထုဇဉ်

၁၀။ နီဝရဏ တရားငါးပါးတို့က ပိတ်ဆို့ဖုံးလွှမ်းထားသောကြောင့် ပုထုဇဉ်တို့ပါပဲ။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ကောင်းတာကို လုပ်နေပါလျက်

အပြစ်ပြောခံနေရတယ်ဆိုရင်

အပြောခံလိုက်ပါ။

သူများပါးစပ်ကြောင့်တော့

ကိုယ့်ရဲ့ကောင်းတဲ့အလုပ်ကို

အပျက်စီးမခံပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com

# ရဟန်းနှင့်ပရဟိတ

အသိကောင်မလေးတစ်ယောက်က ပြောလာပါတယ်။ ရဟန်းတွေ ပရဟိတလုပ်စရာမလိုအပ်ပါဘူး။ ရဟန်းဆိုတာ တရားပဲအားထုတ်နေရမှာ၊ ပရဟိတဆိုတာ လူတွေလုပ်လိမ့်မပေါ့။ သူ အထင်မကြီးဘူးတဲ့။

ဒီစကား ပြောလာတဲ့ကလေးမလေးက မဟာဘွဲ့တောင်ရထားတဲ့ ကျောင်းဆရာမလေးပါ။ သူ့စကား ကြားရတော့ အံ့ဩသွားတာတော့ အမှန်ပါပဲ။ ခေတ်အခြေအနေအရ ရဟန်းတွေနဲ့ ပတ်သက်ပြီးတော့ အမြင်မကြည်မှုတစ်ခုခု အခံများရှိနေလို့လား တော့ မသိဘူး။

သူ့ကို ပြန်မပြောဖြစ်လိုက်ပေမယ့် စိတ်ထဲမှာတော့ -



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ၊ ရဟန်းတွေ တရားအားမထုတ်နိုင်ဘဲ ပရဟိတ ဝင်လုပ်နေရတဲ့ အဖြစ်ကို ရှက်တတ်မယ်ဆိုရင် သမီးတို့လူတွေ ရှက်ဖို့သင့်တယ်"

လို့ ပြောမိပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ လူလူချင်း ငဲ့ညှာထောက်ထားမှုတွေ၊ ကိုယ်ချင်းစာတရားတွေ နည်းပါးလာ၊ အနိုင်ကျင့်ဗိုလ်ကျမှုတွေ များလာတဲ့အတွက် လောကကြီးဟာ တိမ်းစောင်းပြီး မညီမျှမှုတွေ ဖြစ်နေကြရတာ။

ရဟန်းတွေကြောင့် ဇော်မှုတွေ၊ စစ်ပွဲတွေ၊ မိဘမဲ့တွေ ဖြစ်သွားတာ မကြားဖူးပါဘူး။

ဒီလို ဘေးအန္တရာယ်ကြုံတွေ့နေရတဲ့ သူတွေကို ကိုယ်ချင်း စာတရားရှိတဲ့ လူတွေက တစ်ပိုင်တစ်နိုင် ပြန်ကူညီနေကြပေမယ့် လုံလောက်မှုမရှိဘူး။

ဒီတော့

မျက်နှာလွှဲ ခဲပစ်မလုပ်နိုင်တဲ့ ရဟန်းတော်တွေဟာ လူမှု ကိစ္စတွေမှာ ဝင်ပါနေကြရတာပေါ့။

'ပရဟိတကို လူတွေလုပ်လိမ့်မယ်ဆိုတဲ့' ကျောင်းဆရာမ လည်းဖြစ်တဲ့သူက ကျူရှင်ပြစားပါတယ်။ ပြတာတောင် ရိုးရိုး၊



www.burmeseclassic.com

www.burmeseclassic.com



ရှယ်ဝိုင်း၊ သီးသန့်ရှိသေးတယ်ထင်တယ်။ သင်ပြကြေးက မတူ သေးဘူး။ သင့်ရိုးညွှန်းတမ်းတစ်ခုတည်းကို သင်ပြတာချင်းအတူတူ ဘာတွေက ကွဲပြားသွားစေသလဲဆိုတာတော့ သူတို့ပဲ အသိဆုံး ဖြစ်မှာပါ။

ကျူရှင်နဲ့ပတ်သက်ပြီး ဝေဖန်တော့၊

'ကျူရှင်မှမပြရရင် ဒီခေတ်ရဲ့ အဆင်းရဲဆုံးလူတန်းစားထဲ ကျောင်းဆရာတွေ ရောက်သွားမှာပေါ့'

လို့ ဆင်ခြေပေးလေရဲ့။

ကျူရှင်ပြတဲ့ ကျောင်းဆရာမက မိမိစရိတ် မိမိစိုက်ပြီး ပရဟိတလုပ်နေတဲ့ ရဟန်းကို ဝေဖန်တာတော့ 'အတော်ဝွကျလှ သကွာ' လို့ပဲ ငြီးရတော့မယ်။

'သမီး အဆိုးမြင် သိပ်များနေပြီထင်တယ်' လို့ ပြောတော့၊

'ဟုတ်မယ်ထင်တာပဲ' ဆိုပြီး ရယ်ကျဲ၍ လုပ်သွားပါတယ်။

အဆိုးမြင် များနေတယ်ဆိုရင် ဒီအမြင်ကို ဖျောက်ရပါလိမ့် မယ်။ ဆရာတော် မေ့ဘေရီ အရှင်ဝီရိယ (တောင်စွန်း)ရဲ့ စကား တစ်ခွန်း ဖတ်ဖူးတယ်။

'အတ္တနယ်က အနတ္တနယ်ကို ကူးတော့မယ်ဆိုရင် ပရဆိုတာ ကြားခံပေးရတယ်' တဲ့။ လူတွေက အပြောကတော့ အတော်



www.burmeseclassic.com

www.burmeseclassic.com



လွယ်ကြပါလား။ ဒါတော့ သူဌေးကြီးဖြစ်ရင် ဘယ်လိုလုပ်လိုက်မယ်၊ တရားစခန်းဝင်မှ ကြိုးစားအားထုတ်လိုက်မယ်ဆိုပြီး ပစ္စုပ္ပန်အခြေအနေကောင်းကို မေ့ထားကာ မဖြစ်လာသေးတဲ့ အနာဂတ်အတွက် စိတ်ကူးနဲ့ အားရပါးရ အပြောကြီးတတ်ကြတယ်။

သူဌေးကြီးဖြစ်မှ လှူကြတော့မှာလား။

အခု တစ်ကျပ်တတ်နိုင် တစ်ကျပ်လှူလိုက်တာက ပိုပြီး လက်တွေ့မဆန်ဘူးလား။ ရဟန်းဝတ်ပြီး တရားအားထုတ်ပစ်မယ်လို့ ကြိမ်းမောင်းနေမယ့်အစား အခုပဲ တစ်ရက်တစ်နာရီလောက် တရားအရင်ထိုင်ကြည့်ပါလား။

တရားစခန်းဝင်မှလို့ စိတ်ကူးနေတာထက် အခုလက်တွေ့ အခြေအနေလေးမှာ သတိထားလိုက်တာဟာ ပိုမထိရောက်ဘူးလား။ လက်တွေ့က အပြောလောက် မလွယ်ဘူးမဟုတ်လား။

ရဟန်းတွေမှာ သူတို့အခက်ခဲနဲ့ သူတို့ရှိပါတယ်။ အချိန်ပြည့် တရားမှတ်နေနိုင်ဖို့ မလွယ်လှဘူး။ အမြဲတမ်းမှတ်နေနိုင်ရင်တော့ အကောင်းဆုံးပေါ့။

မြတ်စွာဘုရားရှင် ပွင့်တော်မူလာတာဟာ သတ္တဝါတွေကို သံသရာဝဲဩဃကလွတ်အောင် သစ္စာတရားဟောပြဖို့ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းကို မြတ်စွာဘုရားက သစ္စာတရားဟောပြခဲ့သလား၊ မဟောပါဘူး၊ ဒါနနဲ့တန်တဲ့သူကို ဒါနကထာ၊ သီလနဲ့တန်တဲ့လူကို သီလကထာ၊ နတ်ရွာသုဂတိနဲ့ လမ်းဆုံးမယ့်သူကို နတ်ရွာသုဂတိ အကြောင်းပဲ ဟောပါတယ်။ နိဗ္ဗာန်နဲ့တန်တဲ့သူကိုမှ သစ္စာတရား အကြောင်းဟောတယ်။

ခန္ဓာရခြင်းဟာ ဒုက္ခရခြင်းပါပဲ။

ဒါဆို ဘုရားရှင်က နတ်ရွာသုဂတိတွေ ဘာလို့ထည့်ဟော နေသေးလဲ။ နိဗ္ဗာန်ရောက်ကြောင်းကြီးပဲ ဟောပါလား။ မဖြစ်နိုင်လို့ မဟောတာပါ။ လူတွေမှာ ပါရမီ၊ အနုအရင့်ဆိုတာ ရှိပါတယ်။ ဒါကို ဘုရားက အသိဖြစ်တော်မူတယ်။ ဒါကြောင့် အားလုံးကို သစ္စာတရားကြီး မဟောခဲ့တာ။

ဟုတ်ပါတယ်။

လူတွေမှာ ကံတွေက အမျိုးမျိုးဖြစ်လို့ စရိုက်၊ ဝါသနာ၊ ပါရမီတွေဟာ တစ်ယောက်နဲ့တစ်ယောက် မတူနိုင်ပါဘူး။ ကွန်မြူ နစ်တွေလို လူတန်းစားအားလုံး တန်းတူရမယ်ဆိုတာမျိုးလုပ်လို့ မရဘူး။ လုပ်လည်း အောင်မြင်မှာ မဟုတ်ဘူး။

ဗုဒ္ဓဘာသာဝင်တို့ရဲ့ နောက်ဆုံးပန်းတိုင်ဟာ နိဗ္ဗာန်ပါပဲ။ ဒါပေမဲ့ လူတိုင်းနိဗ္ဗာန်ရောက်အောင် အားထုတ်နေကြသလား၊



www.burmeseclassic.com

www.burmeseclassic.com



မထုတ်ကြပါဘူး။

တရားအားမထုတ်လို့လည်း ကဲ့ရဲ့ပစ်တင်နေစရာမလိုပါ။ သူအားမထုတ်ရင် သူမလွတ်မြောက်ရုံပဲ ရှိမှာပေါ့။ တရားအားထုတ်ခြင်း မထုတ်ခြင်းက တစ်ဦးတစ်ယောက်ခြင်းစီရဲ့ ရွေးချယ်ပိုင်ခွင့်သာ ဖြစ်ပါတယ်။

လောကီကို လုံးလုံးစွန့်ပြီး ဘဝလွတ်မြောက်ရေးအတွက် ကြိုးစားအားထုတ်နေတဲ့ သူတော်ကောင်းကြီးတွေဟာ အလွန် ကြည်ညိုစရာ လေးစားစရာ ကောင်းပါတယ်။

မိမိကိုယ်ကို ကောင်းအောင်စောင့်ရှောက်ခြင်းသည် သူတစ်ပါးကိုလည်း စောင့်ရှောက်ပြီးသား ဖြစ်နေပါတယ်။ ဝါသနာမပါသေးလို့ ပါရမီနှိုးဆော်မှုမရှိသေးလို့ တရားအားမထုတ်ဖြစ်ကြသေးတဲ့ သူတွေကတော့ ပါရမီဖြစ်ကြောင်း ကုသိုလ်အထောက်အပံ့တွေ လုပ်နေကြပါတယ်။

ဒါဟာ အနတ္တနယ်ကို ကူးဖို့ အားယူတဲ့အနေနဲ့ ကြားခံပရဟိတအလုပ်ကို လုပ်နေကြတာဖြစ်ပါတယ်။ တရားလည်း အမြဲမှတ်မနေနိုင်တဲ့အတွက် အချိန်တွေကို အကျိုးရှိမယ့် အရာအတွက် အသုံးချရတော့တယ်။

မြတ်စွာဘုရားရှင်က အပြစ်ကင်းတဲ့အလုပ်၊ ကောင်းကျိုးပေး



www.burmeseclassic.com

www.burmeseclassic.com



မယ့်အလုပ်ကို လူ၊ ရှင်ရဟန်းအားလုံးကိုလုပ်ဖို့ ညွှန်ပြထားပြီး သားဖြစ်တယ်။ အပြစ်ကင်းတဲ့အလုပ်မှာ ပရဟိတလည်း ပါတာ ပေါ့။

လောကအကျိုးကို တစ်ထောင့်တစ်နေရာက သယ်ပိုးနေတာ မဟုတ်ပါလား။ သာခုခေါ်စရာလုပ်ငန်းတွေပါ။ ပရဟိတလည်းလုပ် မိမိလွတ်မြောက်ရေး တရားလည်း အားထုတ်မယ်ဆိုရင်တော့ အကောင်းဆုံးပေါ့။

ကုလဇာတော ကုလပုတ္တော ကုလဝံသာနုရက္ခတော

အမျိုးကောင်းသားမှ မွေးဖွားလာသော အမျိုးကောင်းသည် အမျိုးနွယ်စဉ်ဆက် ဓလေ့စရိုက်ကို စောင့်ရှောက်ရာ၏လို့ မှတ်သား ဖူးပါတယ်။

မိမိနေထိုင်ရာ ပတ်ဝန်းကျင် မိမိယဉ်ကျေးမှု မိမိတို့ဘာသာ တရားကို ကာကွယ်စောင့်ရှောက်ရာမှာ ရဟန်းရယ် လူရယ်လို့ ခွဲခြားနေလို့ မရပါဘူး။ အသိ၊ သတိရှိတဲ့လူတိုင်း ဆောင်ရွက်ရမယ့် ကိစ္စသာဖြစ်ပါတယ်။

ရဟန်းနဲ့လူ စောင့်ရှောက်ပုံ စောင့်ရှောက်နည်းကတော့ ကွာကောင်းကွာနိုင်ပါတယ်။

လောကကြီးဟာ ခွေးသွားစိတ်ပုံစံ တည်ဆောက်ထားတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ဆရာကြီး ဦးရွှေအောင်ရဲ့ စာအုပ်တစ်အုပ်မှာ ဖတ်ဖူးပါတယ်။

ခွေးသွားစိတ်တွေ အကုန်လုံး မိမိကျရာတာဝန်ထမ်းဆောင်မှ စက်ဆိုတဲ့ဘီးကြီး လည်နိုင်မှာဖြစ်ပါတယ်။ ခွေးသွားစိတ်တစ်ခု လောက်သာ ကျိုးပဲ့နေပြီဆိုရင် ဒီစက်ကြီးဟာ လည်ပတ်မှု မရှိ တော့ပါဘူး။

လည်တယ်ဆိုရင်တောင် ကဖောက်ကမနဲ့ အန္တရာယ်များတဲ့ အနေအထား ဖြစ်သွားပါတယ်။

မိမိတို့နိုင်ငံက ခွေးသွားစိတ်တွေ အတော်ကျိုးပဲ့နေတဲ့ အခြေ အနေဖြစ်ပါတယ်။ ပညာသင်ချိန်အရွယ်မှာ မသင်နိုင်ဘဲ လမ်းဘေး ရောက်နေတဲ့ ကလေးငယ်တွေ ခိုကိုးရာမရှိတဲ့ ဘိုးဘွားတွေ၊ ယဉ်ကျေးမှု အချိုးဖဲ့ခံနေရတဲ့ အခြေအနေတွေ စသည်အားဖြင့် ခေါင်းစဉ်အတော်များပါတယ်။

နိုင်ငံအတွက် အားဖြစ်လာမယ့် ကလေးတွေဟာ လမ်းဘေး ကို ရောက်နေရင် အနာဂတ်နိုင်ငံ ယန္တရားအတွက် အန္တရာယ်ရှိ ပါတယ်။

ခိုကိုးရာမဲ့နေတဲ့ ဘိုးဘွားတွေ ရှိနေတာဟာ နိုင်ငံ့ပုံရိပ် ဘာသာတရားပုံရိပ်ကို ထိခိုက်ပါတယ်။ ယဉ်ကျေးမှု အချိုးဖဲ့ခံရ ပြီဆိုရင် ဒီနိုင်ငံဟာ မကြာခင် စိတ်ဓာတ်သေတဲ့ နိုင်ငံဖြစ်သွားပါ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်။

ဒါတွေကို သိမြင်နေကြတဲ့ ရဟန်းတွေက ဘာကကျောင်းတွေ ထောင် ဘိုးဘွားတွေအတွက် နားခိုရာဖန်တီး၊ ဘာသာ၊ ယဉ်ကျေးမှု မြင့်မားစေဖို့ ကလေးသူငယ်ကစလို့ ယဉ်ကျေးမှုသင်တန်းတွေ ဖွင့်နဲ့ လောကီနယ်ထဲမှာ ခွေးသွားစိတ်တာဝန်ကို တစ်နိုင်ဝင် ထမ်းဆောင် နေကြခြင်းဖြစ်ပါတယ်။

ပရဟိတဆိုတာ သူတစ်ပါးတို့၏ အကျိုးစီးပွားကို ဆောင် ရွက်ခြင်းလို့ဆိုတဲ့အတွက် ပရဟိတစစ်စစ် ဖြစ်ဖို့တော့ လိုတာ ပေါ့လေ။ ပရဟိတ အကြောင်းပြုပြီးတော့ မိမိတွင်ကျယ်ဖို့ လုပ်တာ မျိုးတော့ မဖြစ်သင့်ဘူးပေါ့။

ပရဟိတလိုလိုနဲ့ အတ္တဟိတတွေလည်း ဖြစ်မှန်းမသိ ဖြစ်သွား တတ်ပါတယ်။ လောကီလူသား ပီသစွာ အတ္တဟိတလေးတွေ မကင်းနိုင်ကြသေးရင် မျှတမှုရှိရအောင် လုပ်ဆောင်ကြရပါမယ်။

နိုင်ငံရေးဆိုတာလည်း ပရဟိတလုပ်ငန်းပါပဲ။

ဒါပေမဲ့

ရဟန်းတော်တွေကတော့ နိုင်ငံရေးနဲ့ ထဲထဲဝင်ဝင် မပတ် သက်သင့်ဘူး ထင်ပါတယ်။ နိုင်ငံရေးနယ်ပယ်ထဲမှာက အာဏာ တွေ လုပ်ပိုင်ခွင့်တွေ ပါလာပြီဖြစ်တဲ့အတွက် ဘက်မျှအောင် ရပ်တည်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ဆိုတာ အတော်ခက်ခဲမှာပါ။

သူ့ဘက်ကိုယ့်ဘက်ဆိုတာတွေ ပါလာပြီဖြစ်တဲ့အတွက် ရဟန်းတော်တွေအနေနဲ့ တစ်ဘက်ဘက်ကိုပါမိရင် ကျန်တစ်ဖက်ရဲ့ တိုက်ခိုက်ခြင်းကို ခံရပါတော့မယ်။ နှစ်ဘက်စလုံးက ဗုဒ္ဓဘာသာဝင်တွေ ဖြစ်နေလေတော့ သာသနာအတွက်ပါ ပုံရိပ်ထိခိုက်နိုင်ပါတယ်။

လူတွေလည်း အကုသိုလ်များပါတယ်။ သီတဂူဆရာတော် အမိန့်ရှိသလို နယ်မကျံဖို့ လိုပါတယ်။

လောကီလူမှုရေး ပရဟိတသက်သက်သာ လုပ်ဆောင်ကြမယ်ဆိုရင် အများအမြင်မှာ ကြည်လင်မယ်ထင်ပါတယ်။

လုပ်ငန်းတစ်ခုကို လုပ်တော့မယ်ဆိုရင်တော့ တစ်ဦးတစ်ယောက်ချင်း လုပ်ဆောင်တာထက် စုဖွဲ့မှုအားနဲ့ လုပ်ဆောင်တာက ပိုပြီးမြန်ဆန်ထိရောက်တယ်ဆိုတာ အားလုံးသိကြပါတယ်။

စုဖွဲ့မှုအသင်းအဖွဲ့တွေ လုပ်ပြီဆိုရင် ငွေကြေးနေရာ၊ ပါဝါဆိုတာတွေ မရှိမဖြစ် ပါလာပြီဖြစ်ပါတယ်။ ငွေကြေး၊ လုပ်ပိုင်ခွင့်နေရာတွေပါ ပါလာပြီဆိုရင် လူရဲ့စိတ်က ဖောက်ပြန်တတ်ပါတယ်။

မူလဦးတည်ချက် ကိုယ်ကျိုးစွန့်ခြင်းဆိုပေမယ့် ကြာလာတဲ့အခါ ကိုယ်ကျိုးကြည့်ခြင်းတွေ ဖြစ်လာနိုင်ပါတယ်။ ပစ္စည်းတက်



www.burmeseclassic.com

www.burmeseclassic.com



အတ္တက အကဲပိုလာပါတယ်။ အတ္တတိတတွေများလာပြီဆိုရင် အသင်းအဖွဲ့တွေ ပျက်စီးတတ်တယ်။ အသင်းအဖွဲ့များ ကွဲပြားရခြင်း အကြောင်းဟာ ...

၁။ ဗဟုနေတ္တာရ
ခေါင်းဆောင်လုပ်လိုသူများခြင်း

၂။ အဝိစက္ခဏာ
စူးစမ်းသင်ခြင်း ဉာဏ်အမြော်အမြင်ကင်းခြင်း

၃။ သဗ္ဗပဏ္ဏိတမာနီ
မာန်မာနများခြင်း

၄။ ဗဟုမဟိစ္ဆ
ရာထူးလိုချင်သူများခြင်းတို့ကြောင့်ဖြစ်တယ်။

မြန်မာနိုင်ငံမှာ မကွဲဘူးတဲ့ အသင်းရယ်ဆိုလို့ မလွန်ဆန် အသင်းတစ်ခုသာကျန်ကြောင်း ဆရာကျော်ဝင်းရဲ့ ဟာသပြောခွေမှာ နားထောင်ဖူးပါတယ်။

ပရဟိတဆောင်ရွက်နေတဲ့ ရဟန်းတော်များအနေနဲ့ အစတော် သိထားရပါမယ်။ မိမိတို့က ဘုရားသားတော်တွေဖြစ်တဲ့အတွက် မိမိလုပ်ရပ်ဟာ ပါရမီအထောက်အပံ့အတွက်သာ ဖြစ်သင့်ပါတယ်။ ဖြစ်နိုင်ရင် ပရိယတ်၊ ပဋိပတ်ကိုသာ လုပ်ဆောင်ကြရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကလည်း တရားအားမထုတ်နိုင်သေး၊ မိမိမျက်စိရှေ့မှောက်မှာလည်း ဒုက္ခတိသတ္တဝါက ရှိနေ၊ ဒီလိုအခြေအနေတွေကြောင့် အများအကျိုးအတွက် ဝင်ပါတာဖြစ်လေတော့ အတတ်နိုင်ဆုံး အတ္တဟိတကို ဘေးဖယ်ထားရပါမယ်။ ဒါမှသာ အများအမြင်ကြည်ညိုပြီး သာဓုခေါ်နိုင်မှာ ဖြစ်ပါတယ်။

မိမိတို့ရဲ့ ရဟန်းတော်တွေဘက်က ဒီလိုစိတ်သန့်သန့်နဲ့ လုပ်နိုင်ဖို့ လိုပါတယ်။

မိမိဘက်က မှန်အောင်လုပ်နေပေမယ့် လောကမှာ အတဲ့ရဲ့ လွှတ်တဲ့လူလည်း မရှိလေတော့ ဝေဖန်ကဲ့ရဲ့တဲ့လူလည်း ရှိမှာပါပဲ။

နိုင်ငံသင်းရဲ့နေသရွေ့ကတော့ လူမှုအခြေပြု ပရဟိတဆိုတာဟာ လိုအပ်နေဦးမှာပါ။ ရဟန်းတော်တွေလည်း ဝင်ပါနေဦးမှာပါလေ။

(အရှင်ပညာသီရိ (ရမ္မာကျွန်း)

(News Watch အတွဲ ၁၀-အမှတ်.၄၉)

www.burmeseclassic.com

www.burmeseclassic.com

ကံသုံးပါးဆိုတာ

အမြဲစီးဆင်းနေတဲ့

မြစ်တစ်စင်းလိုပဲ

ကိုယ်ကကောင်းကောင်းအသုံးချရင်

မကောင်းတဲ့နေရာကို

ဘယ်တော့မှ မရောက်ဘူး။

www.burmeseclassic.com

www.burmeseclassic.com

# အမွေရသင့်သူနှင့် မရသင့်သူ

မိဘနှစ်ပါးကွယ်လွန်ပြီးနောက် အမွေရပိုင်ခွင့်နှင့် ပတ်သက်လာလျှင် ရှုပ်ထွေးပြီး ပြဿနာကို ဦးတည်သွားသော မိသားစုတွေ များစွာရှိတာကို မိမိတို့ပတ်ဝန်းကျင်မှာ တွေ့ဖူးမှာပါ။

အမွေနဲ့ပတ်သက်ပြီး 'မနုဓမ္မသတ်ကျမ်း'မှာတော့ ဥပမာ လေးမျိုးနှင့် ပြထားပါတယ်။ အဲဒါတွေကတော့

၁။ ပေပင်နှင့်တူသောအမွေ

ပေပင်တွေရဲ့ သဘောကတော့ အကိုင်းအခက်အရွက်ကို စိုက်ပါက မရှင်ပါဘူး။ ပေပင်တွေဟာ သဘာဝအတိုင်း ပွင့်တယ်၊ သီးတယ်၊ အပွင့်အသီးတွေကုန်ရင် အပင်သေပါတယ်။

အပင်သေပြီးမှ အသီးတွေဟာ အသီးသီးကြွေပြီး



www.burmeseclassic.com

www.burmeseclassic.com



ပေရဲ့ အနွယ်ချည်း ဖြစ်ပါတော့တယ်။ အဲဒီပေပင်ရှည်စဉ်မှာ အခြားအမွေ မဖြစ်နိုင်သလို ဒီလိုပါပဲ အမိအဘတို့သေမှ သာလျှင် သားသမီးမြေး မြစ်တို့ အမွေရလို့ ကချို့အမွေက ပေပင့်နှင့်တူပါတယ်။

၂။ ဝါးပင်နှင့်တူသောအမွေ

ဝါးပင်တွေရဲ့သဘောကတော့ အမြစ်ကလည်း သားမြေးပွားပါတယ်။ အပင်လည်း အမွေခံပါတယ်။ အဲဒီဝါးပင်တွေ အသက်ကြီးတဲ့ အသီးသီးတယ်၊ အသီးကနေ အပင်ပြန်ဖြစ်တယ်။

ဒီလို ကွဲပြားခြားနားသလို မိခင်တစ်ယောက်တည်းကနေ လင်ကြီးသား၊ လင်ငယ်သားဖြစ်သလို၊ ဖခင်မှာလည်း မယားကြီးနဲ့ သားသမီးနှင့် မယားငယ်သားသမီးဆိုပြီး ကွဲပြားပြီး အမွေကို ခွဲယူကြလို့ ဝါးပင်နှင့်တူသော အမွေဟုခေါ်ပါတယ်။

၃။ ငှက်ပျောပင်နှင့်တူသောအမွေ

ငှက်ပျောပင်တွေရဲ့ သဘာဝကတော့ အမြစ်ကသာလျှင် သား၊ မြေးကို ပြပ်စေပါတယ်။ အချိန်တန်လို့ အသီး



www.burmeseclassic.com

www.burmeseclassic.com



အပွင့် ဖြစ်ရင်လည်း အဲဒီအသီးအပွင့်တွေက ငှက်ပျောပင် မဖြစ်ပါဘူး။

ဒီလိုပါပဲ

မိဘရင်းက မွေးထားမှုပေမယ့်လည်း တချို့သားသမီး တွေဟာ ငှက်ပျောသီး၊ ငှက်ပျောဖူးကဲ့သို့ အမွေမခံစားရ သလို အမြစ်နဲ့တူတဲ့ သားသမီးတွေသာ အမွေခံစားရပါတယ်။

၄။ ကျူပင်နှင့်တူသောအမွေ

ကျူပင်ရဲ့သဘောကလည်း အမြစ်ကသာ သားသမီး ဖြစ်တယ်။ အချိန်တန်လို့ ကျူပွင့်ပွင့်ရင်လည်း အပင် သေတယ်။

ဒီလိုပါပဲ

သားသမီးအရင်း ဖြစ်ပေမယ့် မိဘကို ဆိုးမွေပေးသော သားသမီးတွေဟာ အမွေမခံထိုက်ပါဘူး။

အမွေခံထိုက်သူဆိုတာ

၁။ ဩရသ

ရင်၌ဖြစ်သော သားသမီး



www.burmeseclassic.com

www.burmeseclassic.com



၂။ တေဒ္ဒိမ

မယားကြီးရှိလျက် အထင်အရှား မယားငယ်နေပြီး အဲဒီမယားငယ်နှင့် ရရှိသောသားသမီး။

၃။ ကိတ္တိမ

တခြားသူတို့၏ သားသမီးကို အမွေစားအမွေခံပြုမယ်ဟု စာချုပ်ချုပ်ကာ မွေးစားထားသော သားသမီး။

၄။ ဝေတ္တဇ

လင်ပါမယားပါ နှစ်ပါးစုံ ငွေဝယ်ကျွန်မနှင့် သင့်မြတ်၍ ရသော သားသမီး။

၅။ ပုဗ္ဗက

မယားပါလင်ပါ ဖွဲ့ပုဗ္ဗက အထက်ပါသားသမီးနှစ်မျိုး

၆။ အပဝိဒ္ဓ

အမှတ်တမဲ့ ကောက်ယူမွေးစားသော သားသမီးတို့ပါပဲ။ အထက်ပါ သားသမီးတွေဟာ မိဘနှစ်ပါးရဲ့ အမွေကို စံထားသလို မိဘနှစ်ပါးရဲ့ အမွေကို မခံစားထိုက်သော သားသမီးတွေကတော့။

၁။ ပရဒိန္န

သားအမိုးအရင်းဖြစ်ပေမယ့်လည်း သူတစ်ပါးတို့ မွေး



www.burmeseclassic.com

www.burmeseclassic.com



စားဖို့ပေးလိုက်တဲ့သားသမီး။

၂။ သဓေတာဝ္ဂ
ဥစ္စာနှင့်ဝယ်ထားသော သားသမီး။

၃။ ပေါနနုတ္တာ
မိမိမယား သူတစ်ပါးနှင့်မှား၍ ရသောသားသမီး။

၄။ ကိဋ္ဌိသ
အပျော်ကြူး၍ ရသောသားသမီး။

၅။ သွာနုတ္တ
မိဘအာဏာကိုဆန်၍ ရန်သူကဲ့သို့ ကျင့်သောကြောင့် နှင်ထုတ်အပ်သော သားသမီး။

၆။ ဆဒဘတ္တ
ဝတ်မွတ်သူကို ကျွေးမွေး၍ သားသမီးခေါ်သူများ

၇။ ခေတ္တ
နှစ်ပါးမိဘထိမ်းမြားသောလင်ကို မိန်းမငယ် မနှစ်သက်သဖြင့် သူတထူးနှင့် ဆက်ဆံ၍ ရသောသားသမီး။

၈။ ပရသုချိန်
သူတို့ချင်း ဘာသာကျွမ်းဝင်၍ရသောသားသမီး။

www.burmeseclassic.com

www.burmeseclassic.com



၉။ ဝိဝါဒသုချိန်

မိဘမထိမ်းမြားဘဲ ယူသောသားသမီး

၁၀။ မုထနုလ

လင်ရ၍ ဆယ်လမရောက်ခင်ရသောသားသမီး။

၁၁။ အမတ္တတတ္တ

အမျိုးအဆွေတို့နှင့်လိုက်၍ အဝေးမှာဖွားမြင်သော သားသမီး

၁၂။ ကာနိယ

လင်မရှိဘဲ ဖွားမြင်သော သားသမီး။

၁၃။ တတ္တ

လင်မနေဘဲ ကိုယ်ဝန်ရ၍ ဖွားမြင်သောသားသမီး။

၁၄။ ဝိမှိဝတ်

မိန်းမကိုယ်ဝန်ဆောင်ကိုဝယ်၍ရသော သားသမီး။

၁၅။ ဝိကာရ

လင်နှင့်တစ်ဖန် ပြန်၍ရသောသားသမီး။

၁၆။ ရထန

အမှုမကောင်း၍ အမိအဖနှင့် လိုက်နေရာမှ မွေးရသော သားသမီး။



www.burmeseclassic.com

www.burmeseclassic.com



၁၇။ ဇသသ

အဖပုဏ္ဏား၊ အမိပုဏ္ဏားမဟုတ်ဘဲ ရသောသားသမီး။

၁၈။ အန္တောဝါသိတ

အတတ်ပညာကို ဆည်းကပ်သောတပည့်

၁၉။ မုန္ဓ

အကြင်အရပ်၌ ကျင်လည်၍ရသော သားသမီး

၂၀။ သုပ္ပယိသာ

သီလရှင်ကမွေးသောသားသမီး

၂၁။ ရတန်းသား

ရဟန်းအပြစ်နှင့် ရသောသားသမီး

(သမ္မုဟာနု ဝိစ္ဆေဒနီဝမ္မသတ်)

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# ကောင်းမှုကို ဖျက်ဆီးနိုင်သူများ

မိမိပြုမယ့်ကုသိုလ်တွေ မပြုဖြစ်အောင် တားဆီး၊ ပိတ်ဆို့ အဟန့်အတား ဖြစ်စေသောအရာကို 'မာရ်နတ်စစ်သည်'ဟု ခေါ်ပါတယ်။ သူတို့တွေကတော့

၁။ ကာမ

ကာမဂုဏ်၌ တပ်မက်ခြင်း။

၂။ အရတိ

ကောင်းမှုကိစ္စမှာ မမွေ့မလျော် မပျော်ပိုက်ခြင်း။

၃။ ခုပ္ပိပါသ

ဆာလောင်မွတ်သိပ်ခြင်း။

၄။ တဏှာ

ဆာလောင်သော လောကီအာရုံကို ရှာဖွေခြင်း။

၅။ ထိနမိဒ္ဓ

ငိုက်မျဉ်းအိပ်ချင်မှု ကောင်းမှုမှာ စိတ်အားလျော့ခြင်း။

www.burmeseclassic.com



၆။ ဘီရု
တစ္ဆေ၊ သရဲ စသည်ကိုကြောက်ခြင်း။
၇။ ဝိဝိကိစ္ဆာ
ယုံမှားသံသယဖြစ်ခြင်း။
၈။ မက္ခ၊ ထမ္ဘ
ကျေးဇူးကန်းခြင်း၊ ခက်ထန်ခြင်း။
၉။ လာဘသက္ကာရသိလောက မိစ္ဆာလဒ္ဓ
မဟုတ်မမှန် လုပ်ကြံ၍ ပြုလာသော လာဘ်ပူဇော်
ကျော်စောခြင်းမှုကို သာယာခြင်း
၁၀။ အတ္တုက္ကံသနပရဝမ္ဘန
ကိုယ့်ကိုယ်ကိုယ်အထင်ကြီးပြီး သူတစ်ပါးကို အထင်
သေးခြင်း။

(ဗုဒ္ဓတိဝုတ်)

ကုသိုလ်ကောင်းမှုပြုချင်သောသူတွေဟာ အထက်ပါအရာတွေ မိမိသန္တာန်မှာ မဖြစ်ပေါ်အောင် အကယ်၍ ဖြစ်ပေါ်ခဲ့ရင်လည်း မတည်မြဲအောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

မကောင်းတဲ့စိတ်ဓာတ်နှင့်

မကောင်းတဲ့လုပ်ရပ်ဆိုတာ

ဟိုး ... ငရဲကို ရောက်နိုင်တယ်၊

ကောင်းတဲ့စိတ်ဓာတ်နှင့်

ကောင်းတဲ့လုပ်ရပ်ဆိုတာ

ဟိုး ... နတ်ပြည်၊ နိဗ္ဗာန်အထိ ရောက်နိုင်တယ်၊

သိထားရမှာက

ကိုယ်က ဘယ်ကိုသွားချင်တာလဲ?



www.burmeseclassic.com

www.burmeseclassic.com



ယင်း 'ရှိခိုး'ဟူသော ဝေါဟာရအတွက် ပါဠိဘာသာမှ အဓိပ္ပါယ်ဖွင့်ဆိုချက်များကို ဖော်ပြရသော်

၁။ ညွှတ်ကိုင်းခြင်း

၂။ ချီးမွမ်းခြင်း

၃။ ချမ်းသာပါစေ စသည်ဖြင့် ဆိုစေခြင်း

၄။ လက်အုပ်ချီခြင်း

၅။ ဦးတိုက်ခြင်း

စသည်ဖြင့် များစွာလာပါသည်။ ယင်း 'ရှိခိုး'ဟူသော ဝေါဟာရအနက်ကို မြန်မာဝေါဟာရအနက်ဖွင့်ကျမ်းတို့၌ မဖွင့်ပြခဲ့ကြသဖြင့် 'ရှိခိုး'၏ အနက်ရင်း တိမ်မြုပ်နေခဲ့ပါသည်။

ဩကာသလုပ်ခြင်း ရှိခိုးခြင်းဟူသော ဝေါဟာရများသည် အသံစွဲဝေါဟာရများသာ ဖြစ်ပါသည်။ ညွှတ်တွား၊ ဝတ်ပြုမှု၊ ဂါရဝပြုမှုတို့ကို သိမ်းကြုံး၍ 'ရှိခိုး'ဟူသော ဝေါဟာရက ပြဆိုပေသည်။ ထိုရှိခိုးမှုဂါရဝအရ

၁။ ညွှတ်တွားဝပ်လျှိုးခြင်း

၂။ လက်အုပ်ချီခြင်း

၃။ စိတ်အာရုံညွှတ်ခြင်း

၄။ ဂုဏ်ကိုထုတ်ဖော်ချီးမွမ်းခြင်း

www.burmeseclassic.com

www.burmeseclassic.com



ယင်း 'ရှိခိုး'ဟူသော ဝေါဟာရအတွက် ပါဠိဘာသာမှ အဓိပ္ပါယ်ဖွင့်ဆိုချက်များကို ဖော်ပြရသော်

၁။ ညွတ်ကိုင်းခြင်း

၂။ ချီးမွမ်းခြင်း

၃။ ချမ်းသာပါစေ စသည်ဖြင့် ဆိုစေခြင်း

၄။ လက်အုပ်ချီခြင်း

၅။ ဦးတိုက်ခြင်း

စသည်ဖြင့် များစွာလာပါသည်။ ယင်း 'ရှိခိုး'ဟူသော ဝေါဟာရအနက်ကို မြန်မာဝေါဟာရအနက်ဖွင့်ကျမ်းတို့၌ မဖွင့်ပြခဲ့ကြသဖြင့် 'ရှိခိုး'၏ အနက်ရင်း တိမ်မြုပ်နေခဲ့ပါသည်။

ဩကာသလုပ်ခြင်း ရှိခိုးခြင်းဟူသော ဝေါဟာရများသည် အသံစွဲဝေါဟာရများသာ ဖြစ်ပါသည်။ ညွတ်တွား၊ ဝတ်ပြုမှု၊ ဂါရဝ ပြုမှုတို့ကို သိမ်းကြုံး၍ 'ရှိခိုး'ဟူသော ဝေါဟာရက ပြဆိုပေသည်။ ထိုရှိခိုးမှုဂါရဝအရ

၁။ ညွတ်တွားဝပ်လျိုးခြင်း

၂။ လက်အုပ်ချီခြင်း

၃။ စိတ်အာရုံညွတ်ခြင်း

၄။ ဂုဏ်ကိုထုတ်ဖော်ချီးမွမ်းခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ဤလေးမျိုးကို ယူရမည်။ သို့ဖြစ်၍ မိမိတို့ ဗုဒ္ဓမြတ်စွာအား ရှိခိုးမှုပြုသည်ရှိသော် ဗုဒ္ဓမြတ်စွာသည်

၁။ အခြားသူတို့ထက် အထူးရှိခိုးခြင်း အဘိဝါဒန

၂။ မျက်ကွယ်ချီးမွမ်းခြင်း ထောမနာ

၃။ ညွတ်တွားဝပ်လျိုးခြင်းဝန္ဒနာ

၄။ မျက်မှောက်ချီးမွမ်းခြင်း ပသံသနာ

၅။ လက်အုပ်ချီခြင်း နမဿန

၆။ ပူဇော်ခြင်း ပူဇာ

ဟူသော အလုံးစုံကို အကုန်ခံယူတော် မူထိုက်ပါပေ၏။ ထိုပါဠိတော်၌

၁။ အဘိဝါဒနနှင့် ဝန္ဒနာကိုလည်းကောင်း

၂။ ထောမနာနှင့် ပသံသနာကိုလည်းကောင်း

ထပ်၍ ယင်း ၄ ချက်ကို 'ရှိခိုးခြင်း' အရယူရလေသည်။ ပူဇာကား ရှိခိုးမှုကြိယာနှင့်မဆိုင်ချေ။ ရှိခိုးခြင်းကို ဟောသော ပရိယာယ်တို့သည် ဤလေးချက်ကို ထိုက်သည့်အားလျော်စွာ ဟောကြလေကုန်၏။

ထို့ကြောင့်

၁။ ဦးညွတ်ဝပ်တွားခြင်း



www.burmeseclassic.com

www.burmeseclassic.com



၂။ လက်အုပ်ချီခြင်း

၃။ စိတ်အာရုံ၌ ညွတ်၍ကြည်ညိုခြင်း

၄။ ဂုဏ်တော်ကိုချီးမွမ်းခြင်း

ဟူသော ဤ ၄ ပါးကို ရှိခိုးဟု မှတ်ယူရမည်။

## ရှိခိုးခြင်း ၄-မျိုး

• ယခုဆိုသော် 'ရှိခိုး'ဟူသော ဝေါဟာရ အဓိပ္ပါယ်ကို သိသွားပါပေပြီ။ နောက်တစ်ဆင့် သိရန်မှာ ယင်းရှိခိုးခြင်းသည် ဘယ်နှစ်မျိုး ရှိပါသနည်း။ ယင်းကိုသိရန်ဖြစ်ပါသည်။ ရှိခိုးခြင်းသည်

၁။ ကိုယ်ဖြင့်ရှိခိုးခြင်း

၂။ နှုတ်ဖြင့်ရှိခိုးခြင်း

၃။ စိတ်ဖြင့်ရှိခိုးခြင်း

၄။ အကျင့်ဖြင့်ရှိခိုးခြင်း

ဟူ၍ ရှိခိုးခြင်း ၄ မျိုးရှိပါသည်။ ထိုရှိခိုးခြင်းလေးမျိုးကို သိထားလျှင် ဣရိယာပုတ်မရွေး၊ အလုပ်မရွေး၊ အချိန်မရွေး၊ နေရာမရွေးရှိခိုးနိုင်ပါသည်။ ထိုလေးမျိုးတို့တွင်

၁။ ဦးညွတ်ဝပ်တွား၍လည်းကောင်း၊ လက်အုပ်ချီ၍ လည်းကောင်း ရှိခိုးခြင်းသည် ကိုယ်ဖြင့်ရှိခိုးခြင်းမည်၏။

www.burmeseclassic.com

www.burmeseclassic.com



၂။ ဂုဏ်ကျေးဇူးများကို ထုတ်ဖော်ချီးကျူး၍ 'ရှိခိုးပါ၏ ဖူးမြော်ပါ၏' ဟု နှုတ်ဖြင့်ဆိုကာ ရှိခိုးခြင်းသည် နှုတ်ဖြင့် ရှိခိုးခြင်းမည်၏။

၃။ ဂုဏ်ကျေးဇူးတို စဉ်းစားအောက်မေ့ခြင်း စိတ်ထဲမှ ရှိသေခြင်းသည် စိတ်ဖြင့်ရှိခိုးခြင်းမည်၏။

**တည်ခြင်းငါးပါး**

ယင်းရှိခိုးခြင်းလေးမျိုးတို့တွင် ကိုယ်ဖြင့်ရှိခိုးခြင်း၌ တည်ခြင်း ငါးပါးဖြင့် ရှိခိုးခြင်း၊ လက်အုပ်ချီ၍ ရှိခိုးခြင်းဟူ၍ နှစ်မျိုးရှိပါသည်။ ထိုနှစ်မျိုးတို့တွင်

ဒူးနှစ်ဖက်

တံတောင်ဆစ်နှစ်ဖက်

နဖူး

အားဖြင့် ဤအင်္ဂါငါးပါးတို့ကို မြေပြင်ကြမ်းပြင်စသည်၌ တည်စေလျက် ညွတ်တွားရှိခိုးမှုသည် တည်ခြင်းငါးပါးဖြင့် ရှိခိုးခြင်း မည်၏။

www.burmeseclassic.com

www.burmeseclassic.com



**ထိခြင်းငါးပါး**

ယခုကာလ၌ ယင်းတည်ခြင်းငါးပါး ရှိခိုးနည်းကို ထိခြင်းငါးပါးရှိခိုးနည်းဟု နှုတ်ကျိုးလျက်ရှိပါသည်။ ထိခြင်းငါးပါးဟုဆိုရန် မသင့်ပါ။ တည်ခြင်းငါးပါးရှိခိုးနည်းဟုသာ ဆိုရန်သင့်ပါသည်။ ထိခြင်းဟုဆိုကြသဖြင့် တည်ခြင်းငါးပါးအယူ အလွဲလွဲအချော်ချော် ဖြစ်ကြရပါသည်။

• လူတို့၏ ခန္ဓာကိုယ်သည် အမိဝမ်းခေါင်း၌ ကိန်းအောင်းစဉ် ကာလဝယ် အသားတစ်ကလေးမှ ခက်မငါးဖြာ ပေါ်ထွက်လာပါသည်။

ခက်မငါးဖြာဟူသည်

ခြေနှစ်ဖက်၊ လက်နှစ်ဖက်၊ ဦးခေါင်းဖြစ်ပါသည်။ ထိုခက်မငါးဖြာသည် လူကိုယ်၏အညွန့်သဖွယ် အထွတ်သဖွယ်ဖြစ်ပါသည်။

လူကိုယ်၏ အညွန့်အထွတ်များ အင်္ဂါငါးပါးကို မြေမှာထိကပ်စေသည်အထိ ပျပ်ဝပ်ရှိသေ ညွတ်တွားမှုသည် အလွန်လေးစားသော အမူအရာဖြစ်ပါသည်။ ထို့ကြောင့် 'တည်ခြင်းငါးပါး'ဟူရာ၌ 'ငါးပါး' ဟု အင်္ဂါသရုပ်ကို ထို ၅ ချက်ကို ယူရပေသည်။

မှန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းငါးပါးတွင် ဒူးနှစ်ဖက်မြေသို့ထောက်တည်သော် အောက်ပိုင်းခက်မနှစ်ဖြာ တုပ်ဝပ်ရိုကျိုးခြင်းဖြစ်သွားပါသည်။

တံတောင်ဆစ်နှစ်ဖက် မြေသို့ထောက်တည်သော် အလယ်ခက်မနှစ်ဖြာ နှိမ့်ကျိုးခြင်းကိစ္စပြီးပါသည်။ နဖူးကိုမြေသို့ထိကပ်အောင်တည်ဧပြန်သည်ရှိသော် ညွှတ်တွားပျပ်ဝပ်သော အခြေအနေသို့ရောက်ရှိသွားပါသည်။

ထိုအခါ ယှဉ်ပြိုင်အန်တုခြင်း၊ မာန်မာန၏အမူအရာများဖြစ်သော ခြေတကြွကြွခန့်ခန့်ရပ်ခြင်း၊ လက်ရုံးလက်မောင်းတန်းခြင်း၊ ဦးခေါင်းမော်ခြင်း၊ အရိပ်အယောင်တို့သည် ငြိမ်လျက်နှိမ်ချခြင်း၊ ဂါရဝတရား၊ နိဝါတတရား အမူအရာများ အလွန်ထင်ရှားစွာပေါ်လွင်လာပါသည်။

ထို့ကြောင့် ခြေနှစ်ဖက်အတွက် ဒူးနှစ်ဖက်ကိုလည်းကောင်း လက်နှစ်ဖက်အတွက် တံတောင်နှစ်ဖက်ကိုလည်းကောင်း၊ ဦးခေါင်းအတွက် နဖူးကိုလည်းကောင်း ပဓာနအချက်ကိုင်၍ ယူရခြင်းဖြစ်ပါသည်။

၁။ လက်ချ၊ ဒူးချ၊ တံတောင်ချ၊ နဖူးကိုချ၊ ဦးနှိမ်ရ။
၂။ နဖူးညွှတ်ချ၊ မြေသို့ကျ၊ ငါးဝတည်ခြင်းပြ
၃။ တည်ခြင်းငါးမျိုး၊ တည်ထားရိုး၊ ရှိခိုးဦးနှိမ်ချ။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



## လက်အုပ်ချီမိုးမှု

လက်အုပ်ချီမိုးမှုဟူသည် ရှိခိုးရာသို့ ရှေ့ရှုပြု၍ ရင်ထက်၌ လက်အုပ်ချီခြင်း ထိပ်ထက်၌ လက်အုပ်ချီခြင်းကို ခေါ်ဆိုပါသည်။

'လက်အုပ်'ဆိုသည်ကား လက်ဖဝါးနှစ်ဖက်ကို ကြာငုံပမာ စုအုပ်ထားပါမှ လက်အုပ်ဖြစ်ပါသည်။

ထိုလက်အုပ်သည် လက်သည်း(၁၀)ပွင့်ဖြင့် တင့်တယ်ဝင်းလက်ပြီး ပဒုမ္မာကြာငုံပူးနှင့်တူကြောင်းကို ဗုဒ္ဓဝင်အဋ္ဌကထာ၌ ဆိုပါသည်။ ထိုအဋ္ဌကထာအရ

'ထိုရောကာလ၊ ထိုခဏ၌ ထိုမျှရံဝန်း၊ ထိုရဟန်းတို့၊ ရှိပန်းဖြူးဖြူး ကြာငုံပူးသို့၊ ရှိခိုးပလ္လင်၊ ပူဇော်တင်လျက်'ဟူ၍ ကိုးခန်းပျို့ကဗျာ၌ သီကုံးဖွဲ့ဆိုထားသည်မှာ လက်အုပ်ပန်း၏ သရုပ်ဖော်ပင်ဖြစ်ပါသည်။

## နေရာစွဲကာ ရှိခိုးပါ

လက်အုပ်ချီမိုး၍ ရှိခိုးခြင်း၊ တည်ခြင်းငါးပါးဖြင့် ရှိခိုးခြင်းဟူ၍ ရှိခိုးခြင်း နှစ်မျိုးရှိရာ တည်ခြင်းငါးပါးဖြင့် ရှိခိုးခြင်းကို ဘုရားဖူးရာအခါ ရဟန်းသံဃာတော်များအထံသို့ ဆည်းကပ်ရာခါ၊ တရားတော်ကို နာကြားရာခါ၊ သီလယူရာအခါ၊ ဆရာမိဘတို့ကို ကန်တော့

www.burmeseclassic.com



ရာအခါ စသည်တို့၌ ရှိခိုးရာ၏။

လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခရီးသွားရာအခါဝယ် ဘုရားစေတီများကို ဖူးမြင်ရသော်၊ ရဟန်းသံဃာများကို ဖူးမြင်ရသော် နာမကျန်းဖြစ်နေသော် နေရာကျဉ်းကြပ်ညစ်ပေနေသော် လက်အုပ် ချီမိုးရှိခိုးရာ၏။

## လေးနက်စွာရှိခိုးခြင်း

လေးနက်ထူးခြားသော ရှိခိုးခြင်းဟူ၍ ရှိခိုးခြင်းတစ်မျိုးရှိသေး၏။ ကောဏ္ဍညထေရ်၊ ကောသလမင်း၊ ယသော်ဓရာတို့ ရှိခိုးခြင်းကား အလွန်တရာ လေးနက်လှပေ၏။

ဗုဒ္ဓခြေတော်များကို ဦးခေါင်းနှင့်ထိတိုက်ခြင်း၊ ဆံပင်နှင့်ပွတ်တိုက်ခြင်း၊ လက်ဖြင့်တယုတယဆုပ်နယ်ခြင်း၊ ခြေချောင်းတော်တို့ကို နှုတ်ခမ်းဖြင့်ငုံစုပ်ခြင်း၊ မိမိအမည်ကို အာမေဋိတ်ထုတ်ဖော်ခြင်းဖြင့် ထူးခြားစွာရှိခိုးကြကုန်၏။

## မြတ်စွာရှိခိုးနည်း

သဟမ္ပတိဗြဟ္မာမင်းကြီးသည် ဘုရားရှင်အား ရှိခိုးသောအခါ အပေါ်ရုံတဘက်ရှည်ကြီးကို လက်ကတော့ ထိုးပြီးရောက် လင်္ကာ



www.burmeseclassic.com

www.burmeseclassic.com



ဘက်ဒူးကိုထောက်ကာ လက်ဝဲဘက်ဒူးကို ကြွချီပြီး လက်အုပ်ချီမိုး ရှိခိုးပါသည်။ ၄င်းရှိခိုးနည်းကို လက်အုပ်ချီမိုး ရှိခိုးနည်း၌သာ သွင်းယူထိုက်ပါသည်။

**စေတီရှိခိုးနည်း**

တည်ခြင်းငါးပါးဖြင့် ရှိခိုးခြင်း လက်အုပ်ချီမိုးခြင်း (၂)မျိုး လုံးဖြင့် စေတီတော်အား ရှိခိုးပုံကို သမ္မောအဌကထာ၌ ဤသို့ ပြဆိုထားပါသည်။

၁။ စေတီတော်ကို ဖူးမြင်၍သွားသော် စေတီတော်၏ တံတိုင်း၊ စောင်းတန်း၊ မုခ်ဦးကစ၍ ဘုရားရှင်၏ ဂုဏ်တော်များကို အောက်မေ့ပါ၊ ပွားများပါ၊ ယောဂီ ပုဂ္ဂိုလ်ဖြစ်စေကာမူ ထိုအချိန်၌ မိမိရှုပွားနေသော ကမ္မဋ္ဌာန်းကို ခေတ္တရပ်ဆိုင်းထားရပါမည်။

၂။ စေတီအပေါ်သို့ ရောက်သောအခါ စေတီတော်ငယ်လျှင် ရှစ်မျက်နှာမှထိုင်၍ ရှစ်ကြိမ်တည်ခြင်း ငါးပါးနှင့်အညီ ရှိခိုးပါ။ စေတီတော်ကြီးလျှင် လေးကြိမ်ရှိခိုးပါ။

၃။ ရှိခိုးပြီးသော် စေတီပတ်လည် ရင်ပြင်သို့ လှည့်ပတ် လိုပါက စေတီတော်ကို လက်ယာရစ်ကာ လက်အုပ်



www.burmeseclassic.com

www.burmeseclassic.com



ချိုမိုး ရှိခိုးပြီးလှည့်ပါ။

ဤကား အဋ္ဌကထာ၌လာသော ရှိခိုးနည်းကို ပြလိုက်ခြင်း ဖြစ်ပါသည်။ သို့သော် စာရှုသူတို့ကမူ မိမိနှစ်သက်သလိုပင် တည်ခြင်းငါးပါးနှင့်အညီ ရှိခိုးပြီး လက်အုပ်ချီမိုးရှိခိုးကာ ကြိုက်သလို ဆက်လက်၍ ကြည်ညိုနိုင်ပါသည်။

## ရှိခိုးပြီး ဖဲခွာနည်း

ဘုရားရှင်လက်ထက်တော်အခါက ဘုရားရှင်အား ရှိခိုးပြီးသော် ဖဲခွာပုံကို ထိုပါဠိအဋ္ဌကထာတို့၌ ဤသို့ ပြပါသည်။

၁။ သုံးကြိမ်လက်ယာရစ်လှည့်၍ အရိုအသေပြုပြီးလျှင်

၂။ လက်အုပ်ချီမိုးလျက် နောက်သို့ ၁၂ တောင်ခန့် အထိသွားကာ

၃။ တည်ခြင်းငါးပါးနှင့်အညီ ရှိခိုး၍ ဖဲသွားကြသည်။

ယင်းရှိခိုးနည်းကိုမှီ၍ ယခုခေတ်နှင့်လျော်အောင် ရှိခိုးနည်းကို ညွှန်ပြရသော်

၁။ ရောက်လျှင် တည်ခြင်းငါးပါးနှင့်အညီ ရှိခိုးပါ။

၂။ ပြန်သောအခါ လက်အုပ်ချီမိုးပြီး နောက်ဆုတ်သွားပါ။

၃။ ၁၂ တောင် အတိအကျမဟုတ်ဘဲ နေရာရပ်သို့လိုက်၍



www.burmeseclassic.com

www.burmeseclassic.com



သင့်လျော်ရာမှရပ်၍ မိမိလိုရာသို့ ဖဲခွာသွားပါ။

၄။ ခေတ်ဘုရားဖြစ်မှု လက်ယာရစ်၍ လက်အုပ်ချီမိုးပါ။

ဤသို့ ပြဆိုခဲ့ပြီးသော ရှိခိုးနည်း၊ ဖဲခွာနည်းတို့ကား ဗုဒ္ဓယဉ်ကျေးမှုအနေနှင့် အလွန်တရာ အရေးကြီးလှပါသည်။ အလွန်တရာမှ ရိုသေလေးစားစရာကောင်းသော ရှိခိုးနည်းများဖြစ်ပါသည်။

ရှိခိုးခြင်းမှာ မိမိမှာရှိသော မာန်မာနကို နှိမ်ချခြင်းဖြစ်၍ အမျိုးမြတ်လိုသူ၊ ဂုဏ်ကျက်သရေရှိလိုသူတို့သည် စနစ်တကျ လိုက်နာပြုကျင့်သင့်ပါသည်။ လိုက်နာပြုကျင့်ပါဟု တိုက်တွန်းပါသည်။

ဆောင့်ကြောင့်ထိုင်ခြင်း

ဆောင့်ကြောင့်ထိုင်ခြင်းကို နှစ်မျိုးယူဆကြ၏။ အချို့က လက်ယာဒူးတစ်ချောင်းကို မြေနှင့်ထောက်၍ လက်ဝဲဘက်ဒူးတစ်ချောင်းကိုထောင်ပြီး ပြဟ္မာထိုင်ထိုင်ခြင်းကို ဆောင့်ကြောင့်ထိုင်သည်ဟု ယူဆပါသည်။

အချို့မှုကား

း ယခု အများသိနေသော ထိုင်နေကျဖြစ်သော ဒူးနှစ်ဖက်ကို ထောင်၊ ဒူးပေါ်သို့တံတောင်ဆစ်တင်ကာ လက်နှစ်ဖက်ကိုထောင်၍



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခြင်းကို ခေါင့်ကြောင့်ထိုင်ဟု ယူဆကြပါသည်။

မည်သို့ပင်ယူဆကြစေ မိမိတို့ အမျိုးသားသနာ၏ ယဉ်ကျေးမှုနှင့် လျော်သောထိုင်ခြင်းကို လိုက်နာလက်ခံပြီး ရိုသေစွာ စိတ်ထား၍ ထိုင်ခြင်းသာ ပဓာနဖြစ်ပါသည်။

## တိဗက်တို့ရှိခိုးနည်း

တိဗက်ဗုဒ္ဓဘာသာတို့ကမူကား ပုဆစ်ဒူးနှစ်ဖက် လက်ဖဝါးနှစ်ဖက် နဖူးပြင်တို့ကို မြေပြင် သို့မဟုတ်၊ ကြမ်းပြင်၌ ချထားလျက် ဝပ်တွားရိုကျိုးရှိခိုးခြင်းသည်သာ တည်ခြင်းငါးပါးနှင့်ညီ၏ဟု ယူဆပါသည်။

သို့ဖြစ်၍ တိဗက်လူမျိုးတို့သည် သုမေဓာရှင်ရသေ့ အလျားမှောက်တံတားခေါက်သကဲ့သို့ မဟာဗောဓိစေတီတော်မြတ်ကြီးကို အလျားမှောက်၍ အခေါက်ခေါက်အခါခါ ရှိခိုးကြကုန်၏။

## မာန်နှိမ်ရှိခိုးခြင်း

မည်သို့ပင်ဆိုစေ ရှိခိုးခြင်းကား မာန်မာနကိုနှိမ်ချ၍ အရိုအသေပြုခြင်းဖြစ်ရာ မာန်မာနကျအောင် နှိမ်ချရှိခိုးခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့က ဆောင့်ကြောင့်ထိုင်လျက် ကျုံ့ကျုံ့ထိုင်လျက် လက်အုပ်ကလေးကို မြေမှာမကျ၊ ကြမ်းပြင်မှာမကျဘဲ ရေညောင်ကောင်တမျှ ရှိခိုးကြကုန်၏။

ထိုသို့ရှိခိုးခြင်းသည် တည်ခြင်းငါးပါးနှင့်လည်းမညီ၊ မာန်မာနလည်း ကျဖွယ်မရှိပါ။ သို့ဖြစ်၍ ယခုညွှန်ပြသော ရှိခိုးနည်းများကို သင်ကြား၍ မာန်မာနကျအောင် ရိုသေစွာရှိခိုးတတ်ပါစေ။

## ရဟန္တာကို ရှိခိုးမှု

အို ... စာရှုသူ မိမိသည် ဤမျှရှည်လျားစွာ ရှိခိုးနည်းများကို ရေးသားနေသည်မှာ အကြောင်းရှိသည်ပင်၊ အကြောင်းမရှိမဟုတ်ပါ။ အကြောင်းကား အသို့နည်း။

တစ်ချိန်သော ဆောင်းကာလဖြစ်ခဲ့၏။ ဓမ္မဒေသနာခရီးလှည့်လည်စဉ် မြို့ကြီးတစ်မြို့၌ တရားဟောခိုက် ဒကာတစ်ယောက် ရောက်လာပြီး ဤသို့လျှောက်ထား၏။

"အရှင်ဘုရား၊ ပုထုဇဉ်ရဟန်းက မည်မျှပင် ဝါကြီးသော်လည်း ဝါငယ်သော ရဟန္တာကို ရှိခိုးရတယ်ဆိုတာ ဟုတ်ပါသလား ဘုရား"

"မဟုတ်ပါဘူး ဒကာကြီး"

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရားရဲ့ အမြေတိုလှပါတယ်ဘုရား"

"တိုဆိုရင် ဒကာကြီးက တိုတိုမေးဟာကို တိုတိုပြောရတာ ပေါ့"

"ဒါဖြင့် အရှင်ဘုရား ရဟန်းတော်တွေကို လူ့ရဟန္တာ၊ သာမဏေရဟန္တာ၊ မိန်းမရဟန္တာ၊ ယောကျ်ားရဟန္တာတွေကို ရှိခိုး ရပါသလားဘုရား"

"ရှိမခိုးရပါဘူး"

"တယ်လည်းခက်ပါလားဘုရား"

"ဘာခက်နေတာလဲ ဒကာကြီးရဲ့"

"တပည့်တော်ဆီမှာ ဘုန်းကြီးတစ်ပါးက ဟောနေတာဘုရား ရှိခိုးရမယ်တဲ့"

"နေပါဦးဒကာကြီးရဲ့ အမေးထဲမှာ မိန်းမရဟန္တာ၊ ယောကျ်ား ရဟန္တာတော့ မိန်းမ၊ ယောကျ်ားတွေဟာ တရားအားထုတ်လို့ ရဟန္တာဖြစ်ရင် ဒီနေ့ပဲဘိက္ခုနီမဝတ်ရင်ဝတ်၊ ရဟန်းခံရင်ခံ၊ မခံရင် ပရိနိဗ္ဗာန်စံရော၊ ဒီတော့ မိန်းမရဟန္တာ၊ ယောကျ်ားရဟန္တာရယ်လို့ ဘယ်ရှိတော့မှာလဲ"

"ခက်ပါတယ်ဘုရား"

"ဘာခက်နေတာလဲ ဟိုရွှေကျင်ဆရာတော်ဘုရားကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



သိဿကောဝါဒ စကားပုံ ဆိုးမစာတွေ ရွတ်ပြလိုက်ပါလား”

သလေးနံ့ အဆံမရှိခင် ထောင်သည်။ အဆံပြည့်လျှင် ညွတ်သည်။

ဂါရဝကင်းသူ ဂုဏ်သတင်းမဖြူ နွားစုငုတ်တို့နှင့်တူသည်။

ရဟန္တာသည်

သိက္ခာကြီးသူ ပုထုဇဉ်ကိုသော်လည်း ပြားပြားဝပ်ရှိခိုးသည်။

ရဟန္တာသည်

သိက္ခာငယ်သူကို ရှိမခိုးသော်လည်း အရိုအသေပြုသည်။

အဲဒီ သိဿကောဝါဒ စကားပုံကို ရွတ်ပြလိုက်ပြီးတာပဲ၊ ဒကာကြီးကလည်း ဘာခက်နေရတာလဲ ဘာမှခက်မနေနဲ့။

## ရှိမခိုးအပ်သူ

“ဘုန်းကြီးလည်း ရှိမခိုးအပ်သူတွေကို ရှင်းပြ၊ ရေးပြထားတာပဲတာ ဗုဒ္ဓဓမ္မပြဿနာများ စာအုပ်ကို ပြပေးလိုက်ရင် ပြီးတာပဲ မဟုတ်လား၊ ယခုလည်း ထပ်ရှင်းပြမယ် မှတ်ထားပါ။ မသင့်တော်၍ ရှိမခိုးအပ်သူတွေကတော့

၁။ မှောင်မိုက်ထဲ၌နေသူ

၂။ ယာဂုသောက်နေသူ



www.burmeseclassic.com

www.burmeseclassic.com



၃။ ဆွမ်းစားနေသူ
၄။ ရွာတွင်းဝင်နေသူ
၅။ လမ်းမသွားနေသူ
၆။ အာရုံတစ်ပါးကိုကြံစည်စိတ်ကူးနေသူ
၇။ အိပ်နေသူ
၈။ စားနေဆဲရဟန်း
၉။ ခဲဖွယ်ခဲနေဆဲရဟန်း
၁၀။ အလုပ်ကိစ္စကို အားထုတ်နေဆဲဖြစ်၍ ရှိခိုးသည်ကို နှလုံးမသွင်းနိုင်သူ
၁၁။ ကျင်ကြီးစွန့်နေသူ
၁၂။ ကျင်ငယ်စွန့်နေသူ
၁၃။ ရန်သူဖြစ်သော သဘောမတူသောပုဂ္ဂိုလ်

အဲဒီ ၁၃ ဦးသော ပုဂ္ဂိုလ်တို့အား မသင့်လျော်၍ မလျော်မလျောက်ပတ်၍ ရှိမခိုးအပ်လို့ ဘုရားရှင်ဟောထားပါတယ်။ ဒကာကြီး"

"ပြီးတော့ ရှိခိုးလျှင် ဒုက္ကဋ်အာပတ်သင့်မှာစိုး၍ ရှိမခိုးအပ်သူလည်းရှိသေးတယ်။ အဲဒါလည်း သိထားဖို့ အရေးကြီးပါတယ်။ အဲဒီရှိမခိုးအပ်သူတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



၁။ ပရိဝါသ်နေစဉ် အာပတ်သင့်၍ အရင်းသို့ ထပ်ထိုက်သူ
၂။ မာနတ်ထိုက်သူ
၃။ အဗ္ဘာန်ထိုက်သူ
၄။ ပရိဝါသ်ကျင့်နေသူ
၅။ မာနတ်ကျင့်နေသူ
၆။ ဒုက္ကဋကာ ရဟန်း၏ နောက်လိုက် လဒ္ဓိနာနာ သံဝါသ ကရဟန်းကြီး အခမ္မဝါဒီ။
၇။ ဒုက္ကဋကာ ကံအပြုခံရသော လဒ္ဓိနာနာသံဝါသကရဟန်း
၈။ အဝတ်မပါ ဗလာကိုယ်တည်းနေသူ
၉။ ဝါကြီးသောရဟန်းသည် ဝါငယ်သောရဟန်းကို
၁၀။ ရဟန်းမဟုတ်သူကို
၁၁။ မိန်းမကို
၁၂။ ပဏ္ဍုက်ကို

အဲဒီ ၁၂ ယောက်သော ပုဂ္ဂိုလ်တို့ကို ရှိခိုးလျှင် ရှိခိုးသော ရဟန်းဒုက္ကဋ်အာပတ်သင့်တယ်လို့ ဘုရားဟောထားပါတယ်။ အဲဒီ ကြောင့် ဝါငယ်သော ရဟန္တာအား ဝါကြီးသော ပုထုဇဉ်ရဟန်းက ရှိမခိုးအပ်ပါလို့ မှတ်ပါ။

"မှန်ပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com



**ရှိခိုးအပ်သူ**

"ကဲ ရှိမခိုးအပ်သူတွေ ပြပြီးတော့ ရှိခိုးအပ်သူတွေကို ပြကြပါဦး၊ ရှိခိုးအပ်သူတွေကတော့

၁။ မြတ်စွာဘုရား

၂။ ဥပဇ္ဈာယ်ဆရာ

၃။ ရှင်ပြုပေးသော ဆရာ၊ ရဟန်းပြုပေးသော ကမ္မဝါစာဆရာ၊ မှီ၍နေရာနိဿယရည်းဆရာ စာသင်ပေးသော ဓမ္မာစရိယ၊ ဆုံးမသောဩဝါဒစရိယ

၄။ သိတင်းကြီး၊ ဝါကြီးသောရဟန်း

၅။ ဓမ္မကိုဆိုလေ့ရှိသော နာနာသံဝါသကရဟန်း

ဤငါးပါးသော ပုဂ္ဂိုလ်တို့ကို ရှိခိုးအပ်၊ ရှိခိုးထိုက်တယ်လို့ ဘုရားရှင် ဟောထားပါတယ်။ အဲဒီ ငါးပါးထဲမှာ ဝါကြီးသောရဟန်းကို ရှိခိုးရမယ်ဆိုတော့ ဝါငယ်သောရဟန္တာပုဂ္ဂိုလ်သည် ဝါကြီးသော ပုထုဇဉ်ရဟန်းကို ရှိခိုးရမယ်လို့မှတ်နော်။

"မှန်ပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



## ခြွင်းချန်ချက်

အင်း ... ဒီနေရာမှာ ခြွင်းချန်ချက်အနည်းငယ်မှတ်ဖို့ ရှိပါတယ်။ ရှိုးအပ်သူတို့တွင် 'စာသင်ပေးသောဆရာ၊ မှီခို၍နေရာ နိဿရည်းဆရာတို့သည် မိမိအောက်ငယ်သူတို့လည်း ဖြစ်တတ်ပါတယ်။ ကြီးသူတို့လည်း ဖြစ်တတ်ပါတယ်။

ထို့ကြောင့် ထိုဆရာနှစ်ပါးကို သိတင်းကြီး၊ ဝါကြီးတို့ ဖြစ်ပါမှ ရှိုးအပ်ဇော်ဟု 'ဝိမတိ'၌ ဆိုပါသည်။

အဲဒီအရာမှာ ဆရာအား ငါငယ်သော်လည်း ရှိုးကောင်း တယ်လို့ အယူရှိတတ်ပါတယ်။ မဟုတ်ပါ၊ ငယ်သောနိဿရည်း ဆရာအထံ၌ နိဿရည်းယူသောအခါ ဆောင့်ကြောင့်ထိုင် လက်အုပ် ချီ၍ ယူပါကု မဟာဝါအဋ္ဌကထာ၌ ဆိုပါတယ်။

ငယ်သော စာသင်ပေးသော စာချဆရာကိုလည်း ကြီးသော တပည့်က ဆောင့်ကြောင့်ထိုင် လက်အုပ်ချီရှံ့မျှချီ၍ အများထိုင်သလို ထိုင်ကာ စာသင်နိုင်ပါတယ်။

## ရှိုးနည်း

ဘုရားရှင်သည် အရှင်ဥပါလိအား ချစ်သားဥပါလိ၊ သိတင်း ကြီးဝါကြီးသော ရဟန်း၏ ခြေတို့ကို ရှိုးသော သိတင်းငယ်



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းသည်

၁။ လက်ဝဲဘက်ပခုံးထက်၌ ကိုယ်ရုံတင်၍

၂။ လက်အုပ်ချီ၍

၃။ လက်ဝါးပြင်နှစ်ဖက်တို့ဖြင့် ခြေတို့ကိုဆုပ်နယ်၍

၄။ ချစ်ခင်ကြည်ညိုခြင်း ပေမကိုလည်းကောင်း

၅။ ရိုသေလေးမြတ်ခြင်း ဂါရဝကိုလည်းကောင်း

မိမိအတွင်း အဇ္ဈတ္တသန္တာန်၌ဖြစ်စေ၍ ရှိခိုးအပ်ဟု ဟောကြားတော်မူခဲ့ပါသည်။

အဲဒီအရှင် ဥပါလိအား ဟောကြားသောအရာ၌ မြတ်စွာဘုရားသည် အရှင်ဥပါလိအား ရှိခိုးနည်းကိုလည်း ဟောပါတယ်။ တည်ခြင်း ငါးပါးသရုပ်ကိုလည်း ဟောပါတယ်။

ရှိခိုးနည်းဟောပုံကို သိတင်းကြီး၏ ခြေတို့ကို ရှိခိုးသော ရဟန်းသည် ပခုံးနှစ်ဘက်တို့ကို ဖွင့်၍လည်း ရှိမခိုးအပ်၊ ပခုံး တစ်ဖက်၌ ကိုယ်ရုံကိုတင်၍ ရှိခိုးအပ်၏ဟု ဟောပါသည်။

လက်သည်း ၁၀ ခု ပေါင်းစုအရောင်၊ တောက်ပြောင်သော လက်အုပ်ချီလျက်သာ ရှိခိုးအပ်၏။ လက်ဝါးပြင်ကိုပြခြင်း လက်သီး ဆုပ်ကိုပြခြင်း စသည်ဖြင့် ရှိမခိုးအပ်ဟု ဟောပါသည်။

လက်တစ်ဖက်ဖြင့်လည်းကောင်း၊ သက်န်းစွန်းဖြင့်လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့်လည်းကောင်း ရှိမခိုးအပ်၊ နှစ်ဖက်သော လက်ဝါးပြင်တို့ဖြင့် ခြေတို့ကို ဆုပ်နယ်၍ ရှိခိုးအပ်ဟုပြပါသည်။

အဲဒီလို ရှိခိုးသောအခါမှာလည်း ဖြစ်မှားလိုသော စိတ်ကိုလည်းကောင်း၊ မရှိသေခြင်းကိုလည်းကောင်း ဖြစ်စေ၍ ရှိခိုးရသည် မဟုတ်ပါ။ ချစ်မြတ်နိုးခြင်းကိုလည်းကောင်း၊ ရိုသေမြတ်နိုးခြင်းကိုလည်းကောင်းဖြစ်စေ၍ ရှိခိုးအပ်သည်။

(ဓမ္မဒူတ အရှင်ပညာဇောတ)
ဗုဒ္ဓဓမ္မပြဿနာများ၊ ဒုတိယတွဲ

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

ဘာကိုပဲ ပြုလုပ်ပြုလုပ်

စေတနာကောင်းဖြင့် ပြုလုပ်ပါ။

စေတနာဆိုးနဲ့အလုပ်၊ လုပ်နေတဲ့သူဟာ

စိတ်ဓာတ်အဆင့်အတန်းလည်းနိမ့်ကျတယ်

ဘဝအဆင့်အတန်းလည်း မမြင့်မားဘူး



www.burmeseclassic.com

www.burmeseclassic.com

# သင်္ကန်းအဓိပ္ပါယ်

ရသေ့တို့၏အဝတ်ထက် ပိုမိုပြီးမြင့်မြတ်တဲ့အတွက် သင်္ကန်းတု ခေါ်ပါတယ်။ သင်္ကန်းဆိုတာ

၁။ တန်ဖိုးပျက်ခြင်း (အပိုင်းပိုင်းဖြတ်ထားလို့)

၂။ နူးညံ့မှုပျက်ခြင်း (စပ်ပြီးချုပ်ထားလို့)

၃။ အရောင်အဆင်းပျက်ခြင်း (သစ်ခေါက်ဆေးနဲ့ဆိုးထားရလို့)ဆိုတဲ့ ပျက်ထားဟာသုံးမျိုးရှိခြင်းကြောင့်လည်း

သင်္ကန်းကိုပင် 'ဘိန္နပဋ'တု ခေါ်ပါတယ်။

ဒါ့အပြင်၊

ရဟန္တာအရှင်မြတ်များရဲ့ အလံတံခွန်နှင့်တူသောကြောင့် သင်္ကန်းကို 'အရဟဒ္ဓဇ'လို့လည်း ခေါ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သာမန်အားဖြင့် သိထားကြရတာကတော့ ရှင်သာမဏေ ရဟန်းတော်များကို ဝတ်ရုံသောအဝတ်ကိုပင် သင်္ကန်းဟုခေါ်ပါတယ်။

သင်္ကန်းရဲ့တန်ဖိုးဟာ မြင့်မားလွန်းတော့ လူပုဂ္ဂိုလ်တွေ အနေဖြင့် (လူဝတ်ကြောင်ဘဝဖြင့်) သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရိယာအဆင့်ရောက်နေစေဦးတော့ သာမန်ကိုရင်တစ်ပါး ကိုပင် ရှိခိုးသင့်ပါတယ်။

(သုတ္တနိ၊ ဋ္ဌ- ၁၂၆၁)

လူဝတ်ကြောင် ရဟန္တာများအနေကတော့ ရဟန္တာဖြစ်ပြီး တာနဲ့ ပရိနိဗ္ဗာန်စံရင်စံ၊ မခံရင် သင်္ကန်းဝတ်ရပါတယ်။

ဒါကြောင့်

သင်္ကန်းဟာ (အဝတ်ဖြစ်စေဦးတော့) တန်ဖိုးမြင့်မားတယ် ဆိုတာပါပဲ။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

မရင့်ကျက်သေးတဲ့သူတွေက

သူတစ်ပါးကြောင့်

ကိုယ့်စိတ်ချမ်းသာမှုကို

ခမျှာ်လင့်တယ်။

ရင့်ကျက်သွားတဲ့သူတွေက

ကိုယ်လုပ်ရပ်ကြောင့်

ကိုယ့်စိတ်ချမ်းသာမှုကို

မျှော်လင့်တယ်။





www.burmeseclassic.com

www.burmeseclassic.com

# ဆွမ်းကပ်ပြီးမှ ကိုင်သင့် မကိုင်သင့်

ရဟန်းတော်များကို ဆွမ်းကပ်ပြီးတဲ့အခါတိုင်း 'ဟဲ့ သွား မကိုင်ရဘူး"ဆိုတဲ့ တားမြစ်သံတွေကို ခဏခဏ မြင်ဖူး၊ ကြားဖူးပါတယ်။

တစ်ခါတစ်လေ ဆွမ်းဘုန်းပေးနေစဉ် ဆွမ်းဟင်းထည့်ဖို့တောင်မှ အခက်အခဲဖြစ်နေတာလည်း တွေ့ဖူးပါတယ်။ ရဟန်းတော်တွေဆိုတာ မိမိပစ္စည်းကိုတောင်မှ လူ၊ သာမဏေတို့က ကပ်ပြီးမှ သုံးဆောင်ရတာပါ။

ဒီတော့

အထက်ပါပြောဆိုချက်တွေဟာ မှန်သလား၊ မှားသလား ဆိုတာကို ခွဲခြားပြီး သိစေဖို့ ဆွမ်းကပ်ရာမှာ အကပ်မြောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါ(၅)ပါးကို ဖော်ပြပါရစေ။

၁။ ကပ်မယ့် ဒကာ၊ ဒကာမတွေဟာ သံဃာတော်ကို ကပ်လှူမယ့် ပစ္စည်းဝတ္ထုကို ဦးစွာရွေးရှုယူဆောင်၍ လာရမယ်။ ပြီးပါက ကပ်လှူမယ့်ပစ္စည်းကို လက်ဖြင့် ရှေ့တိုးပေးကာ ဆက်ကပ်လှူဒါန်းရမှာ ဖြစ်ပါတယ်။ အကယ်၍ ကပ်လှူမည့်ပစ္စည်းဟာ ဦးခေါင်းပေါ်မှာ ရွက်ထားတဲ့ လှူဖွယ်ဖြစ်ပါက ဦးခေါင်းကို အနည်းငယ် ဆောင်းပေးပြီး လှူဒါန်းရမှာ ဖြစ်ပါတယ်။

၂။ အလှူခံသံဃာတော်နှင့် လှူဒါန်းဆပ်ကပ်သည့် သာမဏေ၊ လူတွေဟာ အကွာအဝေးအားဖြင့် နှစ်တောင် တစ်ထွာ (၄၅ လက်မ)အတွင်း ရှိနေသင့်ပါတယ်။

၃။ ဝတ္ထုပစ္စည်းဟာ သာမန်လူမြှောက်ချီမနိုင်သော ဝတ္ထုပစ္စည်း ဖြစ်သင့်ပါတယ်။

အကယ်၍ စားသောက်ဆိုင်ကြီးများကဲ့သို့ စားပွဲခုံ အကြီးကြီးများ ဖြစ်ပါက (အလွန်လေးတော့) ခုံကို မမြှောက်ဘဲ ဟင်းခွက်တစ်ခုခြင်း ကပ်သင့်ပါတယ်။

၄။ ဆပ်သူနှင့် အကပ်ခံရသူ ရဟန်းဟာ နှစ်တောင် တစ်ထွာအတွင်းရှိပြီး ကြားကွင် နံရံတံတိုင်း စသည်



www.burmeseclassic.com

www.burmeseclassic.com



ခြားနေပါက ကိုယ်ထိလက်ရောက် မကပ်နိုင်တဲ့ အလွန်ခက်ခဲသော အခြေအနေမျိုး ဖြစ်နေပါက ပစ်မြောက်၍ ကပ်နိုင်ပါတယ်။

၅။ ကိုယ်ရဲ့ အစိတ်အပိုင်း၊ လက်စသည်ဖြင့်ဖြစ်စေ ကိုယ်နှင့်ထိစပ်နေသော ကိုင်ထားသည့်ခွက်၊ ဇုတ်၊ ခုံ စသည်ဖြင့် ခံ၍ ထိ၍ဖြစ်စေ၊ ထို (၂)မျိုးတွင် တစ်မျိုးမျိုးဖြင့် အကပ်ခံ သော်ရဟန်းက ခံယူနိုင် ပါတယ်။

နှစ်တောင်တစ်ထွာအတွင်း နောက်ထပ် ဝတ်စုံတစ်ရာ လာကပ်ခဲ့သော (ဆွမ်း၊ ဆွမ်းဟင်းကပ်လိုက်သော်) အကပ်ခံ သံဃာတော်နှင့် (ခုံ)ထိစပ်နေပါကလည်း အကပ်မြောက်ပါတယ်။

ဒါက အကပ်မြောက်ကြောင်းပါ။

အကပ်ပျက်ကြောင်းတွေကတော့

၁။ အကပ်ခံထားသော စားဖွယ်ကို မစားတော့ဟု စွန့် လိုက်ပါက အကပ်ပျက်ပါတယ်။ အဲဒီမှာလည်း ရဟန်းလက်က စွန့်လိုက်မှသာ အကပ်ပျက်တာပါ။

၂။ လှူထွက်ရင်လည်း အကပ်ပျက်တယ်။

၃။ သူတစ်ပါးကိုပေးလိုက်ရင်လည်း အကပ်ပျက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



၄။ တစ်ယောက်ယောက်လုယူရင်လည်း အကပ်ပျက်ပါတယ်။

၅။ ဆွမ်းစားရင်းသေရင်လည်း အကပ်ပျက်တယ်။

၆။ လိင်ဖောက်ပြန်ရင်လည်း အကပ်ပျက်ပါတယ်။

ဒီတော့

ဆွမ်းကပ်ပြီးထပ်ကိုင်ရုံနဲ့ အကပ်မပျက်ပါဘူး။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပြီးရင်ပျက်မယ်လို့

ဘုရားရှင်ကဟောထားပြီးပြီပဲ

ဘာကြောင့်များ

ခွဲခွာခြင်း၊ ပျက်စီးခြင်း

ထိခိုက်ခြင်း၊ မတည်မြဲခြင်းတွေကို

လိုက်ခံစားနေတာလဲ?



www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းကံဆိုတာ အလိုအလျောက်ရှိတာလား

ဘုန်းကံဆိုတာ အလိုအလျောက် ပေါ်ပေါက်လာတာတော့ မဟုတ်ပါဘူး။ မိမိအတိတ်ဘဝက ပြုလုပ်ခဲ့သော ကုသိုလ်ကံကြောင့်လည်း ပေါ်ပေါက်လာပါတယ်။ ယခုလက်ရှိဘဝ ပြုလုပ်သော ကုသိုလ်ကံကြောင့်လည်း ပေါ်ပေါက်လာပါသည်။

အနည်းငယ် ရှင်းပြပါရစေ။

အတိတ်ဘဝကံကြောင့် ဘုန်းကံပေါ်ပေါက်လာသူတွေ အများကြီးထဲက ဂေါတမမြတ်စွာဘုရားလက်ထက်တော်မှာ ဇမ္ဗူဒိပ်ကျွန်းတစ်ခုလုံးဝယ် ကျော်စောသတင်းရှိသော ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ကာကဝလိယနှင့် ပုဏ္ဏကတို့ သူဌေးကြီးငါးဦးအကြောင်း ပြောပါရစေ။



www.burmeseclassic.com

www.burmeseclassic.com



ဇင်္ဂိလသူဌေးကြီးသည် အတိတ်က ကဿပမြတ်စွာဘုရား၏ ဓာတ်တော်စေတီဌာပနာတိုက်တွင် တစ်ထွာစီမြင့်သော ရွှေပန်းခိုင် သုံးခုကို လှူဒါန်းပြီး ထိုစေတီ၌ ရွှေကာစ်ဖျာစာ မလောက်မင ဖြစ်နေသည်ကို လှူဒါန်းပူဇော်ခဲ့သည့်ကောင်းမှုကြောင့် ဇင်္ဂိလသူဌေး ဘဝတွင် အိမ်တံခါးတွင် အတောင်ရှစ်ဆယ်မြင့်သော ရွှေတောင်ကြီး ပေါက်လာ၏။

ဇောတိကသူဌေးကြီးသည် ဝိပဿီမြတ်စွာဘုရားလက်ထပ် တော်တွင် ဗန္ဓုမပတီပြည်၌ အပရာဇိတအမည်ဖြင့် သူကြွယ်ဖြစ်ခဲ့၏။ ထိုသူကြွယ်သည် ဝိပဿီဘုရားရှင် သီတင်းသုံးရန် ဂန္ဓကုဋိတိုက်ကို ရတနာခုနစ်ပါးဖြင့် ထူးထူးခြားခြား တည်ဆောက်လှူဒါန်းခဲ့၏။

ဤကုသိုလ်ကံကြောင့် ဇောတိကသူဌေးဘဝတွင် သူနေထိုင်ရန် ရတနာ့ဗိမာန်ကြီး မြေမှပေါက်လာရ၏။

အပရာဇိတသူကြွယ်သည် တူတော်စပ်သည့်သူဌေးမှ ဝိပဿီ မြတ်စွာဘုရားနှင့် သံဃာတော်များ စည်းဝေးရန် ဆိတ်ရုပ်ခံ ဇရပ် တစ်ဆောင်ကို ရတနာခုနစ်ပါးဖြင့် မွမ်းမံတည်ဆောက်ခဲ့၏။

မေဏ္ဍကသူဌေးကြီးဘဝဖြစ်လာသည့်အခါမှာတော့ မြေပြင် တွင် ဆင်ကြီးမြင်းကြီးအရွယ်မျှရှိသော ရွှေဆိတ်ရုပ်များ ကျောချင်း ထိကာ ပေါ်ပေါက်ကြ၏။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအချက်များသည် မိမိအတိတ်ဘဝက ပြုလုပ်ခဲ့သော ကုသိုလ်ကံ၏ ဘုန်းကံများပင် ဖြစ်ပါသည်။

ဘုန်းကံသည် ယခုဘဝနှင့်လည်း ဆိုင်ပါသည်။

ဘုန်းကံနဲ့ပတ်သက်လို့ တောင်မြို့မဟာဂန္ဓာရုံဆရာတော် ဘုရားကြီးက 'ဘုန်းကံဆိုတာ ရှေးကပါခဲ့ပေမဲ့ ယခုဘဝကြိုးစားမှု ကလည်း ရှိရတယ်။ စင်စစ်တော့ ကံဆိုတာ ရေလာမြောင်းပေး လုပ်မှုလည်း ကောင်းကျိုးရှိရာ ကောင်းကျိုးလာပြီး မကောင်းကျိုး ရှိရာ မကောင်းကျိုးလာမှာ' ဟု မိန့်ပူးပါသည်။

မြတ်စွာဘုရားရှင် ကုဋေရှစ်ဆယ်ကြွယ်ဝချမ်းသာတဲ့ မဟာဓန သူဌေး ခွက်လက်ဆွဲ တောင်းစားနေတာကိုကြည့်ပြီး ဒီသူဌေးသည် ပဌမအရွယ်မှာ တရားအားထုတ်ရင် ရဟန္တာဖြစ်နိုင်တယ်။ ဒုတိယ အရွယ်မှာ တရားအားထုတ်ရင် အနာဂမ်၊ တတိယအရွယ်မှာ တရား အားထုတ်ရင် သကဒါဂါမ်ဖြစ်နိုင်တယ်လို့ မိန့်ကြားခဲ့တာကိုလည်း သတိမူသင့်ပါတယ်။

ဒီနေရာမှာ ဘုန်းကံဆိုတာ ရှေးဘဝ နောက်ဘဝနဲ့ဆိုင်တာကို ယေိတဲ့လူတွေသုံးတဲ့ စကားပုံလေး ဗဟုသုတအဖြစ် ပြောလိုက် ပါရစေ။ ဘာကြောင့်လဲဆိုတော့ တချို့လူတွေ အကုသိုလ်လုပ်ပြီး ဘာကြောင့်ကြီးပွားနေတာလဲ အမေးခံရလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



'ဗောဓိပင်ပျိုးလို ခြေကျိုးရ၊ ဗောဓိကိုင်းချိုးလို့ ရွှေအိုးရ' ဟူသော စကားလေးကြားဖူးမယ်ထင်ပါတယ်။

တကယ်တော့ ဗောဓိပင်ပျိုးလို့ ခြေကျိုးတာမဟုတ်ပါဘူး။ ဗောဓိပင်ပျိုးသူဟာ သေရမယ့်ကံပါလာသော်လည်း ဗောဓိပင်ပျိုးလိုက်သော ကုသိုလ်ကောင်းမှုကြောင့် သေရမယ့်ကံကလွတ်ပြီး ခြေကျိုးတာကို ဆိုလိုတာပါ။

ထို့အတူပါပဲ။

ရွှေအိုးပေါင်းများစွာ ရရှိမည့်ကံပါသော်လည်း ဗောဓိကိုင်းကျိုးသော အကုသိုလ်ကံကြောင့် ရွှေအိုးတစ်အိုးသာ ရရှိတာကို ဆိုလိုတာပါ။

အဲကို သဘောမပေါက်ဘဲ အကုသိုလ်လုပ်လည်း ကြီးပွားတာပဲလို့ တွေးရင်တော့ မှားယွင်းသောအသိဉာဏ်ဖြစ်သွားပါပြီ။

အရှင်ဝိစက္ခဏာ (မဟာလယ်တီ)

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

'ယောနိသော မနသိကာရ'ဆိုတဲ့
စိတ်ထားတတ်တဲ့သူဆိုတာ
သူတစ်ပါးတွေကြောင့်လည်း
ကိုယ်နှုတ်၊ စိတ်၊ မဆင်းရဲသလို
ကိုယ့်ကြောင့်လည်း
သူတစ်ပါးတွေ
ကိုယ်နှုတ်စိတ် မဆင်းရဲပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

# သာသနာတည်ကြောင်းများ

ဘုရားသာသနာ နှစ်ပေါင်းဘယ်လောက်ကြာအောင် တည်ရှိမည်၊ ဘယ်လောက်ကြာရင် ကွယ်ပျောက်မည်နှင့် ပတ်သက်လာပါ၍ တချို့တွေက ကိန်းဂဏန်းတွေ ချပြပါတယ်။

ဘယ်လိုပင် ပြောနေကြပါစေ။ ဒါတွေက ပြည့်စုံသော အကြောင်းတရားတွေ မဟုတ်ပါဘူး။

မြတ်စွာဘုရားရှင်က အင်္ဂုတ္တိုရ်မှာ ဘာသာသနာတည်ခြင်း အကြောင်းရင်းများကို ဖွင့်ပြထားပါတယ်။ အဲဒါတွေကတော့

၁။ ရဟန်းများ တရားကိုရိုသေစွာနာခြင်း

၂။ တရား (စာပေကျမ်းဂန်များ)ကို ရိုသေစွာ(ကောင်းစွာ သင်ယူခြင်း

၃။ တရား(စာပေ)ကို နှုတ်တက်အာရုံဆောင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



၄။ နှုတ်တတ်အာရုံဆောင်ထားသော တရား(စာပေကျမ်းဂန်များအနက်အဓိပ္ပါယ်)ကို ကောင်းစွာဉာဏ်ဖြင့် စူးစမ်းဆင်ခြင်ခြင်း (အနက်အဓိပ္ပါယ်ကို သိအောင်ပြုခြင်း)

၅။ အနက်သဘောကိုသိ၍ တရားသဘောကိုသိ၍ (လောကုတ္တရာ) တရားအားလျော်သော အကျင့်ကို ကောင်းစွာကျင့်ခြင်း (ပဋိပတ်ကို ကောင်းစွာကျင့်ခြင်း)

၆။ စာပေကျမ်းဂန်တို့ကို သင်ယူခြင်း

၇။ သင်ယူပြီးသော တရား(စာပေကျမ်းဂန်)ကို အကျယ်အားဖြင့် ဟောကြားခြင်း

၈။ အကျယ်အားဖြင့် ပို့ချခြင်း

၉။ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း

၁၀။ သင်ယူပြီးသော တရားကို စိတ်ဖြင့်အဖန်ဖန်ကြံစည်ဆင်ခြင်သုံးသပ်ခြင်း။

၁၁။ မှန်ကန်သော ပုဒ်၊ ပါဠိ၊ အက္ခရာများကို လေ့ကျင့်သင်ကြားခြင်း

၁၂။ ဆရာသမားတို့၏ အဆုံးအမကို ကောင်းစွာနာယူခြင်း။



www.burmeseclassic.com

www.burmeseclassic.com



၁၃။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များကို ကောင်းစွာပို့ချခြင်း။

၁၄။ ပစ္စည်းလေးပါး ပေါ်များရန် မကြံဖန်ကြဘဲ ရှာနိ၊ မဂ်၊ ဖိုလ်ကိုရ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုကြရန်သာ အားထုတ်ခြင်း။

၁၅။ သံဃာအချင်းချင်းညီညွတ်ခြင်းတို့ပါပဲ။

မြတ်စွာဘုရား သာသနာတော်အတွင်းမှာ ရှိကြတဲ့ ရဟန်းသံဃာတော်များအနေဖြင့် အထက်ပါအင်္ဂါရပ်များနဲ့ ညီညွတ်စွာနေသမျှ ကာလပတ်လုံး သာသနာတော်ကြီးဟာ တည်ရှိနေမှာဖြစ်ပါတယ်။

ဒီလိုမဟုတ်ဘဲ။

အထက်ပါအချက်တွေကို အလေးမထားဘဲ နေချင်သလိုနေကြမယ်ဆိုရင် သာသနာဟာလည်း ကွယ်သွားမှာ ဖြစ်တယ်ဆိုတာပါပဲ။

# အရှင်သောဘိတ(မွေ့ရတာနာ)

www.burmeseclassic.com